# ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဂျာနယ်

## Environmental Conservation and Forestry Journal

၂၀၁၅ခုနှစ်၊ မတ်လ


21 March
International Day of Forests

# ၂၀၁၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနား






"သစ်တော၊ ရာသီဥတု၊ ပြောင်းလဲမှု" ဆောင်ပုဒ်ဖြင့် ၂၀၁၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အခမ်းအနားကို (၂၁-၃-၂၀၁၅)ရက်နေ့ နံနက်(၉)နာရီတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)တို့မှ ဌာနေကိုယ်စားလှယ်များ၊ အငြိမ်းစားသစ်တောအရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဆုရရှိသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း က အဖွင့်အမှာစကား ပြောကြားပါသည်။


စာမျက်နှာ - ၄ သို့


ရတနာသစ်တော ၊ ပြည်သွေးကြော သစ်တောရတနာ ၊ ထိန်းသိမ်းပါ ။

## ၂၀၁၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သတင်းအမှာစကား

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့သည် သစ်တောအမျိုးအစားအားလုံးနှင့် သစ်တောပြင်ပမှာရှိသည့် သစ်ပင်များ၏အရေးပါပုံအပေါ် အသိအမြင်နိုးကြားလာမှုမြင့်တင်ရန် ရည်ညွှန်းပါသည်။ ဒေသခံလူမျိုးစုများ၏ ယဉ်ကျေးမှုစလေ့ထုံးတမ်း ၂၀၀၀ ကျော်အပါအဝင် လူပေါင်းသန်း (၁၆၀၀)ခန့်သည် အစားအစာ၊ လောင်စာလိုအပ်ချက်၊ နားခိုနေထိုင်ရန်နေရာနှင့် ဝင်ငွေအတွက် သစ်တောများအပေါ်မှာမှီခိုရပ်တည်နေပါသည်။ ရေချိုအရင်းအမြစ်များ၏ လေးပုံသုံးပုံသည် ရေဝေရေလဲသစ်တောများမှရရှိပါသည်။ သစ်တောများသည် မြေပြိုမှုနှင့် မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးပြီး ဒီရေတောများအနေဖြင့် ဆူနာမီကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်သည့် အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများကို လျှော့ချပေးပါသည်။

အထက်ပါအကြောင်းအရင်းများနှင့်အတူ အခြားအကြောင်းအရင်းများစွာအတွက် သစ်တောများသည် ၂၀၁၅ ခုနှစ်နောက်ပိုင်း ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များတွင် အစိတ်အပိုင်း တစ်ခုအနေနှင့် ပေါင်းစပ်ပါဝင်လာပါသည်။ သစ်တောများ၏ အရေးကြီးလုပ်ငန်းတာဝန်များထဲမှ တစ်ခုမှာ ရာသီဥတုတည်ငြိမ်ကောင်းမွန်မှု အဝန်းအဝိုင်းကို တည်ဆောက်ပေးသည့် အခန်းကဏ္ဍပင် ဖြစ်ပါသည်။

သစ်တောများထာဝစဉ် ရှင်သန်မှု၊ ရာသီဥတုပြောင်းလဲမှုလျှော့ချခြင်းနှင့် လိုက်လျောညီထွေပြုပြင်နေထိုင်နိုင်မှုတို့သည် ဒင်္ဂါးပြားတစ်ခု၏ ခေါင်းနှင့် ပန်းပင်ဖြစ်ပါသည်။ သစ်တောများသည် သမုဒ္ဒရာများ၏နောက်တွင် အကြီးမားဆုံး ကာဗွန်သိုလှောင်ရာနေရာဖြစ်ပါသည်။ သစ်တောသစ်ပင်များ၏ ဇီဝဒြပ်ထု၊ မြေဆီလွှာနှင့် အခြားအစိတ်အပိုင်းများတွင် သိုလှောင်ထားသော ကာဗွန်ပမာဏသည် ယခုရာစုနှစ် ပထမတစ်ဝက်တွင် ထုတ်လွှတ်သောကာဗွန်ပမာဏ၏ ၁၀%နှင့်ညီမျှပါသည်။ တစ်ချိန်တည်းမှာပင် သစ်တောပြုန်းတီးမှုနှင့် မြေအသုံးချမှုများပြောင်းလဲခြင်းသည် လူသားတို့ လုပ်ဆောင်ချက်ကြောင့်ထွက်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုပမာဏ၏ ၁၇%ရှိနေပါသည်။

သစ်တောများသည် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရာတွင် ရှေ့တန်းမှပါဝင်နေပါသည်။ ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှု အခြေအနေများသည် ရာသီဥတု၊ အပူချိန်နှင့် မိုးရွာသွန်းမှုပုံစံများပြောင်းလဲမှုကြောင့် ပိုမိုထိခိုက်လွယ်လာပါသည်။ ထို့ကြောင့် သစ်တောများအား ကာကွယ်ထိန်းသိမ်းခြင်းနှင့် စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ခြင်းအတွက် ကျွန်ုပ်တို့လုပ်ဆောင်ကြရန်မှာ မရှိမဖြစ်လိုအပ်လာပါသည်။

သစ်တောများ၏ဂေဟစနစ်၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများရှိနေသော်လည်း ကမ္ဘာ့သစ်တောပြုန်းတီးမှုသည် ထိတ်လန့်တုန်လှုပ်ဖွယ် ဆက်လက်ဖြစ်ပေါ်နေပြီး ကမ္ဘာတစ်ဝှမ်းနှစ်စဉ် သစ်တောဟက်တာ(၁၃)သန်းခန့် ပျက်စီးပြုန်းတီးနေပါသည်။ ယခုအခြေအနေသည် ကမ္ဘာကြီးနှင့် လူသားအားလုံးအတွက် စဉ်ဆက်မပြတ်တည်ရှိနေနိုင်မည့် အခြေအနေမဟုတ်ပါ။ သို့သော်လည်း အပြုသဘောဆောင်သည့် လက္ခဏာအချို့လည်းရှိနေပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ကမ္ဘာ့သစ်တောပြုန်းတီးမှုနှုန်းသည် ၂၀ % နီးပါးကျဆင်းခဲ့ပြီး အဆိုပါအချက်သည်ပင် လက်ရှိလမ်းကြောင်းများကို ပြောင်းပြန်ပြန်လှန်ရန်အတွက် အခွင့်အလမ်းများရှိနေသည်ကို ဖော်ပြနေပါသည်။

လူသားအားလုံးအတွက် ထာဝစဉ်တည်တံ့ပြီး ရာသီဥတုတည်ငြိမ်ကောင်းမွန်သည့် အနာဂတ်ကို တည်ဆောက်ရန်အတွက် ကျွန်ုပ်တို့အနေဖြင့် ကမ္ဘာ့သစ်တောများအပေါ်တွင် အလေးထားရင်းနှီးမြှုပ်နှံကြရမှာဖြစ်ပါသည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်းပြီး အမြင့်ဆုံးအဆင့်များတွင် နိုင်ငံရေးကတိကဝတ်များ၊ ပိုမိုကောင်းမွန်သည့် မူဝါဒနည်းလမ်းများ၊ ထိရောက်သော ဥပဒေကြောင်းအရ တွန်းအားပေးမှု၊ ဆန်းသစ်သောပူးပေါင်းဆောင်ရွက်မှုများနှင့် ရန်ပုံငွေများစသည်တို့ကို ရယူဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့တွင် သစ်တောပြုန်းတီးမှုလျှော့ချရန်၊ သစ်တောများ ထာဝစဉ်တည်တံ့ရှင်သန်နေစေရန်နှင့် လူသားအားလုံးအတွက် ရာသီဥတုတည်ငြိမ်ကောင်းမွန်သည့် အနာဂတ်တစ်ခုပန်တီးရန် ကျွန်ုပ်တို့အားလုံးကတိကဝတ်ပြုကြပါစို့။

ဒို့တာဝန်အရေး (၃) ပါး

- ❊ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ❊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ❊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ် တည်ငြိမ်ရေးနှင့် ဂေဟစနစ်များ မျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက် ပန်းတိုင်များအား ပြည့်မီစွာ ဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသော အချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) ကာကွယ်ခြင်း

**ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ကာကွယ်ရမည်။**

(၂) ထာဝစဉ်တည်တံ့စေခြင်း

**သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သောအကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။**

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း

**ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များဖြည့်ဆည်းပေးရမည်။**

(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း

**သစ်တောသယံဇာတများမှ ရရှိနိုင်သည့်စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။**

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

**သစ်တောများပြုစု ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်။**

(၆) ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်စေခြင်း

**နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။**

# မာတိကာ

**ဖျက်နှာဖုံး**

➤အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ် အခမ်းအနား ၁-၄

**ဒေါင်းကြီး**

➤၂၀၁၅ခုနှစ်၊အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သတင်းအမှာစကား ၂

**သတင်းဈေးကဏ္ဍ**

➤သစ်တောသတင်း၊ သစ်ဖမ်းဆီးသတင်း ၄-၁၇

**ဝန်းကျင်သားငှက် ကဏ္ဍ**

➤ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ကင်မရာထောင်ချောက်များအသုံးပြု၍-- ၂၀-၂၉

➤နိုင်ငံအဆင့်ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် ---- ၃၀

**ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆောင်းပါး**

➤အညာမြေတစ်ခေါက်ရောက်ခဲ့ရသည် မာစီကောခရီးစဉ် ၁၈-၂၀

**သစ်တောပြုစုထိန်းသိမ်းခြင်းဆောင်းပါး**

➤ရှင်သန်ခြင်းရဲ့အဓိပ္ပါယ် ၂၂-၂၄

➤၂၀၁၅ခုနှစ်၊အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် ပထမဆုရဆောင်းပါး ၃၂-၃၆

**ဓာတ်ပုံသတင်းကဏ္ဍ**

➤သတင်းမှတ်တမ်းဓာတ်ပုံများ ၂၅-၂၇

**ကာတွန်း၊ ရယ်စရာ၊ ကဗျာကဏ္ဍ**

➤သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာတွန်း/ကဗျာများ ၄၀၊ ၄၀

➤Din Bar De! ၅၀

**သိမှတ်ဖွယ်ရာများ ဆောင်းပါး**

➤တိုတိုထွာထွာမှတ်စရာ-၉ ၃၀

➤ကျွန်တော့်ရဲ့ ဟယ်လို-- အမိန့်ရှိပါ ၃၇-၃၉

**အင်တာနက်ကဏ္ဍ**

➤အင်တာနက်မှသဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းများ ၄၂-၄၄

**အင်္ဂလိပ် ကဏ္ဍ**

➤REDD-Plus INFORMATION-19 ၄၇-၄၈

➤In Myanmar, Foresters Battle Invasive Species ၄၉-၅၀

**မြန်မာ့သစ်လုပ်ငန်း ကဏ္ဍ**

➤MTE တင်ဒါဈေးနှုန်း ၅၀

**နောက်ကျောဖုံး**

➤လင်းယုန် ၅၂

**စာတည်းအဖွဲ့**

**စာတည်းချုပ်နှင့် ထုတ်ဝေသူ**
ဦးမင်းလွင်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြဲ– ၀၀၄၀၀)

**စာတည်း**
ဦးမြင့်လွင်၊ ဒုတိယညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

| | |
|---|---|
| ဦးထွန်းညွန့်လှိုင် | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးမောင်မောင်စိုး | လက်ထောက်ညွှန်ကြားရေးမှူး |
| ညီညီဖြိုး | တောအုပ်ကြီး |
| မျိုးမင်းသိန်း | တောအုပ်ကြီး |
| မေဇင်မြင့် | တောအုပ်ကြီး |

**ပုံနှိပ်သူ**
ဦးမြင့်ထွန်း(မြဲ –၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဆက်သွယ်ရန် -**
၀၆၇-၄၀၅၁၁၃ ၊ (Fax) ၀၆၇-၄၀၅၃၉၄
fdextension39@ gmail.com

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ် မတ်လ (၃၀)ရက်နေ့၌ ပြဋ္ဌာန်းခဲ့သည်။

### ရည်ရွယ်ချက်များ

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ စနစ်တကျပေါင်းစပ် ဆောင်ရွက်ရန်အလို့ငှာ အခြေခံမူများ ချမှတ်နိုင်ရန်နှင့် လမ်းညွှန်မှုများပြုနိုင်ရန်၊

(ဂ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းသည့်ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊

(ဃ) ဆုတ်ယုတ်ပျောက်ကွယ်စဖြစ်နေသော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည်ဖော်ထုတ်ရန်၊

(င) သဘာဝသယံဇာတအရင်းမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်ရန်၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင် ပြန့်ပွားရေးအတွက် ပညာပေးရေးနှင့် ပညာသင်ကြားရေးအစီအစဉ်များကို အများပြည်သူတို့ သိရှိပြီး ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(ဆ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်၊

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်း ဆောင်ရွက်နိုင်ရန်။

မျက်နှာဖုံးမှအဆက်




သစ်တောများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ပထမဆုရရှိသူအား ပြည်ထောင်စုဝန်ကြီးမှ ဂုဏ်ပြုဆုချီးမြှင့်စဉ်

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့၏ အဓိကဆောင်ပုဒ်သည် **"သစ်တော၊ ရာသီဥတု၊ ပြောင်းလဲမှု"** ဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာနှင့်တစ်ဝန်းရင်ဆိုင်နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးနိုင်မည့် အထိရောက်ဆုံးနှင့် ရိုးရှင်းလွယ်ကူဆုံး လုပ်ငန်းစဉ်မှာ သစ်တောထိန်းသိမ်းရေးပင်ဖြစ်ပါကြောင်း၊

ကမ္ဘာ့လူဦးရေသန်းပေါင်း ၁၆၀၀ ကျော်သည် သစ်တောများအပေါ် မှီခိုနေထိုင်ကြရပါကြောင်း၊ သစ်တောများသည် ဇီဝမျိုးစုံမျိုးကွဲ ၈၀ ရာခိုင်နှုန်းကျော်၏ နေရင်းဒေသများဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်ရှိ ရေချိုပမာဏစုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းကို ရေဝေရေလဲသစ်တောများက အထောက်အပံ့များ ပေးလျက်ရှိပါကြောင်း၊ ထို့ပြင်ရာသီဥတုမျှတစေရန် အောက်ဆီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ရေငွေ့စိုထိုင်းဆများကို အချိုးညီမျှစေရန် ပေါင်းစပ်ပေးပြီး၊ သက်ရှိလောကအတွက် အရေးကြီးဆုံး ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို အထောက်အပံ့ပေးလျက်ရှိပါကြောင်း။

လူဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ မြေထု၊ ရေထု၊ လေထုနှင့်တကွ သဘာဝသယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲမှုမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့ပြီး၊ ယနေ့အချိန်တွင် ကမ္ဘာကြီးပူနွေးလာမှု၊ မြေထု၊ ရေထု၊ လေထုများညစ်ညမ်းလာမှု၊ ကမ္ဘာ့အိုဇုန်းလွှာပျက်စီးယိုယွင်းလာမှု၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှု၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးလာမှုနှင့်အတူ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်ခြင်း စသည့်ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိပါကြောင်း၊ ကမ္ဘာတစ်ဝန်း သစ်တောပြုန်းတီးမှုသည် နှစ်စဉ်ပျမ်းမျှ ဟက်တာ ၁၃ သန်းကျော်ရှိသည်ကို လေ့လာတွေ့ရှိရပါ ကြောင်း၊ မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုနှုန်းသည် ၁၉၉၀ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နှစ်၂၀အတွင်း နှစ်စဉ်နိုင်ငံ ဧရိယာ၏(၀. ၅၅)ရာခိုင်နှုန်းရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ သစ်တောများဆိုင်ရာ နယူးယောက်ကြေညာချက်တွင် ကမ္ဘာ့အပူချိန် ၂ ဒီဂရီ ဆဲလ်ဆီးယပ်လျှော့ချနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှု ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှု လုံးဝမရှိစေရေး ရည်မှန်းပြီးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့စေရန် စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်နိုင်ရန် နှစ်(၃၀)အမျိုးသားအဆင့် ပင်မစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရိုင်တစ်ခုစီတွင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်တစ်ခုစီကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှု၏ နယ်ပယ်(၇)ခုဖြစ်သည့် သစ်တောဧရိယာတိုးချဲ့ဖွဲ့စည်းခြင်း၊ သစ်တောဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ သစ်တောများဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်း၊ သစ်တောများ၏ လူမှုစီးပွားရေးစွမ်းရည်များ တိုးပွားစေရန်ဆောင်ရွက်ခြင်းနှင့် ဥပဒေ၊ မူဝါဒနှင့် အဖွဲ့အစည်းမူဘောင်များ စနစ်တကျရေးဆွဲခြင်းတို့ကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနှင့် သစ်တောသယံဇာတနည်းနည်းသုံးပြီး အကျိုးအမြတ်များများ ရရှိစေမည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို (UNDP)မှ Country Director မစ္စတာတို့င်လီကာဘာနေ့ဘ ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်ကြသူများနှင့် စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကူးကြသည်။ မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် စာတမ်းများကို စာတမ်းရှင်(၅)ဦးတို့က ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

## (၈)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသ သစ်တောကဏ္ဍဆိုင်ရာ အရာရှိကြီးများအဆင့် မူဝါဒရေးရာသင်တန်းဖွင့်လှစ်ခြင်း



အခမ်းအနားတက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။

(၈)ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသ သစ်တောကဏ္ဍဆိုင်ရာ အရာရှိကြီးများအဆင့်မူဝါဒရေးရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို နေပြည်တော်၊ Grand Amara ဟိုတယ်၌ ၂၃-၃-၂၀၁၅ ရက်နေ့၊ နေ့လယ် (၁)နာရီတွင် ကျင်းပပြုလုပ်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက် အမှာစကားပြောကြားပါသည်။

အဆိုပါအခမ်းအနားသို့ သစ်တောဦးစီးဌာန၊ မြေတိုင်းဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ FAO အာရှနှင့် ပစိဖိတ်ဒေသရုံးခွဲနှင့် မြန်မာနိုင်ငံရုံးခွဲတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး အတွင်းရေးမှူးရုံးအဖွဲ့မှ Executive Director နှင့် ကိုယ်စားလှယ်များ၊ အာရှနှင့်ပစိဖိတ်ဒေသ သစ်တောသုတေသနအဖွဲ့အစည်း (APAFRI)၊ အာရှနှင့်ပစိဖိတ်ဒေသ သစ်တောကွန်ရက် (APFNet)တို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ သင်တန်းသားအရာရှိကြီးများ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာစကား ပြောကြားရာတွင် (၈)ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသ သစ်တောအရာရှိကြီးများအဆင့် မူဝါဒရေးရာသင်တန်းသည် ၂၁ ရာစု၏ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့် မူဝါဒများရေးဆွဲနိုင်ရန်နှင့် အာရှနှင့်ပစိဖိတ်ဒေသ သစ်တောအရာရှိကြီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ၂၁ ရာစု၏ အဓိကစိန်ခေါ်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲမှု၊ သစ်တောပြုန်းတီးမှု၊ သဲကန္တာရ ဖြစ်ထွန်းမှု၊ ဇီဝမျိုးစုံမျိုးကွဲများပျက်သုဉ်းမှု၊ အစားအစာနှင့် သောက်သုံးရေရှားပါးမှု၊ ဆင်းရဲနွမ်းပါးမှုများကို ဖြေရှင်းနိုင်မည့် မူဝါဒများရေးဆွဲအကောင်အထည်ဖော်နိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများသည် ယခင်နှစ်ကာလများထက် ကြိမ်ဖန်များစွာ ပိုမိုဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုသို့ ဖြစ်ပေါ်လာခြင်းတွင် သစ်တောများပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းသည် အဓိကအကြောင်းအရင်းများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ကမ္ဘာ့သစ်တောဖုံးလွှမ်းမှု ဆန်းစစ်ချက်များအရ နှစ်စဉ် သစ်တောပြုန်းတီးမှု ပမာဏသည် ဟက်တာ ၁၃ သန်းခန့်ရှိကြောင်း၊ သစ်တောပြုန်းတီးခြင်းမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု ပမာဏသည် အခြားကဏ္ဍအသီးသီးမှ ထုတ်လွှတ်မှု စုစုပေါင်း၏ ၁၇. ၄ ရာခိုင်နှုန်းရှိကြောင်း၊ ထို့ကြောင့် သစ်တောပြုန်းတီးမှု လျှော့ချရေးနှင့် သစ်တောဖုံးလွှမ်းမှု ဧရိယာတိုးပွားရေးအတွက် အထောက်အကူပြုမည့် မူဝါဒများချမှတ်နိုင်ရန် အလွန်အရေးကြီးကြောင်း၊ အာဆီယံဒေသသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဂေဟစနစ်အရ အလွန်အရေးပါသည့်အပြင် ရာသီဥတု ပြောင်းလဲမှုအကျိုးဆက်များကိုလည်း မကြာခဏ တွေ့ကြုံရသည့် ဒေသလည်းဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်သစ်တောစီမံအုပ်ချုပ်မှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ တိုးပွားစေရေး လုပ်ငန်းစဉ်များသည် အာဆီယံဒေသအတွက် အထူးပင်အရေးကြီးကြောင်း၊ သစ်တောများကို ထာဝစဉ်တည်တံ့စေရန် ထိန်းသိမ်းခြင်းဖြင့် သစ်နှင့် သစ်တောထွက်ပစ္စည်းများ၊ ဂေဟစနစ်ဝန်ဆောင်မှုများ၊ ဇီဝမျိုးစုံမျိုးကွဲများ တိုးပွား၍ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်မည်ဖြစ်သည့်အပြင် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးပွား၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်စီးပွားရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကုလသမဂ္ဂအနေဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှုကို အထောက်အကူပြုနိုင်ရန်နှင့် ဥပဒေအရ ချည်နှောင်ထားခြင်း မရှိသော သစ်တောလုပ်ငန်းစဉ်များ (Non-legally Binding Forest Instruments)ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း၊ သဲကန္တာရတိုက်ဖျက်ရေး ကွန်ဗင်းရှင်းနှင့် ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း၊ ၂၀ ရာစု အစီအစဉ် ရီယိုကြေငြာစာတမ်း (Rio+၂၀)စသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များတွင်လည်း သစ်တောထိန်း

သိမ်းရေးလုပ်ငန်းများကို အဓိကထားထည့်သွင်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပခဲ့သည့် ရာသီဥတုပြောင်းလဲမှု ထိပ်သီးညီလာခံတွင် သစ်တောများနှင့် ပတ်သက်သည့် နယူးယောက်ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါကြေညာချက်တွင်လည်း ရာသီဥတုပြောင်းလဲမှု လျော့ချနိုင်ရေးအတွက် သစ်တောများပြုန်းတီးမှုကို ၂၀၂၀ ခုနှစ်တွင် ၅၀ရာခိုင်နှုန်း လျော့ချ၍ ၂၀၃၀ ခုနှစ်တွင် သစ်တောပြုန်းတီးမှု လုံးဝရပ်ဆိုင်းရေး ရည်မှန်းချက်ထားဆောင်ရွက်ရန် အဆိုပြုတိုက်တွန်းထားကြောင်း၊ ထို့အပြင် ဂေဟစနစ်ဝန်ဆောင်မှုများ ပြန်လည်တိုးပွားစေရေးအတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၂၀၂၀ ခုနှစ်တွင် တောနိမ့်တောပျက် သစ်တောဧရိယာဟက်တာသန်း ၁၅၀ ကိုလည်းကောင်း၊ ၂၀၃၀ ခုနှစ်တွင် ဟက်တာသန်း ၂၀၀ ကိုလည်းကောင်း ပြန်လည်စိုက်ပျိုး တည်ထောင်သွားရန် အဆိုပြုထားကြောင်း၊ ယခုဖွင့်လှစ်သည့် ၈ ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများအဆင့် သစ်တောမူဝါဒရေးရာသင်တန်းတွင် သစ်တောကဏ္ဍနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံအလိုက် မူဝါဒရေးဆွဲရာတွင် အထောက်အကူပြုစေရေး၊ စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှုအတွက် ဘက်စုံ၊ ကဏ္ဍစုံပါဝင်သည့် မြေအသုံးချမှု မူဝါဒများ၊ ကောင်းမွန်မှန်ကန်သည့် မြေအသုံးချမှုလုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်နိုင်စေရေးနှင့် အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံများ၏ မူဝါဒရေးဆွဲရေး၊ ခွဲခြမ်းစိတ်ဖြာမှု အတွေ့အကြုံကောင်းများ တိုးပွားလာစေရေးတို့ကို အဓိကဦးတည်ချက်ထား၍ ဖွင့်လှစ်ခြင်းဖြစ်သည့်အတွက် အလွန်အကျိုးကျေးဇူးရရှိစေမည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားများအနေဖြင့် မိမိနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီမည့်မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် ယခုသင်တန်းတွင် ကြိုးပမ်းအားထုတ်လေ့လာသွားကြရန် တိုက်တွန်းကြောင်း ပြောကြားခဲ့ပါသည်။

(၈)ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသ သစ်တောကဏ္ဍဆိုင်ရာ အရာရှိကြီးများအဆင့် သစ်တောမူဝါဒရေးရာသင်တန်းကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မှ ဧပြီလ ၃ ရက်နေ့ထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ အာရှနှင့်ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံပေါင်း ၁၃ နိုင်ငံမှ သစ်တောကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိ ၂၇ ဦးတက်ရောက်ကြောင်းသိရှိရသည်။

## Myanmar – ICIMOD Day အခမ်းအနားကျင်းပခြင်း




Myanmar- ICIMOD Day အခမ်းအနားကို နေပြည်တော်ရှိ Grand Amara Hotel ၌ (၂၅. ၃. ၂၀၁၅) ရက်နေ့၊ နံနက်(၉)နာရီတွင် ကျင်းပခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ ICIMOD ညွှန်ကြားရေးမှူးချုပ် Dr. David James Molden၊ ICIMOD နှင့် အခြား NGOs ၊ INGO များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ၄၂% ခန့်သည် တောင်တန်းဒေသများဖြစ်ကြောင်း၊ တောင်တန်းဒေသများသည် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ ယဉ်ကျေးမှုအမွေအနှစ်များအတွက်သာမက နိုင်ငံ၏ စီးပွားရေးအတွက် အရေးပါပြီး၊ အထူးသဖြင့် အဓိကမြစ်ကြီး များအတွက် ရေအရင်းအမြစ်မြစ်ဖျားခံရာဒေသများပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ Key Biodiversity Areas (KBA) ၁၃၂ ခု၏ ၇၅%သည် တောင်ပေါ်ဒေသများတွင် တည်ရှိနေပြီး ကမ္ဘာ့အရေးကြီး မျိုးစိတ်များ၏ နေရင်းဒေသများဖြစ်ကြောင်း၊ သို့ရာတွင် အခြားမြေအသုံးချမှု ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် တောင်တန်းများတွင် ဂေဟစနစ် ဝန်ဆောင်မှုများ ပျက်စီးလျော့နည်းခြင်း၊ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းခြင်းများ ကြုံတွေ့လာရကြောင်း၊ အကျိုးဆက်အနေဖြင့် ရေချိုသယံဇာတရှားပါးမှု၊ စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းကျဆင်းလာမှု၊ စွမ်းအင်မလုံလောက်မှု စသည့်ပြဿနာများကိုရင်ဆိုင်ရပြီး နိုင်ငံ၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ တောင်တန်းဂေဟစနစ်များနှင့် ဆက်စပ်သော ပြဿနာများတွင် ထိရောက်သော ဖြေရှင်းချက်များရရှိရေးအတွက် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်းပူးပေါင်း ဆောင်ရွက်မှုများကြောင့် တောင်တန်း

ဒေသ ပတ်ဝန်းကျင်ထာဝစဉ်တည်တံ့ရေး ကြိုးပမ်းချက်များ တိုးတက်ကောင်းမွန်လာစေရေး နှင့် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ရင်ဆိုင်ရသော ပြဿနာများကို ပူးပေါင်းဖြေရှင်းရေးအတွက် ကြီးမားသော အခွင့်အရေးတစ်ခုဖြစ်ကြောင်း၊

လက်ရှိရေးဆွဲဆောင်ရွက်နေသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒနှင့် အုပ်ချုပ်လုပ်ကိုင်မှု မဟာဗျူဟာဖော်ဆောင်ခြင်းနှင့် REDD+ ကနဦး စတင်မှုများတွင် ICIMOD ၏ နည်းပညာပံ့ပိုးကူညီမှုများသည် တောင်တန်းဒေသများ၏ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့စေရေးအတွက် အထောက်အကူပြုလုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်ကြောင်း၊ ယနေ့ကျင်းပပြုလုပ်သော Myanmar - ICIMOD Day အခမ်းအနားသည် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန် ဆောင်မှုများထိန်းသိမ်းရန် ကတိကဝတ်များ၊ မိမိတို့၏ကြိုးပမ်းချက်များ၊ ဆုံးဖြတ်ချက်များ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ထိန်းသိမ်းရန် ကတိကဝတ်များ စသည်တို့အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို ထင်ဟပ်လျက် ရှိပါကြောင်း၊

ယနေ့အခမ်းအနားတွင် ထိန်းသိမ်းရေးလုပ်ငန်းစီမံကိန်းများဖြစ်သည့် Hi-LIFE Initiative၊ Himalica initiative၊ Adapt Himal၊ Ecotourism၊ REDD+ စသည့် ICIMOD နှင့် ပူးပေါင်းဆောင်ရွက်မှုများအားလုံးကို တူညီသော ဦးတည်ချက်လမ်းကြောင်းပေါ်၌ တောင်တန်းဒေသများတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာရပ်များနှင့် စိန်ခေါ်မှုများကို ဖြေရှင်းရန်၊ တောင်တန်းဒေသများ၏ သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စုံလင်ကွဲပြားမှုများကို နောင်အနာဂတ် သားစဉ်မြေးဆက်အထိ ရေရှည်တည်တံ့စေရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊

အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးရေးဗဟိုအဖွဲ့ International Centre for Integrated Mountain Development– ICIMOD သည် ဟိမဝန္တာတောင်စဉ်တောင်တန်းတစ်လျှောက်တွင် ပါဝင်ကျရောက်နေသည့် နယ်နိမိတ်ထိစပ်နေသော နိုင်ငံများအား အဖွဲ့ဝင်နိုင်ငံများအဖြစ် အခြေတည်ဖွဲ့စည်းကာ ၁၉၈၃ ခုနှစ်ကပင် စတင်ဖွင့်လှစ်တည်ထောင်ခဲ့ကြပြီး နည်းပညာရပ်များဆိုင်ရာ လေ့လာသုသေတနပြုလုပ်ခြင်း၊ ထိန်းသိမ်းရေး လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် ရည်ရွယ်ကာ လုပ်ငန်းစဉ် ၅ ခုအဖြစ် Watershed Management၊ Off farm Employment Generation၊ Rural Energy Planning၊ Engineering in Fragile Environments and Information system for Mountain Development တို့အားဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းဖြစ်ပါသည်။ ဟိမဝန္တာတောင်စဉ်တောင်တန်းများ နှင့် ဆက်စပ်ပတ်သက်နေသည့် နိုင်ငံ(၈)နိုင်ငံတို့မှ အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ အိန္ဒိယ၊ နီပေါ၊ ဘူတန်၊ မြန်မာ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဖြစ်ကြပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံတော်အစိုးရအဖွဲ့ ခွင့်ပြုချက်အရ နီပေါနိုင်ငံအခြေစိုက် ICIMOD အဖွဲ့သို့ ၁၉၉၀ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် ICIMOD တို့ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် Environmental Change and Ecosystem Services, Sustainable Livelihoods and Poverty Reduction, Integrated Water and Hazard Management, Mountain Environment and Natural Resources Information System Development (MENRIS), and Himalayan University Consortium (HUC) အစီအစဉ်များတွင် နည်းပညာနှင့်ရန်ပုံငွေ အထောက်အပံ့များ ကူညီဆောင်ရွက်ပေးခြင်းဖြင့် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိသည်ဟု သိရပါ သည်။

မြန်မာနိုင်ငံနှင့် ICIMOD အဖွဲ့တို့ကြားတွင် လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများ အချင်းချင်းကြားတွင်လည်းကောင်း၊ ပတ်သက်ဆက်စပ်နေသည့် အစိုးရဌာနများ၊ အဖွဲ့အစည်းများကြားတွင်လည်းကောင်း ပိုမိုတိုးတက်ပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် နေပြည်တော်၌ Myanmar – ICIMOD Day အဖြစ်ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဩစတြေးလျနိုင်ငံ University of Queensland **တက္ကသိုလ်မှ** Principal Research Fellow **ဖြစ်သူ** Ms. Jennifer Bellamy **ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့မှလာရောက်တွေ့ဆုံဆွေးနွေး**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အား ဩစတြေးလျနိုင်ငံ၊ University of Queensland တက္ကသိုလ်မှ Principal Research Fellow ဖြစ်သူ Ms. Jennifer Bellamy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် (၃၀-၃-၂၀၁၅)ရက်နေ့ နေ့လယ် (၁း၃၀)နာရီတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးပါသည်။

ထိုသို့တွေ့ဆုံရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြား



ရေးမှူးချုပ် ဦးနေအေး၊ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်များတည်ရှိသော အင်းလေးကန် ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး၊ အင်းလေးကန်ရေပြင်ဧရိယာ ပုံမှန်တည်တံ့ရေး၊ မြေပြိုတိုက်စားမှု ကာကွယ်တားဆီးရေးနှင့် နုန်းပို့ချမှု ကာကွယ်ထိန်းသိမ်းရေး၊ ဒေသခံပြည်သူလူထုအား အသိပညာပေးရေး၊ ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေး၊ အင်းလေးကန်အား လူသားနှင့် ဇီဝအဝန်း ကြိုးဝိုင်းဖွဲ့စည်းတည်ထောင်ရေး၊ သဘာဝအခြေခံခရီးသွား ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးရန်ပုံငွေတစ်ရပ် ထူထောင်ရေး၊ သောက်သုံးရေရရှိရေး၊ အင်းလေးကန်ဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေရေးဆောင်ရွက်နေမှုများ၊ အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် ပတ်သက်၍ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့ UNDP ၊ UN-Habitat၊UNESCO၊ FAO တို့ ပူးပေါင်းဆောင်ရွက်နေမှုများ၊ ကချင်ပြည်နယ် ကုန်းမြင့်ရေအိုင်ဖြစ်သည့် အင်းတော်ကြီးကန် ထိန်းသိမ်းစောင့်ရှောက်ရေး စသည်တို့နှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ဆက်လက်၍ အင်းလေးကန် ထိန်းသိမ်းကာကွယ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ အနာဂတ်တွင် University of Queensland တက္ကသိုလ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် သုတေသနနှင့် ဖွံ့ဖြိုးရေး၊ ဘွဲ့လွန်ပညာသင်စေလွှတ်ရေး အစီအစဉ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

## အမျိုးသားမြေအသုံးချမှုမူဝါဒ (မူကြမ်း)အပေါ် ဒုတိယအကြိမ် ကျွမ်းကျင်သူ စားပွဲဝိုင်းဆွေးနွေးပွဲ (2nd Expert Round Table Meeting) ကျင်းပ



ဆွေးနွေးပွဲ၏ တတိယနေ့တွင် မြေအသုံးချမှု မူဝါဒသုံးသပ်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များ၊ အမျိုးသားမြေအရင်းအမြစ် ဥပဒေရေးဆွဲရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ ဌာနအဖွဲ့အစည်းများမှ ကျွမ်းကျင်သူ ကိုယ်စားလှယ်များ၊ အငြိမ်းစားကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လူမှုအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ စုစုပေါင်း(၁၀၃)ဦး တက်ရောက် ဆွေးနွေးပါသည်။

အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)အပေါ် အကြံပြုချက်များအား ဆွေးနွေးရန် ဒုတိယအကြိမ် ကျွမ်းကျင်သူ စားပွဲဝိုင်းဆွေးနွေးပွဲကို ၉-၃-၂၀၁၅ ရက်နေ့မှ ၁၁-၃-၂၀၁၅ ရက်နေ့အထိ ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင် ကျင်းပပြုလုပ်ရှိပါသည်။

ဆွေးနွေးပွဲသို့ မြေအသုံးချမှု မူဝါဒသုံးသပ်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် တက်ရောက်၍ အမှာစကား ပြောကြားပါသည်။

ဒုတိယဝန်ကြီးမှ ဒုတိယအကြိမ် ကျွမ်းကျင်သူ စားပွဲဝိုင်းဆွေးနွေးပွဲအတွင်း အများပြည်သူ အကြံပြုချက်များမှ အဓိကအချက်များကို ဆွေးနွေးခြင်း၊ အကြံပြုချက်များကို မူဝါဒမူကြမ်းပါ အကြောင်းအရာများနှင့် နှိုင်းယှဉ်သုံးသပ်ခြင်းတို့ကို သတ်မှတ်ထားသည့် အစီအစဉ်များအတိုင်း ပြီးမြောက်အောင် ဝိုင်းဝန်းဆွေးနွေးနိုင်ခဲ့ကြသည့်အတွက် တက်ရောက်လာသည့် ကျွမ်းကျင်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မူဝါဒမူကြမ်းပါအကြောင်း အရာများအား ပြင်ဆင်ဖြည့်စွက်ခြင်းကို အပြီးသတ် ဆောင်ရွက်ကြမည်ဖြစ်၍ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူပညာရှင်များ စုစည်းကာ မိမိတို့၏ကျွမ်းကျင်သူများကို အခြေခံပြီး နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်နေသည့် အမျိုးသားမြေအသုံးချမှု မူဝါဒတစ်ရပ် ရေးဆွဲချမှတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပါသည်။

နိုင်ငံတော်အတွက် လိုအပ်နေသည့် အမျိုးသားမြေအသုံးချမှုမူဝါဒကို တစ်မျိုးသားလုံး သက်ဆိုင်နေသည့်အတွက် နိုင်ငံတော်၊ ဝန်ကြီးဌာနကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးပြည်နယ် အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများမှ စိတ်ရောကိုယ်ပါ ပါဝင်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် All Inclusive အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ အများပြည်သူအကြံပြုချက်များအပေါ် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ဆွေးနွေးပြီး ရေးဆွဲထားသည့် ပဉ္စမမူကြမ်းကို ယှဉ်တွဲသုံးသပ်ကာ အပြီးသတ်အဆင့် ဆဋ္ဌမမူကြမ်းအဖြစ် ရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း သိရှိရသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ပြည်သူတို့၏ လူမှုအကျိုးစီးပွားလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန် ကွင်းဆင်းဆောင်ရွက်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် သည် သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှတာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ်၊ အင်းလေးဒေသအတွင်းရေဝေရေလဲ ဧရိယာထိန်းသိမ်းဆောင်ရွက်မှုအခြေအနေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ အင်းလေးဒေသအတွင်းရှိ လွယ်ငြိမ့်ကျေးရွာနှင့် ကလောမြို့နယ်၊ မြင်းက ကျေးရွာများ၌ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်နေကြသည့် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပါသည်။



ဒေသခံပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံနှုတ်ဆက်စဉ်။(၈-၃-၂၀၁၅)

ဒုတိယဝန်ကြီးသည် မတ်လ(၇)ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ သစ်တောဦးစီးဌာန၊ စုဝေးခန်းမတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏ မူဝါဒ၊ ဝန်ကြီးဌာန၏လုပ်ငန်းစဉ်၊ လုပ်ငန်း/ဌာန၏ ရည်မှန်းချက်၊ ဝန်ထမ်းအဆင့်ဆင့်၏ တာဝန်ဝတ္တရားနှင့် ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်လျော်ညီစွာ Mind set အပြောင်းလဲ ဆောင်ရွက်ရန်နှင့် တာဝန်သိမှု၊ တာဝန်ယူမှု၊ ပေါင်းစပ်ညှိနှိုင်းမှု ကောင်းစွာဖြင့် လုပ်ငန်းတာဝန်များအား အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုတို့အပေါ် ရှင်းလင်းဆွေးနွေး မှာကြားခဲ့ပါသည်။

မတ်လ(၈)ရက်နေ့တွင် ဒုတိယဝန်ကြီးသည် သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် အင်းလေးဒေသ အတွင်း ရေပျော်ငှက်များရှင်သန်ကျက်စားမှု အခြေအနေ၊ ရေဝေရေလဲဧရိယာ ထိန်းသိမ်းဆောင်ရွက်မှု အခြေအနေ၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ အင်းလေးကန်ဒေသတွင် လူနှင့်သဘာဝကြောင့်ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ထိခိုက်မှု၊ ဂေဟစနစ်ယိုယွင်းမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးမှုတို့မှ လျော့နည်းသက်သာစေရန်အတွက် ဇီဝအဝန်းနယ်မြေသတ်မှတ် အကောင်အထည်ဖော်ရာတွင် ဒေသခံပြည်သူလူထုအပါအဝင် အင်းလေးကန်ဒေသရှိ အကျိုးဆက်စပ် ပတ်သက်သူများက လုပ်ငန်းစဉ်အား ကြိုတင်သိရှိနားလည်ပြီး လိုလိုလားလား ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းရန် ဆွေးနွေးမှာကြားခဲ့ကြောင်း

သိရသည်။ဆက်လက်၍ ဒုတိယဝန်ကြီးသည် အင်းလေးဒေသ၊ လွယ်ငြိမ့်ကျေးရွာ၌ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည့် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အစုအဖွဲ့ပိုင်သစ်တောတည်ထောင် ထိန်းသိမ်းဆောင်ရွက်ရသည့် အကြောင်းအရင်း၊ ရရှိသည့် အကျိုးကျေးဇူးနှင့်စဉ်ဆက်မပြတ်ထိန်းသိမ်းဆောင်ရွက်ရန်တို့အပေါ် ရှင်းလင်းဆွေးနွေးမှာကြား၍ ဒေသခံပြည်သူ များမှ တင်ပြချက်များအပေါ် ညှိနှိုင်းစီမံဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

မတ်လ(၉)ရက်နေ့တွင် ဒုတိယဝန်ကြီးသည် အင်းလေးဒေသ၊ ညောင်ရွှေမြို့နယ်၌ ကျင်းပပြုလုပ်သည့် အင်းလေးကန် ဇီဝအဝန်းနယ်မြေစီမံအုပ်ချုပ်မှု စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ဆက်စပ်ပတ်သက်သူများ၏ ပထမအကြိမ်အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကလောမြို့နယ်၊ မြင်းကကျေးရွာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးလုပ်ငန်းအတွက်သာမက ဇီဝမျိုးစုံမျိုးကွဲများရေရှည်တည်တံ့ရေး၊ ဂေဟစနစ်တည်ငြိမ်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ပတ်ဝန်းကျင်အခြေခံကောင်းများကို လက်ဆင့်ကမ်းနိုင်ရေးအတွက် ရေအရင်းအမြစ်များအား ထိန်းသိမ်းရန်နှင့် သန့်ရှင်းသော သောက်သုံးရေဖူလုံစေရေး၊ ရေထွက်များခမ်းခြောက်မှုမရှိစေရေးနှင့် စိုက်ပျိုးမြေများ မြေဆီလွှာတိုက်စားဆုံးရှုံးမှုမှ ကာကွယ်ရေးအတွက် သစ်တောများထိန်းသိမ်းရန် လိုအပ်ကြောင်းတို့ကို ဆွေးနွေးမှာကြား၍ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးခဲ့ပါသည်။

---

## အင်းလေးကန်ဇီဝအဝန်းနယ်မြေ စီမံအုပ်ချုပ်မှု စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ဆက်စပ်ပတ်သက်သူများ၏ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ




အင်းလေးကန်ဒေသ ဇီဝအဝန်းနယ်မြေ စီမံအုပ်ချုပ်မှု စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အကျိုးဆက်စပ်ပတ်သက်သူများ၏ ပထမအကြိမ်အလုပ်ရုံ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ၂၀၁၅ ခုနှစ်၊ မတ်လ(၉)ရက်နေ့၌ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ Aureum Palace Resort & Spa ဟိုတယ်၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က အဖွင့်အမှာ စကားပြောကြားသည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် လူနှင့် သဘာဝကြောင့်ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ထိခိုက်မှု၊ ဂေဟစနစ်ယိုယွင်းမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများပျက်စီးဆုံးရှုံးမှုများအား လျော့နည်းသက်သာစေရန်၊ ဒေသ၏ယဉ်ကျေးမှုနှင့် ရှေးဟောင်း အမွေအနှစ်များထိန်းသိမ်းရန်နှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အင်းလေးကန်ဒေသအား ဇီဝအဝန်းနယ်မြေအဖြစ်သတ်မှတ်၍ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် အင်းလေးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇီဝအဝန်းနယ်မြေသတ်မှတ် နိုင်ရေးအဆိုပြုလွှာ ရေးသားပြုစု၍ ယူနက်စကိုသို့ တင်သွင်းထားပြီးဖြစ်ကြောင်း၊ ဇီဝအဝန်းနယ်မြေတည်ထောင်ဖွဲ့စည်းနိုင်ခြင်းဖြင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းကာကွယ်ရေးတို့ကို ဟန်ချက်ညီညီဆောင်ရွက်နိုင်မည်ဖြစ်၍ အင်းလေးကန် ပြန်လည်တည်ထောင်ရေးနှင့် အင်းလေးဒေသနေ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

အင်းလေးဒေသ၌ ဇီဝအဝန်းနယ်မြေဖွဲ့စည်း တည်

ထောင်ရာတွင် အပြည်ပြည်ဆိုင်ရာစံများနှင့် အညီဗဟိုဇုန်၊ ကြားခံဇုန်နှင့် အသွင်ကူးပြောင်းရေးဇုန်ဟူ၍ ဇုန်များခွဲခြား စီမံခန့်ခွဲသွားမည်ဖြစ်သည်။ ဗဟိုဇုန်အား သဘာဝအနေအထား ပျက်ယွင်းမှုမရှိအောင် စီမံထိန်းသိမ်းသွားမည်ဖြစ်ပြီး၊ ကြားခံဇုန်နှင့် အသွင်ကူးပြောင်းဇုန်များတွင်မူ လူမှုစီးပွားရေးဖွံ့ဖြိုးရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် ဟန်ချက် ညီအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ဇီဝအဝန်းနယ်မြေတည်ထောင်ရာတွင် ဒေသခံပြည်သူများ၏ လက်ရှိနေထိုင် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများနှင့် လက်ရှိရရှိထားသည့် မြေအသုံးချမှုဆိုင်ရာ အခွင့်အရေးအပေါ် ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်းမရှိဘဲဒေသခံများ၏ လူမှုစီးပွားပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေ တိုးတက်ကောင်း မွန်ရေးကို နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

## ဒီရေတောပြုစုထိန်းသိမ်းအသုံးချရေးလုပ်ငန်းများ၌ ဒေသခံပြည်သူများကိုယ်တိုင်ကိုယ်ကျပူးပေါင်းပါဝင်လာစေရေး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် တွေ့ဆုံအားပေး


ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ လက်ခုပ်ကုန်းကမ်းခြေရှိ ဒေသခံပြည်သူများအား တွေ့ဆုံစဉ်။

ဒီရေတောများသည် ကုန်းတွင်းပိုင်းနှင့် အဏ္ဏဝါ ဂေဟစနစ်များဆက်စပ်၍ အပင်၊ တိရစ္ဆာန်နှင့် ဇီဝမျိုးစုံ မျိုးကွဲများ ရှင်သန်ရပ်တည် ပေါက်ဖွားရာနေရာဒေသ ဖြစ်ပြီး၊ သဘာဝဘေးအန္တရာယ်ကိုတံတိုင်းသဖွယ်ကြံ့ကြံ့ခံ ကာကွယ်ပေးနိုင်ကြောင်းသိရသည်။ မြန်မာနိုင်ငံ၌ ဒီရေ တောများကိုရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးတွေ့ကြရ သည်။ ရန်ကုန်တိုင်းဒေသကြီး၌လည်း ပင်လယ်ကမ်းရိုး တန်းနှင့် ဆက်စပ်လျက်ရှိသည့် ကွမ်းခြံကုန်းမြို့နယ်၊ လက် ခုပ်ကုန်းဒေသတွင် တွေ့ရှိရသည်။ ဒီရေတောများသည် ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေးလိုအပ် ချက်များ ဖြည့်ဆည်းနိုင်သည့်အပြင် ၂၀၀၈ ခုနှစ်၊ နာဂစ် မုန်တိုင်းတိုက်ခတ်စဉ်အခါက ကမ်းရိုးတန်းနေ ဒေသခံ ပြည်သူများ၏ ဘဝရှင်သန်ရပ်တည်ရေးအတွက် အရေးပါ ကြောင်း ပြသခဲ့သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည်ဒေသခံပြည်သူများက မိမိတို့ဒေသ၊ မိမိတို့ဝန်းကျင်ရှိ ဒီရေတော ရေရှည်တည်တံ့ စေရေးပြုစုထိန်းသိမ်းခြင်းနှင့် စနစ်တကျအသုံးချခြင်းတို့ ကို ဟန်ချက်ညီစွာ ဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း သိရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် သည် ဒီရေတောများဖွံ့ဖြိုးတိုးတက် စေရန်နှင့် ဒီရေတောပြုစုထိန်းသိမ်း သုံးစွဲခြင်းလုပ်ငန်းများ၌ ဒေသခံ ပြည်သူများ ကိုယ်တိုင်ကိုယ်ကျပူး ပေါင်းပါဝင်လာစေရေးအတွက် မတ်လ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့ထိ ဧရာဝတီတိုင်းဒေသ ကြီး၊ လပွတ္တာမြို့နယ်၊ ဘိုကလေးမြို့နယ်များအတွင်းရှိ ကမ်းရိုးတန်းကျေးရွာများနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ လက်ခုပ်ကုန်းဒေသရှိ ကျေးရွာများ သို့သွားရောက်၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်း များ၊ ဌာနစိုက်ခင်းများနှင့် ပုဂ္ဂလိကပိုင်စိုက်ခင်းများအား ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဒီရေတော ပြုစုထိန်းသိမ်းခြင်းနှင့် စနစ်တကျ အသုံးချနိုင်ရန်၊ မကြာမီရောက်ရှိတော့မည့် မိုးရာသီကာ လ၌ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်အား ကြိုတင်မျှော်တွေး၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာ ကွယ်ရေးနည်းလမ်းနှင့် အစီအမံများအား ကြိုတင်ဇာတ် တိုက်လေ့ကျင့်ထားရန်တို့အပေါ် ဆွေးနွေးမှာကြားခဲ့သည်။ လပွတ္တာမြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦး ကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဏ္ဍိုင်ကြီး(၃)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက် နေမှုအား ရှင်းလင်းပြောကြား၍ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့နှင့်ပတ်သက်၍

ဆွေးနွေးမှာကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ဒီရေတောဧရိယာသည် စတုရန်းကီလိုမီတာ ၅၀၀၀ ကျော်ရှိ၍ ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောအများဆုံးရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဒီရေတောများတည်ရှိခြင်းဖြင့် ဒေသခံပြည်သူလူထုအတွက် ထင်း၊ မီးသွေး၊ တိုင်၊ မျော၊ ဆေးဖက်ဝင်အပင်များနှင့် အခြားသစ်တော ထွက်ပစ္စည်းများပေးစွမ်းနိုင်ခြင်း၊ ငါး၊ ပုဇွန် စသည့် ရေသတ္တဝါများပေါများကြွယ်ဝခြင်း၊ စိုက်ပျိုးမြေများအား ရေငန်ဝင်ရောက်မှုမှ တားဆီးပေးနိုင်ခြင်း၊ ကမ်းပါးပြိုမှုအား ကာကွယ်ပေးနိုင်ခြင်း၊ ဆူနာမီ၊ မုန်တိုင်းအစရှိသည့် သဘာဝဘေးအန္တရာယ်တို့မှ ကြံ့ကြံ့ခံကာကွယ်ပေးနိုင်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ဝင်ငွေရရှိနိုင်ခြင်းအစရှိသည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများက မိမိတို့နေထိုင်ရာဒေသပတ်ဝန်းကျင်ရှိ ဒီရေတောများအား ပူးပေါင်းပါဝင် စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ဒီရေတောများ ရေရှည်တည်တံ့၍ ကမ်းရိုးတန်းဒေသ နေပြည်သူများ၏ ဘဝလုံခြုံမှုနှင့် လူမှုစီးပွားရေးဘဝကို တိုးမြှင့်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

## ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အာရှဒေသခေါင်းဆောင်မှုအစီအစဉ်၏ အဆင့်မြင့်ကိုယ်စားလှယ်ကြီးများအစည်းအဝေး ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကျင်းပ



ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ဂျပန်နိုင်ငံ၊ ယိုကိုဟားမားမြို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနေရာများသို့ သွားရောက်လေ့လာဆွေးနွေးနေစဉ်။ (၃-၃-၂၀၁၅)

ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ၂၀၁၅ ခုနှစ် မတ်လ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ရေရှည်စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အာရှဒေသခေါင်းဆောင်မှုအစီအစဉ်၏ အဆင့်မြင့်ကိုယ်စားလှယ် ကြီးများအစည်းအဝေး(Executive-level)သို့ Afghanistan, Bangladesh, Bhutan, Fiji, Indonesia, Nepal, Maldives, Mongolia, Myanmar, Pakistan, Papua New Guinea, Sri Lanka, India, Japan, Vietnam, Philippine နိုင်ငံများ နှင့် IPCC, ADB, UNEP တို့မှ အခြေခံအဆောက်အဦနှင့် ပို့ဆောင်ရေး၊ ဘဏ္ဍာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ စီမံကိန်းရေးဆွဲရေး စီမံခန့်ခွဲမှုနယ်ပယ်များမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အတွင်းရေးမှူးများနှင့် ဘဏ္ဍာရေး၊ သဘာဝသယံဇာတများ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု နယ်ပယ်များမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် ဂျပန်နိုင်ငံ၊ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်သူ H.E. Mr. Shigeo Kitamura နှင့် အာရှဖွံ့ဖြိုးရေးဘဏ်၊ Knowledge Management and Sustainable Development မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Dr. Bindu N. Lohani တို့က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ထို့နောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ရာတွင် Sustainable Development ရရှိရေးအတွက် ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု လျော့ချရေးဆိုင်ရာ ရေရှည်ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ရန်နှင့် ပိုမိုခိုင်မာသည့် ဦးစားပေးဧရိယာများရွေးချယ်ပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရန်၊ ၂၀၁၅ ခုနှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ ချမှတ်နိုင်ရန်နှင့် ၂၀၁၅ ခုနှစ် ရာသီဥတုပြောင်းလဲမှုလျော့ချရေးဆိုင်ရာ သဘောတူညီချက်များ ချမှတ်နိုင်ရန်ကိစ္စရပ်များ၊ ဂျပန်နိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် လေထုနှင့်ရေထုညစ်ညမ်းမှုတွင် ဖြေရှင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်တွင် အနာဂတ်ဦးတည်ချက်များဆိုင်ရာ ခြုံငုံသုံးသပ်ချက်နှင့် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအစဉ်များ၊ ရရှိနိုင်သည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သဘာဝအရင်းအမြစ်အပေါ် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရေးအတွက် ကာဗွန်ထုတ်လွှတ်မှုမရှိသည့် စွမ်းအင်အရင်းအမြစ်များကို အသုံးချနိုင်ရေးအတွက် ရေရှည်စွမ်းအင် ဆိုင်

ရာမူဝါဒနှင့် လုပ်ငန်းအစီအစဉ်များ စနစ်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကမ္ဘာ့အပူချိန်မြင့်မားမှု (၂) ဒီဂရီစင်တီဂရိတ်ထက် မကျော်လွန်စေရန် ကာဗွန်ထုတ်လွှတ်မှုပမာဏ်ချက်ညီညီ ထိန်းချုပ်နိုင်ရေး စီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် အစိုးရအဖွဲ့အချင်းချင်းပူးပေါင်း၍ နိုင်ငံတကာသဘောတူစာချုပ်များ အထူးသဖြင့် Kyoto Protocol နှင့် Johannesburg Plan များအား အကောင်အထည်ဖော်ရန်ကိစ္စရပ်များ၊ ကမ္ဘာမြေလေ့လာရေးစနစ်တွင် မြို့ပြပတ်ဝန်းကျင် စောင့်ကြည့်စစ်ဆေးရန်၊ Geospatial နည်းပညာဆိုင်ရာ စံသတ်မှတ်ချက်များ၊ လက်တွေ့အသုံးချနိုင်ရေး သုတေသန လေ့လာထားမှုများ၊ ရေရှည်တည်တံ့ပြီး လိုက်လျောညီထွေရှိသည့် မြို့တော်များ တည်ထောင်နိုင်ရေးအတွက် နည်းပညာများ၊ သန့်ရှင်းသပ်ရပ်သောမြို့ပြများ (Smart City)နှင့် ပတ်သက်၍ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု၊ ခံနိုင်ရည်ရှိမှု၊ စဉ်ဆက်မပြတ်သော ပို့ဆောင်ဆက်သွယ်ရေးနှင့် စွမ်းအင်ရရှိမှုနှင့် မြို့တော်ကြီးများအကြား အပြန်အလှန်ချိတ်ဆက် ဆောင်ရွက်နိုင်သော ကောင်းမွန်သည့် မြို့ပြစနစ်အားဖန်တီးနိုင်မှု၊ အစိမ်းရောင်နည်းပညာနှင့် ငွေကြေးအထောက်အပံ့များ ရရှိရန်ကိစ္စရပ်များနှင့် ကောင်းမွန်သော အဖွဲ့အစည်းတစ်ခု ဖြစ်ပေါ်ရန် ပါဝင်ပတ်သက်သူ အားလုံးအတွက် ပူးပေါင်းဖြေရှင်းဖော်ဆောင်နိုင်ရေးစသည့်တို့အား ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် Toshiba Museum သို့သွားရောက်၍ Toshiba မှဆောင်ရွက်နေသည့် စွမ်းအင်စီမံခန့်ခွဲရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နည်းပညာများ၊ စွမ်းအင်ချွေတာရေး ဖြေရှင်းဆောင်ရွက်မှုများ၊ သဘာဝဘေးဒဏ်ခံနိုင်သည့် လူ့အဖွဲ့အစည်းအတွက် သဘာဝဘေးဒဏ် လျှော့ပါးရေးစီမံခန့်ခွဲမှု နည်းပညာများ၊ သန့်ရှင်းသပ်ရပ်သော လူ့အဖွဲ့အစည်းဖြစ်စေမည့် နည်းပညာဆိုင်ရာများအား လည်းကောင်း၊ Nissan ကုမ္ပဏီ၏ နေစွမ်းအင်အသုံးပြု၍ လျှပ်စစ်မော်တော်ကားများ (Electric Vehicle) ထုတ်လုပ်နေမှုနှင့် Hydrogen အားအသုံးပြု၍ မောင်းသူမဲ့မော်တော်ကား ထုတ်လုပ်နေမှုများအားလည်းကောင်း၊ Yokohama City နှင့် Kitakyushu City များသို့ သွားရောက်၍ ၁၉၆၀ ခုနှစ်ခန့်၊ စက်မှုဖွံ့ဖြိုးရေးကာလတွင် ကြုံတွေ့ရသည့် ပတ်ဝန်းကျင်နှင့် ရေညစ်ညမ်းမှုပြဿနာများအား ဖြေရှင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ၊ အခြေခံမြို့ပြပုံစံတည်ဆောက်မှုအား မဟာဗျူဟာစီမံကိန်းများ ပေါင်းစပ်ဆောင်ရွက်နေမှုများ၊ မြို့ပြဖွံ့ဖြိုးရေးစီမံခန့်ခွဲနေမှုများ၊ သန့်ရှင်းသပ်ရပ်သည့် မြို့ကြီးများအဖြစ် တိုးမြှင့်ဆောင်ရွက်နေမှုများ၊ သဘာဝဘေးတားဆီးကာကွယ်နိုင်ရေးနှင့် ရာသီဥတုဒဏ်ခံနိုင်ရည် ရှိစေရေးအတွက် သဘာဝဘေးဒဏ်ခံနိုင်သည့် မြို့ကြီးများတည်ဆောက်နေမှုများ လေ့လာခဲ့ပါသည်။

အစည်းအဝေး တက်ရောက်စဉ်အတွင်း ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် ဂျပန်နိုင်ငံ၊ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E. Mr. Shigeo Kitamura နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများအတွက် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ကာဗွန်လျော့နည်းစေသော အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု နည်းပညာများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များအား ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ပါသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ဇင်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တည်ဆောက်ဆဲ အဆောက်အဦများအား သွားရောက်ကြည့်ရှုစစ်ဆေးခြင်း



ပဲခူးမြို့၊ အမှတ်(၃၈)သစ်စက်ဝန်းအတွင်း၌ ပဲခူးတိုင်းဒေသကြီး၊ ဒုတိယ အတွေတွေမန်နေဂျာရုံးမှ ဝန်ထမ်းများနေထိုင်ရန် မြန်မာ့သစ်လုပ်ငန်းမှ တည်ဆောက်လျက်ရှိသည့် အမှုထမ်းနေအိမ်လုံးချင်းအိမ်ရာများအား ဒုတိယဝန်ကြီးမှကြည့်ရှုစစ်ဆေးနေပုံ။ (၆-၃-၂၀၁၇)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ဇင်သည် ၂၀၁၇ ခုနှစ် မတ်လ ၆ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ တည်ဆောက်ဆဲ အဆောက်အဦနှင့် တည်ဆောက်ရေး လုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး နှင့် မွန်ပြည်နယ်အတွင်းရှိ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများအားတွေ့ဆုံ၍ ဆောက်လုပ်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ နိုင်ငံ

တော်၏ အရအသုံးငွေစာရင်းများကို စစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ လိုက်နာပြုပြင်ဆောင်ရွက်ရန်လိုအပ်ချက်များ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ နေထိုင်ကျင့်ကြံဆောင်ရွက်ရေး၊ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကို မိမိသိရှိနားလည်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးနှင့် အရည်အသွေးတိုးတက်အောင် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

## National Environmental Quality (Emission) Guidelines (Draft) နှင့် ပတ်သက်သည့် ဒုတိယအကြိမ် ရှင်းလင်းဆွေးနွေးပွဲကျင်းပ


ဆွေးနွေးပွဲအခမ်းအနား တက်ရောက်လာကြသူများ မှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။(၁၄-၃-၂၀၁၅)

ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများရေးဆွဲချမှတ်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ဥရောပသမဂ္ဂတို့၏ နည်းပညာအကူအညီဖြင့် ပူးပေါင်းရေးဆွဲပြုစုထားသည့် National Environmental Quality (Emission) Guidelines (Draft)နှင့် ပတ်သက်သည့် ဒုတိယအကြိမ် ရှင်းလင်းဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ မတ်လ(၁၄)ရက်နေ့၊ နံနက်(၉) နာရီအချိန်တွင် အပြည် ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စည်ပင်သာယာရေးကော်မတီများမှ ဖိတ်ကြားထားသည့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ စက်မှုဇုန်များ၊ ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီမှ အဖွဲ့ဝင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သီးခြားဖိတ်ကြားထားသည့် ပြင်ပပညာရှင်များ၊ သတင်းဂျာ နယ်များမှ စုစုပေါင်း(၉၉)ဦး တက်ရောက်ခဲ့ကြပါသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မှဒုတိယဝန်ကြီး ဒေါ်သက်သက်ဇင်က အဖွင့်အမှာစကားပြောကြားရာတွင် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲချမှတ်ခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများအား ရေးဆွဲပြုစုရန် လိုအပ်ရခြင်း အကြောင်းရင်းနှင့် National Environmental Quality (Emission) Guidelines (Draft) တို့ကိုရှင်းလင်း တင်ပြခဲ့ပါသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်း၊ ဥရောပသမဂ္ဂ (International Management Group)မှ အကြံပေးပညာရှင် ဦးရန်မင်းအောင်၊ Asian Development Bank(ADB) မှ Mr. Iain Watson တို့မှ သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အသီးသီးရှင်းလင်းတင်ပြခဲ့ကြပါသည်။

တက်ရောက်လာကြသော လုပ်ငန်းဌာနအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် မေးမြန်းဆွေးနွေးအကြံပြုခဲ့ကြရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် Asian Development Bank(ADB) မှ Mr. Iain Watson နှင့် အမျိုးသားအကြံပေး ဦးရန်မင်းအောင်တို့မှ ပြန်လည်ရှင်းလင်းတင်ပြပေးခဲ့ကြောင်း သိရှိရပါသည်။

**တစ်စေ့မှ တစ်ပင်၊**
**တစ်ပင်မှ တစ်တော၊**
**တစ်တောမှ တစ်တောင်၊**
**တို့စွမ်းဆောင်။**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဌာနဆိုင်ရာအရာရှိများမွမ်းမံ သင်တန်းအမှတ်စဉ်(၁)တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဘာသာရပ် ဆွေးနွေးပို့ချ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ဇင်သည် ၁၆-၃-၂၀၁၅ ရက်နေ့တွင် နေပြည်တော်၊ ရုံးအမှတ်(၁၇)၌ ဖွင့်လှစ်လျက်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဌာနဆိုင်ရာအရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ်(၁)မှ အရာရှိသင်တန်းသားများအား ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းများကို ပို့ချခဲ့ပါသည်။ သင်တန်းသားများအား ကမ္ဘာ့လူဦးရေ တိုးတက်ပြောင်းလဲလာမှုနှင့် လက်ရှိကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေ၊ ပတ်ဝန်းကျင်နှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများနှင့် လိုအပ်ချက်များ၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လုပ်ငန်းဌာနများမှ အရာရှိများ စုစုပေါင်း (၇၄)ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၉-၃-၂၀၁၅ ရက်နေ့မှ ၂၀-၃-၂၀၁၅ ရက်နေ့အထိ ဖြစ်ကြောင်း သိရှိရပါသည်။

### သစ်တောနယ်မြေများ၊ သစ်တောစိုက်ခင်းများအတွင်း ကျူးကျော်ဝင်ရောက်ခြင်း မရှိစေရေးအတွက် အောက်ပါအတိုင်း သိရှိလိုက်နာဆောင်ရွက်သွားရန် သစ်တောဦးစီးဌာနမှ ထုတ်ပြန်ထားခြင်း

(က) သစ်တောဦးစီးဌာနနှင့် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဒေသခံပြည်သူများအား ပညာပေးဟောပြောခြင်း။ သစ်တောသစ်ပင်များ၏ အရေးပါမှုအား အသိပေးရှင်းလင်းခြင်းများဆောင်ရွက်၍ သစ်တောနယ်မြေနှင့် သစ်တောစိုက်ခင်းများအတွင်း ဝင်ရောက်ကျူးကျော်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်၊

(ခ) ကြိုးဝိုင်းနယ်နိမိတ်အမှတ်အသားများ၊ ဆိုင်းဘုတ်များ၊ ဘုတ်တိုင်များ၊ စိုက်ခင်းဆိုင်းဘုတ်များ၊ အသိပေးအမှတ်အသားများ စိုက်ထူခြင်းအား အလေးထားဆောင်ရွက်သွားရန်၊

(ဂ) သစ်တောနယ်မြေနှင့် သစ်တောစိုက်ခင်းများအတွင်း ပုံမှန်ကင်းလှည့်စစ်ဆေးပြီး ကျူးကျော်မှုများတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန်။



သစ်တောကာကွယ် ၊ ဘဏ္ဍာကြွယ်
ပြန်လည်စိုက်ပျိုး ၊ သစ်တောတိုး။

သစ်တောထိန်းသိမ်း တောတွေစိမ်းမှ၊
ချမ်းငြိမ်းပြည့်ရွှာ နိုင်ငံသာ၏။

# တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိသတင်း

## မန္တလေးတိုင်းဒေသကြီး

(၉-၃-၂၀၁၅)ရက်နေ့တွင် စဉ့်ကူးမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးဆောင်သော သစ်တောဝန်ထမ်းများသည် စဉ့်ကူးမြို့နယ်၊ ပင်လယ်ကြီးဘိနယ်၊ မန္တလေး-မိုးကုတ်ကားလမ်း ရွာတော်လေးတိုးဂိတ်အနီးမှ ကျွန်းတံခါးရွက်(အကြီး) ၂၈ချပ်(၁.၀၀၁)တန်၊ ကျွန်းတံခါးရွက်(အသေး)(၇၁)ချပ်(၀.၄၀၃)တန်၊ စုစုပေါင်း(၁.၄၀၄)တန် တင်ဆောင်ထားသော ယာဉ်အမှတ်-2B/1401 NISSAN ယာဉ်အား တရားခံ(၂)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။



## တနင်္သာရီတိုင်းဒေသကြီး

(၁၂-၃-၂၀၁၅)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ဟိန္ဒဘုတ်မြောက်ကျွန်းအနောက်မြောက်ဘက်(၂၄.၁)မိုင်ခန့်အကွာမှ တရားမဝင်သစ်ခွဲသားဆိုဒ်စုံ ခန့်မှန်း(၂၅)တန်ခန့် တင်ဆောင်ထားသော "မြတ်မင်းခန့်" သစ်မှောင်ခိုလှေနှင့် တရားခံ(၇)ဦးအား မောရဝတီ ရေတပ်စခန်းဌာနချုပ်မှ တပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိပစ္စည်းများအား ရေဖြူမြို့နယ် သစ်တောဦးစီးဌာနတွင် ထိန်းသိမ်းထားရှိပြီး ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေ ပုဒ်မ၆(၁)ဖြင့် တရားစွဲဆို ဆောင်ရွက်ထားကြောင်း သိရှိရပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး

(၂၇-၃-၂၀၁၅)ရက်နေ့တွင် ကနီမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ ကနီမြို့နယ် ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကနီမြို့နယ်၊ ချိုင်ကျေးရွာအောက်ဘက် ချင်းတွင်းမြစ်ကမ်းဘေးနေရာမှ တမလန်းခွဲသား(၄)တန် တင်ဆောင်ထားသော မော်တော်အသားခွံ(၁)စီး၊ အင်ခွဲသား(၇)တန် တင်ဆောင်ထားသော စွဲမြင့်မြတ် သံခွံမော်တော်ယာဉ်(၁)စီး၊ အင်ခွဲသား(၇)တန် တင်ဆောင်ထားသော ငွေလင်းယုန်မော်တော်ယာဉ်(၁)စီး၊ အင်ခွဲသား(၁)တန် တင်ဆောင်ထားသော အဖြူရောင် သစ်သားခွံ မော်တော်ယာဉ်(၁)စီး၊ ပျဉ်းကတိုးခွဲသား(၂)တန် တင်ဆောင်ထားသော ကြယ်စင်ဝင်း မော်တော်ယာဉ်(၁)စီးနှင့် တရားခံစုစုပေါင်း(၁၃)ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။







## နေပြည်တော်ကောင်စီနယ်မြေ



(၂၈-၃-၂၀၁၅)ရက်နေ့တွင် လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများနှင့် လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လယ်ဝေးမြို့နယ် စမ်းလေးကြောသုသာန်နှင့်အနီးဝန်းကျင်နေရာမှ ကျွန်းသစ်(ဖုံတို)(၁၀)လုံး (၀. ၈၄၈၀)တန် တင်ဆောင်ထားသော Light Truck အဖြူရောင် ယာဉ်အမှတ် ၈ခ/၃၀၇၂ တစ်စီးအား ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

## မကွေးတိုင်းဒေသကြီး



(၁၇-၃-၂၀၁၅)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော ချင်းတွင်းမြစ်ကြောင်း စိုးမိုးရေးစစ်ကြောင်းအဖွဲ့သည် ပခုက္ကူမြို့၊ ထန်းတောကျေးရွာအနောက်ဘက် ချင်းတွင်းမြစ်အတွင်းမှ တရားမဝင်ပျဉ်းကတိုးခွဲသား (၁၄)ချောင်း (၁. ၉၉၅၂)တန်နှင့် အင်ခွဲသား(၁၇)ချောင်း (၂. ၈၉၈၀)တန် တင်ဆောင်ထားသော စက်လှေ(၁)စီးအား ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

## ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်တွင် တရားမဝင်သစ်(၁၇၃)တန်ကျော်၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

(၂၃. ၃. ၂၀၁၅)ရက်နေ့တွင် ရှမ်းပြည်နယ်၊ ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ခင်မောင်လွင် ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များသည် ရပ်စောက်မြို့အထွက်၊ ရပ်စောက်-ရွှေညောင်ကားလမ်းနံဘေးမှ တရားမဝင်အင်သစ်(၂၅)လုံး (၁၂. ၇၉၆၀) တန် တင်ဆောင်ထားသော ယာဉ်အမှတ်၊ မ/၃၃၇၈ Hino(၁)စီး နှင့် အင်သစ်(၃၀)လုံး (၁၅. ၈၅၈၀) တန်တင်ဆောင်ထားသော ယာဉ်အမှတ်၊ ၃ခ/၇၆၁၉ Nissan ယာဉ်(၁) စီးတို့အား တရားခံ(၄)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။











ဆက်လက်၍ (၂၈. ၃. ၂၀၁၅)ရက်နေ့တွင် တောင်ကြီးခရိုင်၊ ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး မြင့်ထူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်စောက်မြို့နယ်၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ်၊ အုတ်ကျင်းကျေးရွာနေ၊ ဦးစိုးခိုင်၏ သစ်စက်ဝင်းအတွင်း ဝင်ရောက်စစ်ဆေးခဲ့ရာ တရားမဝင် အင်ကြင်း၊ သစ်ယာနှင့် အင်သစ်(၂၄၉)လုံး၊ (၁၄၅. ၅၃၀)တန်၊ လွှဝိုင်း(၃)ဝိုင်း၊ လျှာထိုးစက်(၁)လုံးနှင့် အင်ဂျင်(၂)လုံးတို့အား ဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း တရားမဝင် သစ်ယာ၊ အင်ကြင်းနှင့် အင်သစ်(၁၇၄ )တန်ကျော်အား ဖမ်းဆီးဖော်ထုတ် အရေးယူနိုင်ခဲ့ကြောင်း သိရှိရပါသည်။

# အညာမြေတစ်ခေါက်ရောက်ခဲ့ရသည့် မာစီကောခရီးစဉ်



ခင်သီတာထွန်း(၂၀၀၁)

နှစ်စဉ်ပျမ်းမျှမိုးရေချိန် (၁၅ နှင့် ၃၀ လက်မ) ကြား၊ ပျှမ်းမျှအပူချိန်(၂၆. ၅) ဒီဂရီစင်တီဂရိတ်ရရှိသော စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီး(၃)ခု ပါဝင်လျက်ရှိသော မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသသည် ဧရိယာအားဖြင့် နိုင်ငံ၏(၁၂. ၈၆)% ကျယ်ဝန်းပါသည်။ ယခုအခါ ရာသီဥတုပြောင်းလဲလာခြင်း၊ မုတ်သုန်ကာလများ တိုတောင်းလာ၍ မိုးရွာသွန်းမှုနည်းပါးလာခြင်းနှင့် အပူချိန် ပိုမိုမြင့်တက်လာခြင်းတို့၏အကျိုးဆက်များကြောင့် အပူပိုင်းဒေသမှ ကျေးလက်နေပြည်သူများသည် သီးနှံထွက်နှုန်းများ လျော့နည်းကျဆင်း၍ ဆင်းရဲမွဲတေမှုဒဏ်ကို ပိုမိုခံစားရလျက်ရှိပါသည်။ ထို့အပြင် အပူပိုင်းဒေသမှ အိမ်ထောင်စုအများစုသည် ထင်းမီးသွေးလောင်စာများသာ အဓိကအသုံးပြုလျက်ရှိပြီး လိုအပ်သော ထင်းလောင်စာကို သဘာဝတောများအတွင်း စဉ်ဆက်မပြတ် ခုတ်ယူသုံးစွဲလျက်ရှိရာ သဘာဝတောများ အတန်းအစားကျ၍ ပျက်စီးလာရပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ထင်းသုံးစွဲမှု လျော့နည်းစေရန် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်အမျိုးမျိုးနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲစေခြင်း၊ လူထုပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ထင်းအစားအခြားလောင်စာ တိုးမြှင့်သုံးစွဲသည့် စံပြကျေးရွာများ တည်ထောင်ခြင်း စသည့်လုပ်ငန်းတာဝန်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ သစ်တောဦးစီးဌာနမှလည်း နှစ်စဉ်ကျေးရွာသုံး ထင်းစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများဖြစ်သည့် သဘာဝတောများ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ ပြည်သူဗဟိုပြု ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းစဉ်များ ဖော်ဆောင်ခြင်းတို့ကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀% ခန့်သည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး ကျေးလက်ဒေသများတွင် နေ့စဉ် ထမင်းဟင်းချက်ပြုတ်ရာ၌ လယ်ယာထွက် စွန့်ပစ်ပစ္စည်းများ အနည်းငယ်သုံးစွဲသည်မှအပ ထင်းလောင်စာကိုသာ အဓိကအားထား၍ သုံးစွဲလျက်ရှိပါသည်။ ၁၉၉၈ ခုနှစ်၊ ထင်းအစားအခြားလောင်စာ ထုတ်လုပ်သုံးစွဲခြင်း ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ထင်းလောင်စာသုံးစွဲမှု မြင့်မားဆဲဖြစ်ပြီး၊ နှစ်စဉ် (၂. ၃)% တိုးတက် လျက်ရှိကြောင်းနှင့် ထမင်းဟင်းချက်ပြုတ်ရာတွင် သုံးစွဲသည့် ထင်းပမာဏသည် တစ်နိုင်ငံလုံးထွက်ရှိသည့် ထင်းပမာဏ စုစုပေါင်း၏ ၉၉%ခန့်ရှိကြောင်း သိရှိရပါသည်။

အပူပိုင်းဒေသအတွင်းရှိ တိုင်းဒေသကြီးများအလိုက် မြို့နေအိမ်ထောင်စုတစ်စုသည် တစ်နှစ်လျှင်ပျမ်းမျှ ထင်း(၁. ၄)တန်ခန့်နှင့် ကျေးလက်နေအိမ်ထောင်စု တစ်စုသည် တစ်နှစ်လျှင် ပျမ်းမျှထင်း(၂. ၅)တန်ခန့် သုံးစွဲနေကြောင်းခန့်မှန်းထားရှိပါသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ နှစ်စဉ်ကျေးရွာသုံးစိုက်ခင်းဧက(၃၀၀၀)ခန့် တည်ထောင်စိုက်ပျိုးလျက်ရှိသော်လည်း အလှည့်ကျ ခုတ်ယူဖြည့်ဆည်းပေးနိုင်ရန်အတွက် ကုန်ကျမည့်ရန်ပုံ ငွေနှင့် မြေနေရာ အခက်အခဲများ ရှိလာပါသည်။ သို့ဖြစ်ရာ အပူပိုင်းဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထင်းသုံးစွဲမှုလျှော့ချရေးနှင့် ထင်းအစားအခြားလောင်စာ တိုးမြှင့်သုံးစွဲရေး လုပ်ငန်းစဉ်များအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် လိုအပ်လာပါသည်။

ကျေးလက်ဒေသရှိ မိသားစုများတွင် ထင်းလောင်စာစုဆောင်းခြင်းသည် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်ပြီး အထူးသဖြင့် ကလေးငယ်များနှင့် အိမ်ထောင်ရှင်မများသည် ၎င်းတို့၏အချိန်အများစုကို ထင်းကောက်ထွက်ခြင်း၊ ထင်းလောင်စာ စုဆောင်းခြင်းတို့ဖြင့် ကုန်ဆုံးကြရပါသည်။ ယခုအခါ ထင်းလောင်စာ ရှားပါးလာခြင်းနှင့်အတူ ကျေးလက်ဒေသတွင် အသုံးပြုနေသည့် ဖိုခနောက် မီးဖိုများ (Open Fires)သည် စွမ်းအားမြင့်မီးဖိုများနှင့်ယှဉ်လျှင် ထင်းကုန်ကျမှုများပြားကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ဖိုခနောက်မီးဖိုများ(Open Fires)သည် အိမ်တွင်းလေထုညစ်ညမ်းစေသည့်အပြင် ထမင်းဟင်းချက်ပြုတ်သူ အိမ်ထောင်ရှင်မများအတွက် ကျန်းမာရေးကိုထိခိုက်စေနိုင်သော အဓိကပြဿနာတစ်ရပ် ဖြစ်လာပါသည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(FAO)မှ ၁၉၈၅ ခုနှစ် မှစတင်၍ အာရှဒေသဆိုင်ရာ ထင်းလောင်စာစွမ်းအင်ဖွံ့ဖြိုးမှုအစီအစဉ် (Regional Wood Energy Development Program in Asia)ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ထင်း၊ မီးသွေး

ကုန်ကျမှုသက်သာသည့် မီးဖိုများတီထွင်စမ်းသပ်ဖြန့်ဖြူးရေး၊ ထင်းစိုက်ခင်းများအတွက် သင့်လျော်မည့်အကြီးမြန် သစ်မျိုးများ စမ်းသပ်စိုက်ပျိုးရေးစသည်တို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ထင်း၊ မီးသွေး ကုန်ကျမှုသက်သာသည့် အိမ်သုံးမီးဖိုများ စမ်းသပ်ပြုလုပ်ခြင်း သုတေသနလုပ်ငန်းကို ရေဆင်းသစ်တောသုတေသနဌာနတွင် ၁၉၈၆ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ပါသည်။

၁၉၈၇ခုနှစ်တွင် (Doo. C, ၁၉၈၇)မှ ထင်းတစ်ချောင်းမီးဖိုဟု အမည်ပေးထားသော အိမ်သုံးမီးဖိုများကို စတင် သုတေသနပြုလုပ်ခဲ့ပါသည်။ ထို့နောက် အေဝမ်းမီးဖိုအမည်ဖြင့် ၁၉၉၄ ခုနှစ်တွင် စက်ရုံတည်ထောင်၍ အေဝမ်းမီးဖိုများ ထုတ်လုပ်ရောင်းချခဲ့ပါသည်။ ဤသို့ စွမ်းအားမြင့်မီးဖိုများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်များအား ထိန်းသိမ်းပေးနိုင်သော (Clean Development Mechanism, CDM) တစ်ခုဖြစ်ပါသည်။



မာစီကော မီးဖို ဖြင့် ချက်ပြုတ် နေစဉ်

မာစီကော (Mercy Corps) မြန်မာသည် အပူပိုင်းဒေသတစ်ခုဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ထင်းအသုံးပြုနေကြသော ကျေးလက်နေပြည်သူများ ထင်းကုန်ကျမှုသက်သာ၍ ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်စေနိုင်သော မီးခိုးထွက်သက်သာစေသည့် စွမ်းအားမြင့်မီးဖိုများ တင်သွင်းဖြန့်ဖြူးရေးစီမံကိန်းကို ၂၀၁၃ ခုနှစ်၊ ဇွန်လမှစတင်၍ ဆောင်ရွက်လျက်ရှိပါသည်။ (SONEVA Slow Life Trust)မှ ပံ့ပိုးကူညီပြီး(Orbis Analytics)မှ စီမံကွပ်ကဲမှုဖြင့် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်း၏ ရည်ရွယ်ချက်များမှာ (က) စွမ်းအားမြင့်မီးဖိုကို သုံးစွဲခြင်းဖြင့် ထင်းကုန်သက်သာစေရန်၊ ချက်ပြုတ်ချိန် သက်သာစေရန်၊ (ခ)ထင်းကုန်သက်သာမှုကြောင့် သစ်တောပြုန်းတီးမှု လျော့နည်းလာစေရန်နှင့် ထင်းအတွက် ကုန်ကျငွေသက်သာရန်၊ (ဂ) စွမ်းအားမြင့်မီးဖိုရောင်းချခြင်း လုပ်ငန်းဖြင့် ကျေးလက်နေပြည်သူများ အပိုဝင်ငွေတိုးတက်စေရန်နှင့် (ဃ)မီးခိုးထွက်သက်သာသောကြောင့် ထင်းအသုံးပြုသူများတွင် အဖြစ်များသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားမှု လျော့ချနိုင်ရန်တို့ဖြစ်ပါသည်။

၎င်းစီမံကိန်းမှ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများသို့ စွမ်းအားမြင့် မီးဖိုများအား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ဖြန့်ဖြူးရောင်းချပေးခဲ့ပါသည်။ မာစီကော (Mercy Corps) စီမံကိန်းမှ ဖြန့်ဝေလျက်ရှိသော စွမ်းအားမြင့်မီးဖိုများနှင့်ပတ်သက်၍ သုံးစွဲသူပြည်သူများ၏ တုံ့ပြန်မှုအပေါ် သုတေသနပြု ဆောင်ရွက်သွားနိုင်ရန် သစ်တောသုတေသနဌာန သုတေသီများမှသွားရောက်၍ (PAR-Participatory Action Research)လုပ်ငန်းအား ဆောင်ရွက်ခဲ့ပါသည်။

ပျော်ဘွယ်မြို့နယ်အတွင်း မာစီကောစွမ်းအားမြင့်မီးဖိုသုံးစွဲသည့် ကျေးရွာ(၁၁)ရွာရှိ အိမ်ထောင်စုများအား ကြိုတင်ပြင်ဆင်ထားသော မေးခွန်းပုံစံများမေးမြန်း၍ စာရင်းကောက်ယူ ဆောင်ရွက်ရာတွင် ချမ်းသာ၊ ဆင်းရဲ အလတ်မတူညီသည့် အိမ်ထောင်စုတိုင်းသည် ၎င်းတို့၏လူနေမှုအဆင့်အလိုက် စွမ်းအားမြင့်မီးဖိုများ အသုံးပြုလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ယခုအခါ ကျေးလက်ဒေသများ၌ ထင်းကုန်ကျမှုသက်သာစေသည့် စွမ်းအားမြင့်မီးဖိုများ (Improved Cook Stove, ICS)များ ပြောင်းလဲအသုံးပြုလာကြပြီဖြစ်သော်လည်း မိရိုးဖလာ ဖိုခနောက်မီးဖိုများကိုလည်း အဓိကအားဖြင့် အသုံးပြုနေကြဆဲ ဖြစ်သည်ကိုလည်း လေ့လာတွေ့ရှိ



မာစီကောမီးဖိုအပေါ်ဒေသခံပြည်သူများ၏ တုံ့ပြန်ချက်များအား စာရင်းကောက်ယူနေစဉ်




အိမ်ထောင်စုများ၏လူနေမှုအဆင့်အလိုက် မာစီကောမီးဖိုသုံးစွဲမှုပြပုံ

ခဲ့ပါသည်။ အကြောင်းမှာ စာရင်းကောက်ယူလေ့လာခဲ့သည့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာ(၁၁)ရွာတွင် ထင်းလောင်စာများ စုဆောင်းရရှိနိုင်သော အားသာချက်အဖြစ် အိမ်ခြံစည်းရိုး၊ ယာစည်းရိုး နှင့် လယ်ကန်သင်းများမှ ကန္တာရစိမ်း၊ ရှား၊ ဆီး၊ မန်ကျည်း၊ သဘောက် စသည့်သစ်မျိုးများ ပေါပေါများများ ခုတ်ယူရရှိနေပြီး ထင်းလောင်စာအဖြစ် အလွယ်တကူပင် အသုံးပြုနိုင်ကြကြောင်း ၊ ထင်းလောင်စာအတွက် စုဆောင်း ရာတွင်လည်း အခက်အခဲမရှိ လွယ်ကူစွာပင်စုဆောင်းနိုင်ပြီး ရာခိုင်နှုန်းအားဖြင့် (၉၈%) ရှိကြောင်း လေ့လာသိရှိခဲ့ပါသည်။

မာစီကောမီးဖို အသုံးပြုရာတွင် ကြိုက်နှစ်သက်မှုနှင့် ပတ်သက်၍ တုံ့ပြန်ချက်အပေါ် စစ်တမ်းကောက်ယူ ဆွေးနွေးမေးမြန်းရာတွင် မီးဖိုသုံးစွဲသည့် အချိန်ကာလ ပိုမိုရှည်ကြာသော(၄လ မှ၆လ) ကျေးရွာများသည် သုံးစွဲသည့်အချိန်ကာလ မကြာရှည်သေးသည့်(၁လ မှ ၃လ) ကျေးရွာများထက် အဆင်မပြေဖြစ်မှုများ ထက်ဝက်ခန့်နည်းပါးပြီး ထင်းကုန်ကျမှု သက်သာခြင်းကြောင့် ကြိုက်နှစ်သက်မှု(၇၂)%သည် စွမ်းအားမြင့်မီးဖိုများ သုံးစွဲရာ၌ အဓိကကျသည့် အချက်တစ်ရပ် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။







ကျေးရွာအိမ်ထောင်စုများ သုံးစွဲနေသည့် မီးဖိုအမျိုးအစားများပြပုံ

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် ကျင်းပပြုလုပ်ခဲ့သည့် ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲခြင်းဖြင့် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်ခြင်းကို အထောက်အကူပြုစေခြင်းဆိုင်ရာ ကနဦးအလုပ်ရုံ ဆွေးနွေးပွဲတွင် စွမ်းအားမြင့် မီးဖိုများ၏ ထင်းကုန်သက်သာမှုနှင့် ပတ်သက်၍ အေဝမ်းမီးဖိုသည် (၃၇. ၆) %၊ မာစီကောမီးဖိုသည် (၅၀)%ဖြစ်ကြောင်း ဆွေးနွေးတင်ပြထားပါသည်။ ယခု စစ်တမ်းကောက်ယူခဲ့သော ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာ(၁၁)ရွာတွင် အိမ်ထောင်စုဦးရေ(၂၀၈)စု၏ တုံ့ပြန်ချက်အရ ထင်းကုန်သက်သာမှု ရာခိုင်နှုန်းအနည်းဆုံး(၁၂%)မှ အများဆုံး(၈၄%)ဖြစ်၍ ပျမ်းမျှအားဖြင့်(၅၂)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။





ဒေသခံများ၏ထင်းစုဆောင်းနေပုံ




မီးဖိုသုံးစွဲသူများ၏ ကြိုက်နှစ်သက်မှုနှင့် ပတ်သက်၍ တုံ့ပြန်ချက်များ

ဤသို့ထင်းကုန်ကျမှု သက်သာစေသည့် စွမ်းအားမြင့်မီးဖိုများကို အသုံးပြုခြင်းဖြင့် ထင်းခုတ်ယူစုဆောင်းရသည့် အပူပိုင်းကျေးလက်ဒေသများမှ မိသားစုဝင်ပြည်သူများသည် ၎င်းတို့၏ ထင်းလောင်စာ စုဆောင်းရသည့်အချိန်များ လျော့နည်းလာစေပြီး အခြားဝင်ငွေရရှိစေမည့် လုပ်ငန်းများကို အာရုံစူးစိုက်လုပ်ကိုင်လာနိုင်မည်ဖြစ်ရာ မိသားစု စားဝတ်နေရေးများ ပိုမိုအဆင်ပြေလာနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ထင်းလောင်စာကုန်ကျမှု ထက်ဝက်ခန့်လျှော့ချနိုင်သော စွမ်းအားမြင့်မီးဖိုများအား ပြည်သူများအသုံးပြုလာခြင်းဖြင့် သဘာဝတောကျန်များအတွင်း ထင်းခုတ်ယူမှုများ လျော့နည်းလာနိုင်မည်ဖြစ်ပြီး ထင်းစိုက်ခင်းများ တည်ထောင်စိုက်ပျိုးရသည့် ပမာဏများလည်း လျှော့ချသွားနိုင်မည်ဖြစ်သည်။



| | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | 11 | 12 | 13 | 14 | 15 | 16 | 17 | 18 | 19 | 20 | 21 |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ထင်းကုန်သက်သာမှုရာခိုင်နှုန်း | 12 | 20 | 25 | 30 | 34 | 40 | 43 | 44 | 45 | 47 | 48 | 50 | 52 | 59 | 60 | 65 | 67 | 70 | 75 | 80 | 84 |
| အိမ်ထောင်စုဦးရေ | 1 | 3 | 4 | 1 | 9 | 18 | 1 | 1 | 3 | 1 | 1 | 109 | 1 | 1 | 13 | 1 | 27 | 3 | 5 | 4 | 1 |

မာစီကောမီးဖို၏ ထင်းကုန်သက်သာနိုင်မှု ရာခိုင်နှုန်းပြပုံ

ထို့အပြင် သုံးစွဲသူဒေသခံပြည်သူများမှ ဝယ်ယူသုံးစွဲရသည့် မီးဖို၏ဈေးနှုန်း(လက်ငင်း- ၁၅၀၀၀၊ အရစ်ကျ- ၁၇၀၀၀) ကျပ်အပေါ်တွင် ကျေနပ်နှစ်သိမ့်မှု (၉၀%)၊ မီးဖို၏ အရည်အသွေးအပေါ်တွင် ကြိုက်နှစ်သက်မှု (၉၃%)၊ မီးဖိုသုံးစွဲရာတွင် ရရှိလာသည့် အကျိုးကျေးဇူးများနှင့်ပတ်သက်၍ နှစ်ခြိုက်မှု(၉၅%)နှင့် မီးဖိုအသုံးပြုရာတွင် လွယ်ကူအဆင်ပြေမှုရှိ၍ ကြိုက်နှစ်သက်မှု(၉၂%)ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ သဘာဝတောများ အတန်းအစားကျဆင်း၍ သစ်တောပြုန်းတီးမှုများအား တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးနိုင်သော ဤကဲ့သို့သော စွမ်းအားမြင့်မီးဖိုအမျိုးအစားများအား ပျော်ဘွယ်မြို့နယ်အတွင်း၌သာမကဘဲ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိ အခြားသောဒေသခံပြည်သူများ အသုံးပြုနိုင်စေရန်အတွက် မာစီကော- မြန်မာသည် သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ညှိနှိုင်းပြီး တိုးချဲ့၍ ပိုမိုတွင်ကျယ်စွာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားသင့်ကြောင်း ရေးသားပြုစုတင်ပြလိုက်ပါသည်။

# ရှင်သန်ခြင်း ရဲ့ အဓိပ္ပါယ်

ငွဲလူ

" အန်တီအေး မတွေ့ရတာ အတော်ကြာပြီနော်"

" ဟုတ်တယ်သမီးရယ် အန်တီအေးလည်း ကျန်းမာရေး မကောင်းလို့ အပြင်ထွက်တာနည်းတယ်"

"သမီး အမေရော နေကောင်းရဲ့လား"

"မေမေက အခုတော့ကျန်းမာရေးကောင်းနေတယ်၊ အရင်နှစ် တွေတုန်းက နှလုံးအားနည်းနှလုံးသွေးကြောကျဉ်းလို့ ဆေးခန်းပြရတယ်အန်တီ"

" အေး အေး အန်တီလည်း လာခဲ့ပါဦးမယ်"

ငယ်သူငယ်ချင်း မမြဝင်း၏သမီး ကျောင်းဆရာမလေး မြကြာဖြူနှင့်ဈေးထဲမှအထွက် အမှတ်မထင်ဆုံတွေ့လိုက်ခြင်းဖြစ်သည်။ မမြဝင်းက ဖြူဖြူနွဲ့နွဲ့ နှလုံးအားနည်းသူတစ်ယောက်မို့ ပိုးဟပ်ဖြူလေးလို့ ကျောင်းတက်တုန်းက သူငယ်ချင်းများက ခေါ်ခဲ့ကြဖူးသည်ကို အမှတ်ရနေမိသည်။ တစ်ချိန်တုန်းက တစ်ရုံးထဲတွင် အလုပ်အတူလုပ်ခဲ့ကြသည့် သူငယ်ချင်းမမြဝင်းက သစ်တောဦးစီးဌာနမှ အရာရှိတစ်ဦးနှင့်အိမ်ထောင်ကျပြီး အလုပ်မှနုတ်ထွက်သွားခဲ့သည်။ သူ့အမျိုးသားတာဝန်ကျသည့် နေရာများသို့ ပြောင်းရွှေ့လိုက်ပါနေရသော်လည်း ဇာတိမြေဖြစ်သည့် ကျွန်မတို့မြို့သို့ တစ်နှစ်တစ်ခေါက်လာတတ်စမြဲပင်။

ယခုလည်း အမျိုးသားပင်စင်ယူပြီးနောက် ကျွန်မတို့မြို့မှာပင် အခြေချခဲ့ကြသည်။ မမြဝင်း၏ သားကြီးမှာ သစ်တောတက္ကသိုလ်မှဘွဲ့ရပြီး ယခုပဲခူးရိုးမတွင် စိုက်ခင်းတာဝန်ကျနေသည်ဟု သိရသည်။ သူ၏ သမီးငယ်မြကြာဖြူကတော့ ပညာရေးတက္ကသိုလ်မှဘွဲ့ရပြီး ကျွန်မတို့မြို့ အ.ထ.က (၁)တွင် တာဝန်ထမ်းဆောင်ပြီး မိဘများနှင့်အတူ နေထိုင်လျက်ရှိသည်။ မိသားစုနှင့် အစစအရာရာအဆင်ပြေနေလို့များ မမြဝင်းတစ်ယောက် ကျန်းမာရေးတွေ ကောင်းနေရော့သလား။

အားလပ်သည့် ရာသီဥတုကောင်းမွန်သောနေ့ တစ်နေ့တွင် မမြဝင်းတို့အိမ်သို့ အလည်သွားဖြစ်ခဲ့သည်။

" ဩော် အန်တီအေးပါလား--" ဟု သစ်ပင်စိုက်ပျိုးရန် ကျင်းတူးနေသည့် ခြံစည်းရိုးနံဘေးတစ်ဖက်မှ မမြဝင်း၏ သားကြီးကိုမြဝင်းကောင်းမှ ခြံတံခါးလာဖွင့်ပေးရင်း "အထဲဝင်ပါအန်တီအေး အမေက မီးဖိုချောင်မှာ ကျွန်တော်ပြန်လာ တုန်းဟင်းချက်ကျွေးမယ် လုပ်နေတယ်ဆိုပြီး" " အမေ အန်တီအေးလာတယ်"ဟု တဆက် တည်း လှမ်းအော်ပြောလိုက်ပါသည်။

မမြဝင်းအိမ်ထဲမှထွက်လာပြီး" မမအေး မတွေ့ရတာကြာပြီနော်. သတိရနေတာနဲ့ အတော်ပဲ အိမ်မှာစကားတွေ တဝကြီး ပြောကြမယ် ထမင်းစားပြီးမှ ပြန်ရမယ်နော်၊ သားကြီး ပြန်လာတာနဲ့ ကိုယ်တိုင်မီးဖိုချောင်ဝင်နေတာလေ" ဟု ဝမ်းသာအားရပြောဆိုပါသည်။

"ပြီးအောင်ချက်ပါ မြလေးရယ် ကိုယ်ဘာကူလုပ်ပေးရဦးမလဲ"

"ပြီးသလောက်ရှိနေပါပြီ မမအေးရဲ့ မရမ်းသီးလေးထောင်းဖို့ စီစဉ်ပြီးရင်ပြီးပြီ၊ မမအေးရေနွေးသောက်ရင်း ခဏလောက်နားဦးနော်" "အေးပါကွယ် မြလေးကို ကျန်းကျန်း မာမာပျော်ပျော်ရွှင်ရွှင်နဲ့တွေ့ရတာ မမအေးဖြင့်ပျော်လိုက် တာ မမအေးက ကျန်းမာရေးချူချာလာလို့ ဆေးခန်းပြနေရတယ်၊ မြလေးနဲ့ပြောင်းပြန်ဖြစ်နေတယ်။"

"ဟိုတုန်းက မြလေးက ကျန်းမာရေးချူချာတယ်လေ၊မြလေး ခုလိုကျန်းမာရေးတွေကောင်းနေတာ ဘာဆေးတွေများ စွဲပြီးသောက်နေလို့လဲ မမအေးကိုလည်း ဆေးကောင်းဝါးကောင်းတွေ့ရင် ညွှန်းပေးပါဦးနော်" ဟုပြောရင်း ရေနွေးသောက်အမောဖြေနေမိသည်။ အချိန်ခဏအကြာတွင် "လာ မမအေး-- ဟင်းချက်လို့လည်းပြီးပြီဆိုတော့ ခြံထဲဆင်းလျှောက်ရင်း စကားပြောကြရအောင်ဆိုပြီး မြလေးမှ ဦးဆောင်ခေါ်သဖြင့် မြလေးနှင့်အတူ ကျွန်မ မြလေးတို့ ခြံဝင်းကျယ်ထဲလမ်းလျှောက်ထွက်ခဲ့ကြသည်။

"စောစောတုန်းက မမအေးမေးတဲ့မေးခွန်းကို ဖြေဖို့ အတွက် ခြံထဲမှာ လမ်းလျှောက်ပြီးပြောမှ ပိုပြီးပြည့်စုံမယ်ထင်လို့ မြလေးက မမအေးကိုခြံထဲခေါ်လာတာပါ"

"မြလေးကျန်းမာရေးကောင်းလာတာ ဘာကြောင့်လဲဆိုတော့ ဆေးကောင်းတွေလို့မဟုတ်ပါဘူး။ ကျန်းမာရေးအတွက် သင့်တော်တဲ့ပတ်ဝန်းကျင်နဲ့ သင့်လျော်တဲ့အစားအစာတွေကို ဂရုတစိုက်စားသောက်နေထိုင်ပြုမူခဲ့လို့ပါပဲ။ ပြောရမယ်ဆိုရင် အိမ်က ကလေးတို့အဖေ ဦးကံကောင်းနဲ့သားသမီးတို့ရဲ့ အစီအမံတွေကြောင့် စေတနာတွေကြောင့်လို့ပဲ ပြောရမှာမမအေးရေ "

မြလေးကို ကြည့်ရတာ ကျန်းမာပျော်ရွှင်နေတာမို့ လန်းဆန်းတက်ကြွမှုတွေ ကူးစက်လာသလိုခံစားမိသည်။ "လူတွေ အသက်ရှင်နေထိုင်ဖို့အတွက် လေကိုအဆုတ်ထဲ

ရောက်အောင် အသက်ရှူသွင်းကြရတယ်။ အဲဒီလေဟာ သန့်စင်ပြီး အောက်ဆီဂျင်အပြည့်အဝပါဖို့လိုတယ်၊ အောက်ဆီဂျင်ဘယ်ကရသလဲ။ သစ်ပင်တွေက သဘာဝအလျောက် အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးကြတယ်။ လူတွေနေထိုင်ရာ ပတ်ဝန်းကျင်မှာ သစ်ပင်တွေရှိဖို့မလိုအပ်ဘူးလား။ သစ်ပင်တွေ များများရှိမှ အောက်ဆီဂျင်များများရမယ်။ လူတွေကို အဆိပ်အတောက်ဖြစ်စေမယ့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကို သစ်ပင်တွေက စုပ်ယူတယ်။ သစ်ပင်တွေဟာ လူတွေအသက်ရှင်ဖို့အတွက် ကျေးဇူးရှင်တွေပါ။ ဒါပေမယ့် လူတွေက သစ်ပင်တွေကို စည်းမဲ့ကမ်းမဲ့ခုတ်လာကြတယ်။ ကမ္ဘာကြီးမှာ လေသန့်စင်မှုရာခိုင်နှုန်းတွေလျော့ကျလာတယ်။ လူတွေ လိုအပ်တဲ့ သန့်စင်တဲ့လေနဲ့ အောက်ဆီဂျင်အပြည့်အဝမရနိုင်တော့ လူ့ခန္ဓာကိုယ်မှာ လိုအပ်ချက်တွေ အားနည်းချက်တွေဖြစ်ပေါ်လာတယ်။ အဲ့ဒီတော့ ဘယ်လို ကာကွယ်ကြမလဲ မမအေးရေ"

"မြလေးက သစ်တောအရာရှိကတော်လို့ မပြောရဘူး၊ သစ်ပင်သစ်တောတွေရဲ့တန်ဖိုးကို အတော်သိနေပြီပဲ"

" ဒါတင်မကသေးဘူး မမအေးရဲ့၊ မြလေးတို့နေ့စဉ်စားသုံးနေတဲ့ အသီးအရွက်ကအစ သား၊ ငါးအဆုံး ဓာတုဗေဒ အကူအညီနဲ့ စိုက်ပျိုးမွေးမြူထားတာတွေကိုပဲ စားသုံးနေကြရတယ် မဟုတ်လား၊ ဓာတုဆေးဝါးရဲ့ ဘေးထွက်ဆိုးကျိုးတွေကို လူတွေ လက်တွေ့ခံစားနေကြရတယ်၊ အဲ့ဒီတော့ လူတွေအားလုံးစဉ်းစားဖို့ အချိန်တန်ပြီ မမအေးရဲ့"

"ဟုတ်ပ မြလေးရယ်၊ ကြက်သားဆိုလည်း CP၊ အသီးအရွက်ကလည်း ဓာတုဆေးတွေနဲ့မို့ ချက်ခါနီး ဆားနဲ့ ရေစိမ်ဆေးနေရတယ်"

" ကျွန်မတို့နိုင်ငံက သဘာဝအတိုင်း ထုတ်လုပ်တဲ့ အသီးအနှံတွေရှိတယ်ဆိုပြီး ကမ္ဘာမှာ နာမည်ကျော်ခဲ့ဖူးတယ်၊(၂၀၁၀ခုနှစ်တွင် အမေရိကန်သမ္မတက အော်ဂဲနစ် ဟင်းသီးဟင်းရွက်များ မြန်မာနိုင်ငံမှာ ရရှိနေသေးတယ်လို့ ပြောခဲ့ဖူးတယ်။) အဲ့ဒီအစဉ်အလာကောင်းကို ထိန်းသိမ်းဖို့ သဘာဝမြေသြဇာလုပ်နည်းဖြစ်တဲ့ မွေးမြူထားတဲ့ တိရစ္ဆာန်တွေနဲ့ စိုက်စွန့်ပစ္စည်းတွေကတစ်ဆင့် ဒေါ်ချပ်ကင်၊ အီးအမ်ဘိုကာရှီ နည်းတွေသုံးပြီး သဘာဝမြေသြဇာကို တွင်တွင်ကျယ်ကျယ် သုံးစွဲကြဖို့လိုတာပေါ့။ ကလေးတို့အဖေကတော့ နီးစပ်ရာတောင်သူဦးကြီးတွေကို နည်းပညာပေး စည်းရုံးနေလေရဲ့၊ သဘာဝအတိုင်း ထုတ်လုပ်တဲ့ အသီးအနှံဈေးကွက်ဖြစ်ပေါ်လာရင် တောင်သူတွေအတွက်လည်း ပိုပြီးအကျိုးရှိလာမယ်လို့ မြေလေးရဲ့အမျိုးသားက အမြဲပြောတယ်၊ သူက စိုက်ပျိုးရေး ဝါသနာပါသူပီပီ ခြံထဲမှာ စားသုံးသီးနှံမျိုးစုံ စိုက်ပျိုးထားတယ်၊ အိမ်နောက်ဖေးဈေးဆိုင်တည်ဆိုတဲ့ မြန်မာစကားပုံအတိုင်း လုပ်ထားတာမမအေးရဲ့၊ သားနဲ့သမီးကလည်း အချိန်အားရင် သူတို့အဖေစိုက်ပျိုးထား သမျှတွေကို ဝိုင်းကူလုပ်ပေးကြတယ်။ ကိုယ်တိုင်စိုက်ပျိုးတာမို့ စားရတာစိတ်သန့်တယ်၊ ကျန်းမာရေးနဲ့လည်းညီညွတ်တယ်။ အခုဆိုရင် ခြံထွက်အသီးအနှံမျိုးစုံရနေတာမို့ ဈေးကို မသွားဖြစ်သလောက်ပဲ၊နည်းနည်းပါးပါး လိုတာရှိရင် သမီးက ကျောင်းအပြန်မှာ ဝယ်လာတယ်လေ၊ ဒါကြောင့်မို့ မမအေးနဲ့ ဈေးမှာမဆုံဖြစ်ကြတော့တာ။

"မမအေး နားညီးနေပြီလား၊ လမ်းလျှောက်ရတာ ညောင်းရင် ဟိုဝါးပင်အောက်က ခုံတန်းလျားလေးမှာ ခဏထိုင်ရအောင်"

" နားမညီးပါဘူး မြလေးရယ်၊ အရင်ကဆို လမ်းလျှောက်ပြီးကျောင်းကပြန်ရင် မောမောနေတတ်လို့ စောင့်ခေါ်ပေးရတဲ့မြလေးက အခုလိုသွက်လက်ပြီး စကားတွေပါ အများကြီး ပြောနေလို့ မမအေး အံ့သြဝမ်းသာဖြစ်နေတာ။ ဆက်ပြောပါဦး မြလေးရေ" ဆိုပြီး ခုံတန်းလျားလေးပေါ်တွင် နှစ်ယောက်သားထိုင်ဖြစ်ကြသည်။

"မမအေး သိချင်တဲ့ ဆေးဝါးကောင်းလေး တွေ့ထားရင် ပြောပါဆိုတဲ့ အဓိကအချက်ကို မြလေးပြောပြတော့မယ်နော်၊ တကယ်တော့ -သက်ရှိသတ္တဝါမှန်သမျှ အသက်ရှင်ရပ်တည်ကြဖို့အတွက် ပတ်ဝန်းကျင်ကောင်းဆိုတာ လိုအပ်တယ်၊ ကိုယ်တည်မှီနေရတဲ့ ပတ်ဝန်းကျင်ပျက်စီးသွားရင် ကိုယ်လည်း ဆက်လက်ရှင်သန်ဖို့ မဖြစ်နိုင်တော့ပဲ မျိုးသုဉ်းပျောက်ကွယ်ပျက်စီးသွားရမှာပဲ၊ အသက်ရှင်ရပ်တည်ဖို့ ကိုယ့်ပတ်ဝန်းကျင်ကို ကိုယ်ကောင်းအောင်လုပ်ရမယ်၊ ကိုယ့်ပတ်ဝန်းကျင်ကောင်းဖို့ ကိုယ့်မှာလည်းတာဝန်ရှိတယ်ဆိုတဲ့ အသိလူတိုင်းမှာရှိဖို့လိုတာပေါ့ မမအေးရယ်"

မမအေးသိတဲ့အတိုင်း မြလေးက နှလုံးအားနည်းလို့ အသက်ရှူမဝဖြစ်တတ်တယ်မို့လား။ ကလေးတို့အဖေ က မြလေးကို အသက်ရှူမဝတတ်လွန်းလို့ မြို့ကြီးပြကြီးမှာ အခြေချဖို့ထက် မြို့အစွန်မှာ ခြံကျယ်ကျယ်နဲ့ သစ်ပင်တွေစိုက်ပြီး အေးအေးချမ်းချမ်းနေကြရအောင်လို့ အမြဲပြောခဲ့တာ၊ သမီးမြကြာဖြူ က အမေရေစာစောင်တစ်ခုမှာ ဖတ်လိုက်ရတယ်၊ ဝါးပင်က အခြားသစ်ပင်တွေထက် အောက်ဆီဂျင်သုံးဆ ပိုမိုထုတ်လွှတ်ပေးနိုင်တယ်တဲ့။ အမေ့အတွက် သမီးတို့ခြံဝိုင်းထဲမှာ ဝါးပင်စိုက်ရင်ကောင်းမယ်လို့ ပြောတော့ ကလေးတို့အဖေက ဟုတ်သားပဲ မေ့နေလိုက်တာ ဝါးပင်က အောက်ဆီဂျင်ပိုရတော့ မြလေးအသက်ရှူရတာ ပိုကောင်းတာပေါ့ကွာ ဆိုပြီး သားကြီးနဲ့ ဝါးပင်တွေရှာလာပြီး ဒီဝါးပင်လေးကို စိုက်ပေးထားတာလေ အခုဆို ဝါးရုံပင်တွေက မြင့်တဲ့အတိုင်းပဲ ဝါးကိုတောင် အသုံးပြုလို့ရနေပြီ"

"အဲဒါဆေးကောင်း ဝါးကောင်းပေါ့ မမအေးရဲ့"လို့ ပြောတော့ မမအေးကရယ်လျက် "ဝါးပင်က အောက်ဆီဂျင်ထုတ်ပေးတာ ခုမှပဲ ကြားဖူးတော့တယ်၊ ကမ္ဘာကြီးက တဖြည်းဖြည်း ပူနွေးလာပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာ

တာ၊ အိုဇုန်းလွှာပျက် စီးလာတာတွေတော့ မမအေးလည်း ကြားဖူးဖတ်ဖူးတာလေးတွေတော့ရှိတယ်ကွယ့်" ဟုပြောပါသည်။

" အမေရေစည့်သည်ထမင်းဆာတော့မယ်ဟု"သားကြီးက လှမ်းအော်ပြောမှ ထမင်းစားဖို့သတိရသည်။ မမအေးရေ မတွေ့ရတာကြာလို့ စကားကောင်းနေလိုက်တာ ထမင်းဆာနေရောပေါ့ဟု ပြောရင်းအိမ်အတွင်းသို့ လှမ်းလာခဲ့ကြသည်။

"စကားကောင်းလွန်းလို့ ထမင်းမေ့၊ ဟင်းမေ့ ဆိုသလိုပါကွယ်" ဟု မမအေးပြောသည်.

ဒန့်သလွန်သီးနှင့် ပဲကုလားဟင်း၊ ခရမ်းသီးနှင့် ပုဇွန်ခြောက်အချိုနှပ်၊ ကန်စွန်းရွက်ကြော်၊ မရမ်းသီးထောင်း၊ ငါးကြီးကြော်တို့ဖြင့် ဟင်းပေါင်းစုံလင်လှပါသည်။

ထမင်းပွဲပြင်နေတုန်း သားတို့အဖေ ဦးကံကောင်းပြန်လာသည်။" ထမင်းစားတော့မလား၊ အဖေကြီး" ဟု မြလေးမှ မေးလိုက်သည်တွင် "မြလေးတို့စားနှင့်ကြပါကွာ" "အဖေကြီးရေချိုးလိုက်အုံးမယ် နေ့လယ်တောင်သူဝင်ငွေတိုး အစည်းအဝေးတက်ရမှာ"လို့ပြောပြီး ရေချိုးခန်းထဲဝင်သွားသည်။ မြလေးသားကြီး ကိုမြဝင်းကောင်းမှ "အန်တီအေးအားမနာနဲ့နော် အခုထမင်းပွဲက ဟင်းလျာအားလုံး ခြံထွက်အသီးအနှံတွေချည်းပဲ။ အော်ဂဲနစ်အသီးအရွက်တွေမို့ ဘေးထွက်ဆိုးကျိုးမရှိဘူး အန်တီအေးရဲ့ အားရပါးရစားနော်"ဟု ပြောသည်။ "စားပါတယ်သားကြီးရယ် ဟင်းတွေကလည်း ကောင်း ခြံထဲလမ်းလျှောက်ထားလို့လားမသိဘူး ဒီနေ့ထမင်း ပိုပြီးစားဝင်တယ်" ထိုစဉ်ထမင်းစားပြီးစားဖို့ ခြံထွက်သဘော်သီးစိတ်လေးတွေ အဆင်သင့်လုပ်ထားပြီးပါပြီကြီးကြီး" ဟု တူမလေးနွယ်နီမှ ပြောလေသည်။

"လာ-မမအေး အချိုပွဲစားရင်း စကားဆက်ပြောကြတာပေါ့"

"မြလေးက ခင်ပွန်းသည်နဲ့ အနယ်နယ်အရပ်ရပ် ရောက်ခဲ့ရလို့လား မသိဘူး ဗဟုသုတနဲ့ အတွေးအမြင်တွေပိုပြီး ဆန်းသစ်လာသလိုဘဲ"

"မြလေး အမျိုးသားက ပြောဘူးတယ်-ရုပ်လောက ဖွံ့ဖြိုးတိုးတက်လာတာနဲ့သမျှ သက်ရှိလောက ဆုတ်ယုတ်လာနေတယ်တဲ့။ လူတွေအသက်ရှင်ရပ်တည်ဖို့ ကိုယ့်ပတ်ဝန်းကျင်ကို ကိုယ်တိုင်ပြုပြင်ဖန်တီးတည်ဆောက်ကြရမယ်။ အဲဒီလိုမှ မဟုတ်ရင် သက်တမ်းပြည့် လူတွေနေထိုင်ဖို့ မဖြစ်နိုင်တော့ဘူး။ လူနဲ့လူ့ပတ်ဝန်းကျင်ကောင်းဖို့အတွက် နီးစပ်ရာလူမှုအဖွဲ့အစည်းတွေကတစ်ဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ အရေးတကြီးလိုအပ်နေပြီတဲ့။"

"ဟုတ်တာပေါ့ မြလေးရယ်။ မြလေးတို့ အိမ်နဲ့ခြံမှာ လူအသက်ရှင်ရပ်တည်ဖို့ အခြေခံဖြစ်တဲ့သစ်ပင်၊ သီးပင်စားပင်တွေရှိတယ်။ သစ်ပင်တွေပြုစုရင်း ကိုယ်လက်လှုပ်ရှားမှုလည်း လုပ်ဖြစ်တယ်။ လတ်ဆတ်တဲ့အသီးတွေလည်း စားသုံးရတယ်။ ဒါကြောင့် မြလေး ကျန်းမာရေးကောင်းလာတာဖြစ်ရမယ်"

"မြလေးရဲ့ဆေးကောင်းဝါးကောင်းကို မမအေးကောင်းကောင်းသိသွားပါပြီ"

"စကားကောင်းနေလိုက်တာ မြလေးရယ် နောက်မှလာလည်မယ်နော် မမအေးကို ပြန်ခွင့်ပြုပါအုံးကွယ်" ဟု မမအေးနှုတ်ဆက်သည်။

"တူမလေးနွယ်နီ- မမအေးစားဖို့ ခြံထွက်အသီး၊ အရွက်တွေထည့်ထားပြီးပြီလား"ဟု လှမ်းမေးမိသည်။

"ပြီးပါပြီကြီးကြီး" "ဒီမှာပါ"ဟု ဆွဲခြင်းနဲ့အပြည့် အသီးအရွက်တွေလာပေးသည်။

"ကျေးဇူးပါ မြလေးရယ်"

ခြံဝအထိ မြလေးလိုက်ပို့သဖြင့် နှုတ်ဆက်ပြီးပြန်လာခဲ့သည်။

အိမ်အပြန်လမ်းတစ်လျှောက်တွင် လူတိုင်းလူတိုင်း အသက်ရှင်ရပ်တည်ရေးအတွက် ပတ်ဝန်းကျင်ကောင်း အခြေခံကောင်းဖြစ်ဖို့လိုအပ်သည်ကို စဉ်းစားတွေးတောနေခိုက်လဘက်ရည်ဆိုင်မှ ပျံ့လွင့်လာသည့်"ရှင်သန်ခြင်းရဲ့ အဓိပ္ပါယ်ဘယ်မှာလိုက်လို့ ရှာမယ်"ဆိုသည့် ထူးအိမ်သင်၏ သီချင်းစာသားလေးအားကြားလိုက်ရသည်။

**အသက်ရှင်ရပ်တည်ကြဖို့ ကိုယ့်ပတ်ဝန်းကျင်ကို ပိုကောင်းအောင်ပြုပြင်ကြရင်း ကိုယ့်အတွက် သစ်ပင် ကိုယ်တိုင်ပင် စိုက်သင့်သလို၊ ရှိပြီးသားသစ်ပင်များအား တတ်နိုင်သမျှ စွမ်းပကားဖြင့် ထိန်းသိမ်းတာကွယ် စောင့်ရှောက်ကြရမည့် အချိန်ရောက်ပါပကောလား** ဟုရင်မှာ သံမိဋ္ဌာန်ရေရွတ်လိုက်မိပါတော့သည်။








ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း (၈)ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသ သစ်တောကဏ္ဍဆိုင်ရာ အရာရှိကြီးများအဆင့် မူဝါဒရေးရာသင်တန်းဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၂၃-၃-၂၀၁၅)




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း Myanmar- ICIMOD Day အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၂၅-၃-၂၀၁၅)



အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဆုရရှိကြသူများ အမှတ်တရမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးစဉ်။ (၂၁-၃-၂၀၁၅)






ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးမြင့်မောင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ သစ်တောဦးစီးဌာန
စုဝေးခန်းမတွင် ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (၇-၃-၂၀၁၅)





ဒုတိယဝန်ကြီးဦးအေးမြင့်မောင် အင်းလေးကန်ဇီဝအဝန်းနယ်မြေ စီမံအုပ်ချုပ်မှု စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ဆက်စပ်ပတ်သက်သူများ၏
ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၉-၃-၂၀၁၅)



ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဧရာဝတီတိုင်းဒေသကြီး၊
လပွတ္တာမြို့နယ်၊ အရာတော်လေးကျေးရွာအနီး
မြင်အလန်းကြိုးဝိုင်း အကွက်အမှတ်(၅၉)အတွင်းရှိ
၁/၂၀၀၄ ဒီရေတောစိုက်ခင်း(၅၅၀)ဧကအား
ကြည့်ရှုစစ်ဆေးစဉ်။
(၂၄-၃-၂၀၁၅)




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အာရှဒေသခေါင်းဆောင်မှုအစီအစဉ်၏ အဆင့်မြင့် ကိုယ်စားလှယ်ကြီးများအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။ (ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ ၂-၃-၂၀၁၅)




ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ဒုတိယအကြိမ် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးလမ်းညွှန်ချက်များ(မူကြမ်း)နှင့် ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (၁၄-၃-၂၀၁၅)




ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဌာနဆိုင်ရာအရာရှိများ မွမ်းမံ သင်တန်းအမှတ်စဉ်(၁)တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘာသာရပ်များ ဆွေးနွေးပို့ချစဉ်။ (၁၆-၃-၂၀၁၅)

ဝန်းကျင် / သားငှက်ကဏ္ဍ

# ထမံသီ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ကင်မရာထောင်ချောက်များအသုံးပြု၍ တောရိုင်းတိရစ္ဆာန်များ၏ ပျံ့နှံ့ကျက်စားမှုများအားလေ့လာခြင်း































ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း နေထိုင်ကျက်စားလျက်ရှိသော ကျား၊ အင်းကျားအပါအဝင်အခြား တောရိုင်းတိရစ္ဆာန်မျိုးစိတ်များအား သိပ္ပံနည်းကျလေ့လာဆန်းစစ်ရန် ရည်ရွယ်၍ ထမံသီဘေးမဲ့တောဝန်ထမ်းများနှင့် WCS တို့ပူးပေါင်း၍ ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဝန်းကျင်ရှိ နမ့်ပုဂွန်ချောင်းဧရိယာ ဧက ၄၀၀၀၀အတွင်း တည်နေရာ (၈၂) နေရာ၌ ကင်မရာထောင်ချောက် ၁၆၄ လုံး တပ်ဆင်၍ တောရိုင်းတိရစ္ဆာန်များ၏ ပျံ့နှံ့ကျက်စားမှုအား ၁-၁၂-၂၀၁၄ မှ ၁၄-၁-၂၀၁၅ ရက်နေ့တွင် တစ်ကြိမ် ၊ ၁၅-၁-၂၀၁၅ မှ ၂၈-၂-၂၀၁၅ ရက်နေ့အထိ တစ်ကြိမ် ကာလ(၂)ခု ပိုင်းခြားကာ လေ့လာဆောင်ရွက်ခဲ့ကြပါသည်။

ကင်မရာထောင်ချောက်များမှ ကျားပုံ (၇၅) ပုံ၊ အင်းကျား(၃၃)ပုံနှင့် အခြားတောရိုင်းတိရစ္ဆာန်မျိုးစိတ်(၂၅) မျိုးတို့၏ပုံများကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ကင်မရာထောင်ချောက် ဓာတ်ပုံမှတ်တမ်းများအရ မျိုးသုဉ်းရန် အန္တရာယ်ရှိသောမျိုးစိတ်(Endangered)ဖြစ်သည့် ကျားအပါအဝင် အင်းကျား၊ ကြောင်မျိုးစိတ်များဖြစ်သည့် သစ်ကြောင်၊ ကြောင်ဝံပိုက်၊ ကြောင်မြင်း၊ ဝံကြောင်၊ ကြောင်ဝံနားရွက်ဖြူ၊ ကြောင်မင်းစသည့် ကြောင်မျိုးစိတ်များ စက်ခလောက်၊ ဖြူမြီးဖွား၊ ဖြူကောင်ကြီး၊ မြင်းဝံ၊ ပြောင်၊ တောဆိတ်၊ ဂျီ၊ တောဝက်၊ မျောက်ပုတီး၊ မျောက်မြီးတို၊ မျောက်စပ်စသည့် အခြားနို့တိုက်သတ္တဝါမျိုးစိတ်များနှင့် ငှက်မျိုးစိတ်များဖြစ်သည့် ဒေါင်းမင်းနှင့်ရစ်ပြာ စသည်တို့ကျက်စားလျက် ရှိကြောင်း လေ့လာတွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။


သစ်ကြောင်(Prionailurus bengalensis)

ကင်မရာထောင်ချောက်များမှရရှိခဲ့သည့် ကျားပုံများအား ဆန်းစစ်လေ့လာရာတွင် ကျားကောင်ရေ(၆) ကောင်ခန့် ကျက်စားလျက်ရှိသည်ဟု ခန့်မှန်းရပြီး ကျားစားခံမျိုးစိတ်များ(Prey species)အများအပြားလည်း တွေ့ရှိရသဖြင့် နိုင်ငံအဆင့် ကျားကောင်ရေ ပြန်လည်တိုးပွားရေးအစီအစဉ် (National Tiger Recovery Program)ပါ ရည်မှန်းချက်တစ်ခုဖြစ်သည့် ၂၀၂၂ တွင် ကျားကောင်ရေ(၂)ဆ တိုးပွားရေးအတွက် ထမံသီဘေးမဲ့တောသည် အသင့်တော်ဆုံး ကျားကျက်စားနယ်မြေ တစ်ခုဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။


ကြောင်မင်း(Catopumatemminckii)

တောအတန်းအစားကောင်းမွန်ကြောင်း ညွှန်ပြသည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များစွာ ပျံ့နှံ့ကျက်စားလျက်ရှိသည်ကို စနစ်တကျမှတ်တမ်းတင် တွေ့ရှိရခြင်းကြောင့် ထမံသီတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော၏ တောအတန်းအစားသည် ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် ကင်မရာထောက်ချောက်များ အသုံးပြု၍ တောရိုင်းတိရစ္ဆာန်များ၏ ကျက်စားမှုရလာဒ်ကောင်းများကို စဉ်ဆက်မပြတ် မှတ်တမ်းတင်နိုင်ခြင်းအားဖြင့် တောရိုင်းတိရစ္ဆာန်ကွင်းဆင်းလေ့လာ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ဘေးမဲ့တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲနိုင်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။


စက်ခလောက်(Martes flavigula)


တောခွေး(Cuon alpinus)


ဖြူမြီးဖွား(Atherurus macrourus)

# နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်(NBSAP)ပြင်ဆင်ရေးဆွဲရေးဆိုင်ရာ ရည်မှန်းချက်များနှင့် အညွှန်းကိန်းများသတ်မှတ်ခြင်းစွမ်းဆောင်ရည်မြှင့်တင်ရေး



ဇီဝမျိုးစုံမျိုးကွဲများသည် လူ့အဖွဲ့အစည်းသာယာဝပြောရေးအတွက် အဓိကထောက်ပံ့ပေးနေသော အစိတ်အပိုင်းတစ်ခုဖြစ်သည့်အလျောက် ၎င်းတို့အား ထိန်းသိမ်းကာကွယ်ရန်နှင့် မှန်ကန်စွာအသုံးချရန် အလွန်အရေးကြီးပါသည်။ ကျွန်ုပ်တို့၏ အခြေခံလိုအပ်ချက်များဖြစ်သော အစားအစာ၊ နေရာထိုင်ခင်း၊ အဝတ်အစား၊ အလှကုန်ပစ္စည်း၊ ဆေးဝါးနှင့် အပန်းဖြေခြင်းစသည်တို့သာမက ရာသီဥတုတည်ငြိမ်မှုတစေခြင်း အကျိုးကျေးဇူးများကိုလည်း ဇီဝမျိုးစုံမျိုးကွဲများက ထောက်ပံ့ပေးစွမ်းနေပါသည်။

မြန်မာနိုင်ငံသည် အာရှနှင့် ပစိဖိတ်ဒေသအတွင်း ဇီဝမျိုးစုံမျိုးကွဲ အကြွယ်ဝဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း (UNCBD) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၎င်းကွန်ဗင်းရှင်းအရ ကတိကဝတ်အနေဖြင့် မြန်မာနိုင်ငံသည် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (National Biodiversity Startegy and Action Plan- NBSAP)ကို ၂၀၁၁ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ၂၀၁၂ ခုနှစ်၊ မေလ(၃)ရက်နေ့တွင်ပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၂)မှ NBSAPကို အတည်ပြုပြီးဖြစ်ပါသည်။NBSAP ၏ ရည်ရွယ်ချက်(၂)ခုမှာ -(၁) ဇီဝမျိုးစုံမျိုးကွဲ စီမံအုပ်ချုပ်ခြင်းအတွက် ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် ဦးစားပေး အဆင့်အတန်းများ သတ်မှတ်ရန်နှင့် (၂)ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကိစ္စရပ်များကိုဖြေရှင်းရာတွင် ရွေးချယ်ဆောင်ရွက်သင့်သည့် နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်စေရန်တို့ ဖြစ်ပါသည်။

၁၉၉၂ ခုနှစ်၊ ဘရားဇီးလ်နိုင်ငံ၊ နီယိုဒီဂျနေရိုးမြို့တွင် ပြုလုပ်သည့် ကမ္ဘာ့ကုလသမဂ္ဂ သဘာဝဝန်းကျင်နှင့် ဖွံ့ဖြိုးမှုဆိုင်ရာညီလာခံ(UNCED)မှ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း(CBD)၊ ကုလသမဂ္ဂသဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း(UNCCD)နှင့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း(UNFCCC)တို့ပေါ်ထွက်လာခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ် ဂျပန်နိုင်ငံ၊ နာဂိုယာမြို့ အာအိချိဒေသတွင် ကျင်းပခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း၏(၁၀)ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများညီလာခံတွင် ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲဆယ်စုနှစ်(United Nations Decade on Biodiversity 2011-2020)ကို လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲ မဟာဗျူဟာစီမံချက် (Biodiversity Startegic Plan 2011-2020) ကို ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ဆက်စပ်ဌာနအဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများပါဝင်မှုဖြင့် NBSAP ကို ပြင်ဆင်ရေးဆွဲနေခြင်းဖြစ်ပြီး IUCN ပညာရှင်များက အကြံပေးများအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးမဟာဗျူဟာနှင့်လုပ်ငန်းစီမံချက်(NBSAP)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ယူရေးဆွဲခဲ့သော်လည်း ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ပတ်သက်နေသည့် အဖွဲ့အစည်းများကပါ ပူးပေါင်းသွားကြရန် တာဝန်ရှိပါသည်။ သို့ဖြစ်ရာ သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက NBSAP ပြင်ဆင်ရေးဆွဲရေးဆိုင်ရာ ရည်မှန်းချက်များနှင့် အညွှန်းကိန်းများသတ်မှတ်ခြင်း စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ မတ်လ(၃၀)နှင့် (၃၁)ရက်နေ့တို့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် အာအိချိဇီဝမျိုးစုံမျိုးကွဲရည်မှန်းချက်များကိုအခြေခံ၍ မေးခွန်းများဖော်ထုတ်ခြင်း၊ ရည်မှန်းချက်များနှင့် အညွှန်းကိန်းများချမှတ်ခြင်း စသည်တို့ကို အုပ်စုဖွဲ့၍ ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲတက်ရောက်လာသူများအနေဖြင့် ၎င်းတို့အဖွဲ့အစည်း/ဌာနအသီးသီးမှ NBSAP ပြင်ဆင်ရေးဆွဲရေးတွင် အထောက်အကူပြုနိုင်မည့် အချက်အလက်များလည်း အကြံပြုတင်ပြခဲ့ကြောင်း သိရပါသည်။

NBSAP ပြန်လည်ပြင်ဆင်ရေးဆွဲခြင်းအားဖြင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စေခြင်း၊ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးစီမံအုပ်ချုပ်ခြင်းနှင့် မှန်ကန်စွာအသုံးချခြင်းတို့ကို အထောက်အကူပြုနိုင်မည့်မူဘောင်တစ်ခုကို ရရှိလာမည်ဖြစ်ပါသည်။ နိုင်ငံ၏ သဘာဝအရင်းအမြစ်များ၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အကြံပြုချက်များ၊ သုံးသပ်ချက်များနှင့် ဆွေးနွေးချက်များအပေါ် အခြေခံလျက် ပြင်ဆင်ရေးဆွဲမည်ဖြစ်သောကြောင့် ဘက်စုံလွှမ်းခြုံပါဝင်ပြီး မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲစီမံအုပ်ချုပ်ခြင်းနှင့် အသုံးပြုခြင်းတို့အတွက် အလွန်အရေးကြီးသော အခြေခံမူဘောင်တစ်ခုဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။

(သတင်းဆောင်းပါးရေးသားသူ— ဒေါ်မေဇင်မြင့် - တောအုပ်ကြီး(တိုးချဲ့))

# တို့တို့ထွာထွာမှတ်စရာ-၉

**တက္ကသိုလ်ဆရာတစ်ဦး**

## လေထုအရည်အသွေး - Air Quality

လေထု၏ အရည်အသွေးကို သတ်မှတ်ရာတွင် နိုင်ငံအသီးသီးက အမည်အမျိုးမျိုးဖြင့် သတ်မှတ်သည်။ လေထုအရည်အသွေးညွှန်းကိန်း - Air Qualtity Index (AQI )ဟုလည်းကောင်း၊ဘုံလေထုအရည်အသွေးညွှန်းကိန်း - Common Air Qualtity Index (CAQI) ဟုလည်းကောင်း၊ လေထုအရည်အသွေး ကျန်းမာရေးညွှန်းကိန်း Air Qualtity Health Index ( AQHI ) ဟုလည်းကောင်း၊ လေထုညစ်ညမ်းမှုညွှန်းကိန်း Air Pollution Index (API) ဟုလည်းကောင်း၊ညစ်ညမ်းမှုစံညွှန်းကိန်း -Pollutent Stantards Index (PSI) ဟုလည်းကောင်းခေါ်ဝေါ်ကြသည်။ လေထုအရည်အသွေးကို သတ်မှတ်ရာတွင် နိုင်ငံအများစုက ညစ်ညမ်းအမှုန်များ၊ မြေပြင်ရှိ အိုဇုန်းဓာတ်ငွေ့၊ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ ကာဗွန်မိုနော့ဆိုက်ဓာတ်ငွေ့နှင့် နိုက်ဒရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ၏ လေထုအတွင်းရှိနေသော ပမာဏများကို အဓိကတိုင်းတာပြီး သတ်မှတ်လေ့ရှိကြသည်။

ကနေဒါနိုင်ငံက လေထုညစ်ညမ်းမှုကို အဆင့်လေးဆင့်ဖြင့် သတ်မှတ်ပြီး AQHI - ၁ မှ ၃ ကို ကျန်းမာရေးထိခိုက်မှု အဆင့် ၁ (Low) ဟု သတ်မှတ်ထားကာ ကျန်းမာရေးအတွက် ကောင်းမွန်သော အခြေအနေအဖြစ် ထားရှိပြီး၊ AQHI ၄ မှ ၆ ကို အဆင့် ၂ (Moderate) ဟု သတ်မှတ်ပြီး လူကောင်းများအနေဖြင့် ချောင်းဆိုးခြင်း၊ လည်ချောင်း ယားယံခြင်း စသည်များကို မခံစားရပါက သာမန်လုပ်ရိုးလုပ်စဉ်အတိုင်း သွားလာလှုပ်ရှားနိုင်ကြောင်း AQHI ၇ မှ ၁၀ ကို အဆင့် ၃ ( High ) ဟု သတ်မှတ်ပြီး အားသွန်ခွန်စိုက်လုပ်ရမည့် အလုပ်များ၊ ပင်ပန်းမည့်အလုပ်များကို ရှောင်ရှားကြရန်ဖြစ်ကြောင်း၊ AQHI ၁၀ ကျော်သွားပါက (၁၀+) အဆင့် ၄ ဟုသတ်မှတ်ထားပြီး ရောဂါအခံရှိသူများအနေနှင့် အိမ်ပြင်တွင် ကာယလေ့ကျင့်ခန်းများလုပ်ခြင်း၊ ပင်ပန်းသော အလုပ်များလုပ်ခြင်းမှ ရှောင်ကြည်ကြရန်နှင့် ကျန်းမာရေးကောင်းသူများသည်လည်း ချောင်းဆိုးခြင်း၊ လည်ချောင်းယားယံခြင်းများကို ခံစားရပါက အိမ်ပြင်ပတွင် ပင်ပန်းသော အလုပ်များ၊ လေ့ကျင့်ခန်းများ မလုပ်ကြရန် သတိပေးထားကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံတွင်မူ လေထုညစ်ညမ်းမှုကို အဆင့်ခြောက်ဆင့်ဖြင့် သတ်မှတ်ပြီး AQI - ၀ မှ ၅၀ ကို Excellent ၊ AQI ၅၁ မှ ၁၀၀ ကို Good ၊ API ၀၀၁ မှ ၁၅၀ ကို Light Pollutant ၊ ၁၅၁ မှ ၂၀၀ ကို Moderately Pollutant ၊ ၂၀၁ မှ ၃၀၀ ကို Heavily Polluted နှင့် API ၃၀၀ ၏အထက်ကို Severely Pollutant ဟု အသီးသီး သတ်မှတ် ကြသည်။ AQI ၃၀၀ ထက်ကျော်လွန်ပါက ကျန်းမာရေး ကောင်းသူများပင် ခံနိုင်ရည်ကျဆင်းနိုင်ကြောင်း၊ အိမ်ပြင်ပလှုပ်ရှားမှုများကို ရှောင်ရှားကြရန်နှင့် အသက်အရွယ်ကြီးသူများနှင့် မကျန်းမာသူများ အိမ်တွင်း၌သာ နေထိုင်ကြရန်နှင့်လေ့ကျင့်ခန်းများ မပြုလုပ်ကြရန်သတိပေးထားသည်။

အီးယူအဖွဲ့ဝင် နိုင်ငံများအနေဖြင့် လေထုညစ်ညမ်းမှုကို အဆင့် ၅ ဆင့်ဖြင့် သတ်မှတ်ပြီး CAQI - ၀ မှ ၂၅ ကို Very low အဆင့်၊ ၂၅ မှ ၅၀ ကို Low အဆင့်၊ ၅၀ မှ ၇၅ ကို Medium အဆင့်၊ ၇၅ မှ ၁၀၀ ကို High အဆင့်နှင့် ၁၀၀ ၏အထက်ကို Very High အဆင့်အဖြစ် အသီးသီး သတ်မှတ်ထားသည်။ CAQI ကိုသတ်မှတ်ရာတွင် ညစ်ညမ်းအမှုန် PM ၁၀၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နှင့် အိုဇုန်းဓာတ်ငွေ့များကို အဓိကထားသည်။ သို့သော် PM ၂.၅ ၊ CO နှင့် $SO_2$ တို့ကို တိုင်းတာထားသည့် ကိန်းဂဏန်းများရှိပါက ထည့်သွင်းတွက်ချက်သည်။

ဟောင်ကောင်က API ဖြင့် အဆင့် ၅ ဆင့်ထားရှိပြီး၊ API ၀ မှ ၂၅ ကို Low Level၊ API ၂၆ မှ ၅၀ ကို Medium Level၊ API ၅၁ မှ ၁၀၀ ကို High Level? API - ၁၀၁ မှ ၂၀၀ ကို Very High Level နှင့် API ၂၀၁ မှ ၅၀၀ ကို Severe Level ဟု အသီးသီး သတ်မှတ်ထားသည်။

အမေရိကန်ပြည်ထောင်စုရှိ Environmental Protection Agency ( EPA ) က လေထုညစ်ညမ်းမှုကို အဆင့် ၆ ထားရှိပြီး AQI - ၀ မှ ၅၀ ကို ကျန်းမာရေးအဆင့် Good (အစိမ်းရောင်) ဟုလည်းကောင်း၊ ၅၁ မှ ၁၀၀ ကို Moderate ( အဝါရောင် ) ဟုလည်းကောင်း၊ ၁၀၁ မှ ၁၅၀ ကို ထိခိုက်လွယ်သူများအတွက် ကျန်းမာရေးနှင့် မညီညွတ်သော အခြေအနေ - Unhealthy for Sensitive Groups ( လိမ္မော်ရောင် ) ဟုလည်းကောင်း၊ ၁၅၁ မှ ၂၀၀ ကို ကျန်းမာရေးနှင့် မညီညွတ်သောအခြေအနေ-Unhealthy ( အနီရောင် ) ဟုလည်းကောင်း၊ ၂၀၁ မှ ၃၀၀ ကို ကျန်းမာရေးနှင့်မညီညွတ်သော အလွန်ဆိုးဝါးသည့် အခြေအနေ Very Unhealthy (ခရမ်းရောင်) ဟုလည်းကောင်း၊ ၃၀၁ မှ ၅၀၀ ကို အန္တရာယ်ရှိသောအဆင့် - Hazardous (ကြက်သွေးရင့်ရောင်) ဟုလည်းကောင်း၊ အသီးသီး သတ်မှတ်ထားသည်။

# ၂၀၁၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲမှ ပထမဆုရဆောင်းပါးအား ဂုဏ်ပြုဖော်ပြပါသည်။

21 March
International Day of Forests

21 March
International Day of Forests




သစ်တောကြီးများသည် သဘာဝရာသီဥတုကို ပြုပြင်ပြောင်းလဲပေးနိုင်သည်ဆိုသောအချက်ကို ယနေ့သိပ္ပံပညာရှင်တိုင်းက ခြွင်းချက်မရှိ လက်ခံနေကြပါသည်။ **"ဥတုရာသီတောကိုမှီ"**၊ **"တောတောင်စိမ်းမှ စမ်းရေ ရ၏"**၊ **"တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏"**၊ **"ရွှေပင်ငွေခက် တောမှထွက်၏"**၊ **"သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး"** ဟူသော ဆောင်ပုဒ်များကို ပြည်သူတို့ သိနေကြပြီးလည်း ဖြစ်ပါသည်။

သဘာဝလောကကြီးက လက်ဆောင်အဖြစ် ပေးထားသော သစ်တောကြီးများနှင့် ဘိုးစဉ်ဘောင်ဆက် အမွေပေး၍ စိုက်ပျိုးထားခဲ့သော သစ်တောကြီးများ အစဉ်ရှင်သန်ကြီးပွားနေစေရန် တာဝန်သိသိ၊ သဘာဝတရား မိမိဖြင့်ကျွန်ုပ်တို့က ဆက်လက်ခံယူပျိုးထောင်ပေးရပါမည်။ ထိန်းသိမ်းကြပ်မတ်ပေးရပါမည်။ စောင့်ရှောက်ပေးရပါမည်။ အမှန်အားဖြင့် သစ်တောကြီးများသည် လူသားတို့ကို နှစ်စဉ်အံ့သြဖွယ်ကောင်းလောက်အောင် အကျိုးပြုလျက်ရှိပေသည်။ သစ်လုပ်ငန်းဖြင့် အသက်မွေးမြူရခြင်း၊ သစ်ဖြင့် နေစရာအိမ်များဖန်တီးနိုင်ခြင်း၊ သစ်ဖြင့် အိမ်ထောင်ပရိဘောဂများဖန်တီးနိုင်ခြင်း၊ သစ်ဖြင့် လောင်စာ ထင်း၊ မီးသွေးတောင့်ထုတ်လုပ်နိုင်ခြင်း၊ သစ်တောကြီးများဖြင့် လေပြင်းဒဏ်ကိုကာကွယ်ပေးနိုင်ခြင်း၊ မိုးရွာသွန်းမှုအနည်းအများကို ဖန်တီးနိုင်ခြင်း၊ သစ်ဖြင့် ရေကြောင်း၊ ကုန်းကြောင်း သွားလာနိုင်ခြင်း၊ လှေ၊ လှည်းများ ဖန်တီးနိုင်ခြင်း၊ သစ်ဖြင့် နိုင်ငံခြားငွေရှာဖွေပေးခြင်း၊ သစ်ပင်သစ်တောများဖြင့် မြေဆီလွှာ ကောင်းမွန်အောင် ထိန်းသိမ်းပေးခြင်း၊ ရာသီဥတုမျှတသာယာခြင်းစသည့် အကျိုးတရားများကို သစ်တောကြီးများက အမြဲအပြတ် ထုတ်လုပ်ပေးလျက်ရှိပေသည်

တစ်ဖန် ကမ္ဘာပေါ်တွင် သစ်ပင်များမရှိပါက သက်ရှိသတ္တဝါအားလုံးပျောက်ကွယ်သွားနိုင်၏။ တစ်နည်းဆိုရသော် သစ်ပင်သည် သက်ရှိတို့၏ အသက်နှင့်လည်းတူ၏။ သစ်ပင်ပေါများခြင်းသည် သတ္တဝါတို့အတွက် အစာရေစာပေါများစေပြီး အေးငြိမ်းသာယာစေ၏။ ထို့အတူ သစ်တောများသည် နိုင်ငံတိုင်း၌ တိုင်းပြည်၏ဘဏ္ဍာကို တစ်နည်းတစ်လမ်း၊ သွယ်နည်းသွယ်ဟန်ဖြင့် ဖြည့်ဆည်းပေးနေလေ၏။ တစ်နည်းဆိုရသော် သစ်တောနှင့်သစ်ပင်ကား နိုင်ငံများစွာဖြင့် ဖွဲ့စည်းထားသော ကမ္ဘာ၏အသက်ဟုဆိုလျှင် မှားလိမ့်မည်မထင်ပေ။ ယုတ်စွအဆုံးသစ်ပင်သစ်တောများသည် လူသားနှင့် သက်ရှိသတ္တဝါတွေအား အကျိုးမဲ့စေသော ကာဗွန်ဓာတ်များကို ဖယ်ရှားပေးပြီးသတ္တလောကအတွက် မရှိမဖြစ် အဓိကလိုအပ်လှသည့်အောက်စီဂျင်ဓာတ်ကို ထုတ်လုပ်ပေးပါသည်။

ထို့ကြောင့် သစ်ပင်တစ်ပင်၊ သစ်ပင်တစ်အုပ်အစုအဝေးမှ သစ်ပင်တို့များစွာ ပေါက်ရောက်နေသော တောတောင် သစ်ရိပ်ဝန်းကျင်တို့ကင်းမဲ့ရာ လွင်တီးခေါင်ဒေသ၊ သဲကန္တာရများတို့တွင် သက်ရှိသတ္တဝါအများ အသက်ရှင်နေထိုင်ရန် ခဲယဉ်းသည့်အလျောက် သွားရောက်ကာ အခြေချမနေထိုင်လိုကြပေ။ သဘာဝသစ်တောသစ်ပင်တို့ ရှင်သန်ဖြစ်ထွန်းရာ အရပ်ဒေသတွင်သာ နေထိုင်ချင်ကြသောအချက်ကိုတွေ့ရသည်။ ကွဲပြားခြားနားသော အမြင်ပင်ဖြစ်သည်။ ယင်းသို့ ကွဲပြားခြားနားစေသည့်အလျောက် လူသားနှင့်သက်ရှိ သတ္တဝါတို့အတွက် စားဝတ်နေရေးမှာလည်း မတူညီတော့ပေ။ အဆိုပါဒေသတို့တွင် ဘဝအတွက် အခက်အခဲ၊ အကြပ်အတည်းများတို့ကို များစွာကြုံတွေ့ရရင်း၊ ဒုက္ခအမျိုးမျိုးကိုလည်း ခံစားကြရသည်။ ဘဝ၏ရှင်သန်ရပ်တည်နိုင်ရေးအား ကြီးမားစွာ ရုန်းကန်ရင်ဆိုင်ကြရသည်။ သက်တမ်းတိုတောင်းကြရသည်။ လူ့ဘဝတွင် ခါးသီးလှသော အဖြစ်မျိုးကို လူသားတို့ မလိုလားကြပေ။

သို့ဖြစ်လျှင် ရာသီဥတုတို့ကိုဖြစ်ပေါ်စေသော သစ်ပင်သစ်တောကြီးများ အပါအဝင် သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုး တန်ဖိုးထားကြဖို့ လိုအပ်လှပေသည်။ မိမိ၊ မိမိဆွေမျိုးစု၊ မိမိမျိုးနွယ်စုကို တိုးတက်အောင် လုပ်ဆောင်နိုင်သည်ကလည်း၊ လူသားသာဖြစ်သည်။ ဆုတ်ယုတ်အောင် လုပ်ဆောင်နိုင်သည်မှာလည်း လူသားသာဖြစ်သည်။ ကမ္ဘာကြီးကို ပိုမိုပူပြင်းလာစေဖို့ ရာသီဥတုဆိုးရွားလာစေဖို့၊ မုန်တိုင်းတွေ ပိုမိုပြင်းထန်လာစေဖို့ လုပ်ဆောင်နေသည်များမှာလည်း လူသားသာလျှင်ဖြစ်သည်အတွက် ဖျက်ဆီးသူတွေအဖြစ် မဟုတ်ကြဘဲ လောကသဘာဝကြီးကို လှပအောင် ဥတုရာသီတွေ ကောင်းစေရအောင် ကြံဆောင်ကြဖို့၊ ကြိုးပမ်းကြဖို့၊ စီမံတတ်ကြဖို့ လိုအပ်လှပေသည်။

(၂၀၀၉)ခုနှစ်က ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ပုဒ်ကို သတိရမိသည်။ **"Your Plannet Needs you Unite to Combat Climate Change"** **"သင်ရဲ့ ကမ္ဘာမြေက သင့်ကို လိုအပ်နေသည်၊ ရာသီဥတုပြောင်းလဲခြင်းကို တိုက်နိုက်ဖို့ ညီညွတ်ကြပါစို့"** ဟူ၍ဖြစ်ပြီး ယခု ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အတွက် **Forests / Climate/ Change** အဖြစ် **"ဥတုရာသီ တောကိုမှီ"** ဆောင်ပုဒ်ဖြင့် ဥတုရာသီအတွက် သစ်ပင်သစ်တောကြီးများကို များစွာအလေးထားကြဖို့ ခေတ်မှီမှီ ကမ္ဘာကြီးကို ကြည့်မြင်တတ်ကြဖို့ လိုအပ်နေသည်မှာ အမှန်ပင်ဖြစ်တော့သည်။

ယနေ့ အာဖရိကတိုက်ကို ကြည့်ပါတော့။ အငတ်ဘေး ကြုံတွေ့ရသူတို့ သန်းနှင့်ချီ၍ ရှိလာနေသည်။ အီသီယိုပီးယား တစ်နိုင်ငံတည်း၌ပင် ငတ်မွတ်ခေါင်းပါးသူ ဦးရေသည် ကြောက်ဖွယ်လိလိ တိုးလာနေသည်ကို မျက်မှောက်ခေတ် သတင်းစာ၊ ဂျာနယ်များတွင် ဖတ်ရှုမြင်တွေ့နိုင်ပေသည်။

သစ်ပင်သစ်တောကို အလေးဂရုမမူဘဲ သစ်တောသစ်ပင်တို့ပြုန်းတီးမှု၏ ရလာဒ်ကား ကမ္ဘာ့အချို့နေရာများ၌ ရေခန်းခြောက်နေချေပြီ၊ အငတ်ဘေးကို ခါးစည်းရင်ဆိုင်နေရပေပြီ။ သစ်ပင်၊ သစ်တောပြုန်းရ၍ မိုးကမရွာတော့၊ မိုးမရွာသဖြင့် ရေအတွက်က အခက်ကြုံကြရပြီ။ ရာသီဥတုပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ အပြောင်းအလဲကြီးများကထူးထူးကဲကဲ ဖြစ်ပေါ်ပြောင်းလဲလာနေ၊ ကြုံနေ၊ ခံစားနေကြရသည်ကို တွေ့မြင်ကြားသိနေကြရပြီ။ သစ်ပင်သစ်တောသည် ကမ္ဘာ၏အသက်ပင်ဖြစ်လေရာ သတ္တလောကနှင့် သစ်ပင်သစ်တောတို့ကား ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အမှီသဟဲပါပေ။

သို့ဖြစ်ရာ သဘာဝပတ်ဝန်းကျင် သစ်ပင်သစ်တောကြီးများကို အလွန်တရာ မြတ်နိုးတန်ဖိုးထားတတ်ကြဖို့ လိုအပ်နေပေပြီ။ လောကကို အမြင်မှန်အောင် ဆင်ခြင်တွေးခေါ် မြော်မြင်တတ်သော စိတ်ထားနှင့် **"သစ်တစ်ပင်ခုတ်၊ တစ်ပင်ပြန်စိုက်"**၊ **"တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏"**၊ **"တောတောင်စိမ်းမှ စမ်းရေရ၏"**၊ **"တောမဲ့မြေသား၊ ရေတိုက်စား၏"** ဆိုသည့် မြန်မာနိုင်ငံ အစိုးရ သစ်တောဌာန၏ အရေးပါသော ဆောင်ပုဒ်များအား အထူးသဘောပေါက် နားလည်ကြရန်လိုသည်။ Eco Vision, Social Vision, Natural Vision စသည့်သဘော တရားများကို နက်နက်နဲနဲ၊ ထဲထဲဝင်ဝင် ရှုမြင်တတ်ကြဖို့လိုသည်။ ဥတုရာသီ တောကိုမှီ ဆိုသည့်စကားအတိုင်း ရာသီဥတုမျှတစေရန်၊ သစ်ပင်သစ်တောကြီးများကို မဆုံးရှုံးစေရန် အလေးထား စောင့်စည်းစောင့်ရှောက်တတ်ကြရန် အထူးပင်လိုအပ်လှသည်။

**"အသက်ကို ဉာဏ်စောင့်"** ဆိုသည့် စကားလည်းရှိသည်။ ပညာရှိ သတိဖြစ်ခဲ မဖြစ်ရလေအောင် အသိတရားနှင့်သတိထား နေထိုင်စားသွားတတ်ကြရန် အရေးကြီးသည်။ လူသားတွေသာ ပမာနဆိုသည့်အချက်နှင့် ကင်းလွတ်၍မဖြစ်ချေ။ သို့မှသာ ကျွန်ုပ်တို့ လူသားများသည် သစ်ပင်သစ်တော အပါအဝင် သဘာဝလောကကြီးကို ချစ်ခင်မြတ်နိုးရာရောက်ပေလိမ့်မည်။ သို့မဟုတ်ပါက သိပ္ပံပညာရှင် နယူတန်၏ နိယာမတစ်ခုဖြစ်သော " To every action, there is equal and opposite reaction" ဆိုသည့်နှယ် ညီမျှသောတုံ့ပြန်မှုကို လူတို့ခံစားကြရမည်မှာ သေချာသည်။

**"ဥတုရာသီ တောကိုမှီ"** ဆိုသည်ကလည်း အထက်ပါ သဘောပင်ဖြစ်လေရာ မြန်မာပြည်၏ သင်ခန်းစာယူဖွယ် အဖြစ်အပျက်ဆိုးကြီးတစ်ခုကို မေ့မရနိုင်လွန်းသဖြင့် အလေးအနက်ထားကာလည်း သိစေချင်မိသည်။

မြန်မာမြေဝယ် **"ဥတုရာသီ တောကိုမှီ"**နှင့် စပ်လျဉ်း၍ ဖြစ်ပျက်ခံစားခဲ့ရသော ဂန္ထဝင်အဖြစ်ဆိုးကြီးကို နှောင်းလူတို့ လက်တွေ့သဘောပေါက်ကာ နားလည်နိုင်ကြစေရန် တင်ပြချင်သည်။

တင်ပြပါရစေ. . .

ပုံတောင်ပုံညာဆိုသည်ကို ဦးစွာပြောချင်သည်။ ကမ္ဘာ့သမိုင်းစာမျက်နှာတွင် အထင်ကရ နာမည်ကျော်ခဲ့ရ ဂန္ထဝင်ဖြစ်လာခဲ့ရသော **"လူသားအစ ပုံတောင်က"** ဆို သည့် မြန်မာ့မြေက ပုံတောင်, တောင်တန်းနှင့်အလားတူ ပုံညာတောင်တန်း တောင်တန်းမြင့် ညီနောင်တို့အကြောင်းကို သိစေချင်သည်။ O2B အခါလွန်မုန်တိုင်းမိုးနှင့် ဆက်စပ်ကာလည်း ပြောချင်သည်။

စာရေးဆရာ မြသန်းတင့်ရေး " **ပုံတောင်ပုံညာသွား တောလား**"နှင့် အမျိုးသားစာပေဆုရ ဆရာဝန် ဒေါက်တာသက်လွင် ရေး " **လွမ်းဖွယ်တွေပေါ်ပါတဲ့ တို့ယောမြေ**"တို့ကို သတိရမိသည်။ အမှတ်ရသည်။ ပုံတောင်ပုံညာဆိုသည့် ညီနောင်တောင်တန်းမြင့်ကြီးတို့က ပင်လယ်ရေမျက်နှာပြင်ထက် ပျမ်းမျှအမြင့်ပေပေါင်း ၃၀၀၀ ကျော်

စီမြင့်မားတည်ရှိနေကြသည်။ မြန်မာနိုင်ငံ မြေပြန့်ဒေသ ပခုက္ကူ၊ မန္တလေး၊ မုံရွာမြို့များဆီမှ တက်လာခဲ့လျှင် ပထမဦးစွာ ပုံတောင် တောင်တန်းမြင့်ကြီးကို တွေ့ရမည်။ ထိုမှဆင်းခဲ့ရင်းမှ အနောက်ဘက်တွင် ပုံညာတောင်တန်းမြင့်ကြီးကို ထပ်၍ တွေ့ရပေဦးမည်။

အဆိုပါ ညီနောင်တောင်တန်းမြင့်ကြီးတို့၏ အနောက်ဘက်၌ မြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံးဖြစ် သော ပျှမ်းမျှအမြင့်ပေ ၇၀၀၀ ကျော်မှ ၁၀၀၀၀ ကျော် အထိမြင့်သည့် အနောက်ဘက် ချင်းရိုးမတောင်တန်းကြီးကိုလည်း မှိုင်းပျပျမြင်တွေ့ရပေလိမ့်မည်။ ပုံတောင်ပုံညာ တောင်တန်းမြင့် ညီနောင်တို့သည် အနောက်ဘက်အကျဆုံး ချင်းရိုးမကြီးနှင့်အပြိုင် တောင်နှင့်မြောက်သွယ်တန်းလျက် တည်ရှိနေသည်။ တောင်-မြောက်အရှည်မိုင် ၁၀၀ ကျော်စီ ရှိကြသည်။

ဟိုးရှေးရှေးကာလများကတော့ ပုံတောင်ပုံညာ တောင်တန်းကြီးတွေရှိရာဒေသ၊ စိုးမိုးရာနယ်မြေသည် တောရိပ်တောင်ရိပ်ကကြီး၊ စိမ့်ကြီးမြိုင်ကြီး၊ စိမ့်စမ်းလျှိုမြောင် တောင်စဉ်တန်းသွယ်တို့က အထပ်ထပ်၊ တောင်ကျချောင်းတွေကများ၊ တောကြီးမြက်မည်းမှာ တောရိုင်းထဲမှာ တောရိုင်းတိရစ္ဆာန်၊ ဆင်၊ ကျား၊ ကျားသစ်၊ ချေ(ဂျီ)၊ သမင်၊ ဆတ်၊ ကမ်းပါးကျ(တောင်ဆိတ်)၊ ဝံအစရှိသည့် တောသတ္တဝါတွေက ပေါလှသည်။ ငှက်ဖျားလည်း ထူလှသည့်ဒေသကြီးဟု အပြောများကြသည်။




ထိုပုံတောင်ပုံညာစိုးမိုးရာနယ်မြေကို **"ယောမြေရပ်ဝန်းဒေသ"**ဟူ၍လူသိများသည်။ ထိုယောမြေရပ်ဝန်း ပုံတောင်ပုံညာမှာ နိုင်ငံ့အဖိုးတန် သဘာဝသစ်တောကြီးတွေက ထူထပ်စွာပေါက်ရောက်သည်။

ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း၊ သင်းဝင်နှင့် သစ်မျိုးစုံ၊ ဝါးမျိုးစုံတို့ ရောပြွမ်းပေါက်ရောက်လျက်ရှိသည်။ မုတ်သုံရွက်ပြတ်ရောတောဖြစ်သည်။

အရှေ့ဘက်ရှိ ပုံတောင် တောင်တန်းကြီး၏ အမြင့်ဆုံးအပိုင်းသည် ပေ(၄၀၀၀)ကျော်မြင့်ကာ အနောက်ဘက် ပုံညာတောင်တန်းကြီး၏ အမြင့်ဆုံးအပိုင်းမှာ ပေ( ၃၅၀၀) ကျော်မြင့်မားသည်ဟု လေ့လာသိရှိရသည်။ ၁၉၄၂ ခုနှစ်တွင် ဘေးမဲ့တောအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည့် နာမည်ကျော်အလောင်းတော်ကဿပ နယ်မြေကြီးနှင့် ပုံတောင်ပုံညာရပ်ဝန်းသည် ဆက်စပ်ပါဝင်လျက်တည်ရှိသည်။

မြန်မာနိုင်ငံ၏ သဘာဝထိန်းသိမ်းရေး နယ်မြေတစ်ခုဖြစ်သည့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ကြီးသည် မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးဆုံးအမျိုးသားဥယျာဉ်ကြီးအဖြစ် သတ်မှတ်ထားခြင်းခံရကာ (Biodiversity) ခေါ် ဇီဝမျိုးစုံထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားခြင်းခံရသော ကမ္ဘာ့အဆင့်မီ ဥယျာဉ်ကြီးတစ်ခုလည်း ဖြစ်ရသည်ကိုကြည့်လျှင် ပုံတောင်ပုံညာဒေသသည်ကား သစ်တောကြီးတွေ ထူထပ်ရာနယ်မြေပင်တည်း။

ဤမျှ နာမည်ကျော် တောကြီးတောင်ကြီးစိုးမိုးတည်ရှိနေရာအနေအထားမှာ ပုံတောင် တောင်တန်းမြင့်ကြီး၏ အမြင့်တစ်နေရာ ပေ(၄၀၀၀)ကျော်ရှိ "ပစ္စယာ" တောင်ထိပ်(ယောဒေသ၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ ကျောကျေးရွာကြီး၏ အရှေ့မြောက်တွင်ရှိ)မှ နေ ၍ အရှေ့တောင်ယွန်းယွန်းကို ကြည့်လျှင် ရာသီဥတုကြည်လင်သည့်အခါတွင် မြန်မာနိုင်ငံ အလယ်ပိုင်းက ပုပ္ပါးတောင် မြင့်ကြီးကို အတိုင်းသား မြင်တွေ့ရသည်ကိုသာ ပြေး၍ မြင်ယောင်မိလာသေးတော့သည်။

ထပ်ဆင့်၍ ပြောရဦးမည်ဆိုလျှင် ယင်းသို့ တောရိပ်တောင်ရိပ်တို့ကြီးမားသည့် ယခင် ပုံတောင်ပုံညာဒေသအား အခွင့်ကောင်းယူလျက် သောင်းကျန်းသူ အလံနီကွန်မြူနစ်တို့က ဗဟိုဌာနချုပ်လုပ်ကာ သောင်းကျန်းမင်းမူခဲ့ကြသည်။ လမ်းပန်းအဆက်အသွယ်ခက်ခဲလွန်းမှုကို အခွင့်ကောင်းယူကာ စိုးမိုးခြယ်လှယ် ရက်စက်ယုတ်မာခဲ့ကြသည်။

ခါးပြတိုက်၊ လုယက်သတ်ဖြတ်၊ ရိုင်းစိုင်းခဲ့ကြသဖြင့် မြေပြန့်ဒေသမှ သွေးချင်းများတို့ ပုံတောင်ပုံညာဒေသဆီ၊ ယောမြေဆီ မသွားရဲ၊ မလာရဲ ဖြစ်ခဲ့ကြ ရသည်။ ဖွံ့ဖြိုးမှုအားဖြင့်လည်း နောက်ကျခဲ့ရသည်။ ထို့ကြောင့်လည်း ရှေးယခင်ကာလများကတော့ ပုံတောင်ပုံညာ၊ ယောနယ်မြေရပ်ဝန်းကို အမျိုးမျိုးထင်ခဲ့၊ မြင်ခဲ့၊ ပြောခဲ့ကြသေးသည်။ အုတ်ရောရော၊ ကျောက်အရောရောနှင့် အထင်အတွေးတွေက ဘာလိုလို၊ ညာလိုလို၊ စုန်းကဝေ မြူစားသူပညာသည်တွေပေါများသည့် နယ်မြေလိုလို။

၁၉၅၆ ခုနှစ်တွင် တပ်မတော်က "အောင်မာယ" စစ်ဆင်ရေးလုပ်ခဲ့၍(၁၉၇၃-၇၄)ခုနှစ်မှစတင်ပြီး ပုံတောင်ပုံညာ တည်ရာ ယောတို့နယ်မြေရပ်ဝန်းသည် ငြိမ်းချမ်းလာနိုင်ခဲ့ရသည်။ ယနေ့မှာတော့ သောင်းကျန်းသူဟူ၍ မရှိတော့။ သူပုန်ဟူ၍မရှိတော့။ အဖြူရောင်နယ်မြေ စစ်စစ်ဖြစ်ခဲ့ရပြီ။ အစိုးရက လမ်းတွေဖောက်၊ တံတားတွေ ဆောက်ပေးခဲ့မှုကြောင့် မြေပြန့်ဒေသက ပြည်သူတို့ ယောတို့ဌာနီကို အမြင်ကြည်လင်နိုင်ခဲ့ကြပါပြီ။

ထိုအုပ်အုပ်ဆိုင်းဆိုင်း၊ ညို့ညို့မှိုင်းမှိုင်းနှင့် ပုံတောင်ပုံညာတောင်တန်းကြီးတို့ကား နိုင်ငံတော်အတွက် အကျိုးကျေးဇူးတွေ ကြီးမားလွန်းလှသည်။ ပုံတောင်ပုံညာနယ်မြေက ထွက်ရှိသော သစ်မျိုးစုံတို့တွင် ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုးနှင့် သင်းဝင်တို့ဆိုလျှင် နာမည်ကျော်လှသည်။ တိုင်းပြည်အတွက် ဝင်ငွေ "ဒေါ်လာ" တွေကို အများကြီးရစေခဲ့သည်။

ယခုအခါ ပုံတောင်တောင်တန်းတွင် "ပုထိုးလုံ" ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်ကြီးပင် တွေ့ရှိခဲ့ပြီး တူးဖော်ရန်စီစဉ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေကြလေပြီ။

တစ်ဖန် မကွေးတိုင်းဒေသကြီး တစ်ခုလုံးတွင် နိုင်ငံတော်အတွက် ဆန်စပါးဝယ်ယူရေး အစီအစဉ်များအရဒေသတွင်း ၂၅ မြို့နယ်အနက် ပုံတောင်ပုံညာရပ်ဝန်း ယောတို့ဒေသ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ် သုံးခုသည်သာ ဆန်စပါး ပေါများစွာ ထွက်ရှိရာဖြစ်လျက် နိုင်ငံတော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရာလည်း ဖြစ်ရပြန်သည်။

ထိုပုံတောင်ပုံညာတောင်တန်းကြီးတွေက နိုင်ငံတော်အတွက် တကယ့်အားထားပြုစရာဖြစ်ရသည်။ တစ်နည်းအားဖြင့် ချစ်စရာ၊ မြတ်နိုးစရာ၊ အားကိုးတန်ဖိုးထားစရာလည်းဖြစ်ရသည်။ တကယ့်နိုင်ငံအဖိုးရတနာ တောင်တန်းကြီးတွေ၊ ရတနာတောကြီးတွေ၊ ဆန်စပါး၊ ဆီထွက်သီးနှံများနှင့် ပဲမျိုးစုံတို့ပေါများစွာ စိုက်ပျိုးဖြစ်ထွန်း ထွက်ရှိစေရာရေခံမြေခံမြေသြဇာ အထူးကောင်းမွန်လှသည့် ရတနာမြေယာတွေကို ပိုင်ဆိုင်ထားသည်ကြောင့်လည်း ကုန်ကုန်ပြောရလျှင် အကျိုးစီးပွားဖြစ်ထွန်းမှုတွေက ပြောမဆုံးပေါင်၊ တောသုံးတောင် ဖြစ်ပေလိမ့်မည်။

ကျွန်တော်က ဒီတောင်တန်းကြီးတွေကိုချစ်၊ ဒီတောင်တန်းကြီးတွေကို နှစ်သက်၊ ဒီတောင်တန်းကြီးတွေကို မြတ်နိုး ဒီတောင်တန်းကြီးတွေကို အားကိုးတန်ဖိုးထားသဖြင့် ဒီတောင်တန်းကြီးတို့ကို အတိုင်းထက်အလွန် မညှဉ်းဆဲ၊ မနှိပ်စက်ကြဖို့၊ လျစ်လျူမရှုကြဖို့ တို့ကိုပြောရသည်။ စိမ်းစိုညို့မှိုင်းသော ဒီတောင်တန်းကြီးတွေကြောင့် တစ်ချိန်က ဆိုလျှင် မိုးတွေမှန်ခဲ့သည်။ ရာသီဥတုတွေ သင့်တော်ကောင်းမွန်ခဲ့သည်။ ဂေဟာစနစ် မပျက်ယွင်းခဲ့။ ပုံတောင်ပုံညာတောင်တန်းကြီးနှင့် တောင်စဉ်တန်းအသွယ်သွယ်တို့ ကျန်းမာရေးကောင်းမွန်ခဲ့သည်။

တောင်တန်းမြင့်ညီနောင်၏ ညီနောင်နွယ်ဖွားတောတောင်အထပ်ထပ်တို့ကိုမှီ၍ မြန်မာနိုင်ငံမိုးနည်း ရေရှားရပ်ဝန်းဒေသ ပခုက္ကူ၊ ပေါက်၊ မြိုင်၊ ဆိပ်ဖြူ အစရှိသည့်မြို့နယ်မြေတို့အတွက် အကျိုးစီးပွားများစွာဖြစ်ထွန်းကြရသည်။ စစ်ကိုင်းတိုင်းအောက်ပိုင်း မင်းတိုင်ပင်၊ ပုလဲ၊ မုံရွာဒေသတို့အတွက်လည်း အထောက်အပံ့တွေ ပေးနေခဲ့သည်။ လိုအပ်သော အိမ်ဆောက်ပစ္စည်း သစ်၊ ဝါးတို့ကို ပုံတောင်ပုံညာကရယူကြသည်။ မြို့ရွာ စည်ပင်ဖွံ့ဖြိုးရေးကို ထောက်မ, ပေးနေခဲ့သည်ကို ထိုနယ်မြေတို့က ပြည်သူတွေ အသိပင်ဖြစ်သည်။

ယင်းကဲ့သို့ အခြေအနေများကို ကျွန်တော် ကောင်းစွာသိသည်။ ဒီတောင်တန်းကြီးတို့၏ ရေဝေရေလဲ၊ တောထဲတောင်ထဲ မြို့ရွာကျေးလက်တွေဆီအနှံ့ ကျွန်တော် ခြေဆန့်ခဲ့ဖူးသည်။ စာရေးသူသည် ယောနယ်မြေသား စစ်စစ်၊ ဂန့်ဂေါ(ကံ့ကော်)မြို့သား စစ်စစ်ဖြစ်ရကား ပုံတောင်ပုံညာဝန်းကျင်တစ်ခွင်ကို ကောင်းကောင်းကြီး ကျင်လည်ခဲ့သူလည်း ဖြစ်သည်၊ ဂန့်ဂေါမြို့နယ်အတွင်း ပုံညာနှင့်ပုံတောင် တောင်တန်းမြင့်ကြီးတို့အကြားက "ကျော"ရွာကြီး၌ အထက်တန်းပြဆရာတစ်ဦးအဖြစ် နှစ်နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ထီးလင်းမြို့နယ်တွင် မြို့နယ်ဌာနဆိုင်ရာ၊ အရာရှိ ဘဝဖြင့် ခုနှစ်ကျော် နိုင်ငံ့ဝန်ထမ်းဖြစ်ခဲ့ဖူးသည်။ ပခုက္ကူမြို့တွင်လည်း နှစ်နှစ်ကျော် နိုင်ငံတော်၏ တာဝန်ကိုထမ်းဆောင်ခဲ့သေးသည်။

ပုံတောင်ပုံညာဒေသရပ်ဝန်းအကြောင်းကို အသေးစိတ်ပြောပြရလျှင် ဂန့်ဂေါခရိုင်ဆိုသည်မှာ ဂန့်ဂေါ၊ ထီးလင်း၊ ဆော မြို့နယ်သုံးခုဖြင့် ဖွဲ့စည်းထားသည်ဖြစ်ရာ ဂန့်ဂေါမြို့နယ်အတွင်း၊ ကျေးရွာပေါင်း ၁၁၂ ရွာကို လည်းကောင်း၊ ထီးလင်းမြို့နယ်အတွင်း ၉၅ ရွာကိုလည်းကောင်း၊ ဆောမြို့နယ်အတွင်း ၁၁၈ ရွာကိုလည်းကောင်း အားလုံးနီးပါးမျှကို နိုင်ငံ့တာဝန်တွေနှင့်ရော၊ လေ့လာရေးခရီးတွေအဖြစ်နှင့်ပါ ကျွန်တော် ရောက်အောင်သွားခဲ့ဖူးသူဖြစ်သည်။

ထိုပုံတောင်ပုံညာ တောင်တန်းကြီးကို "ဒါကိုတာ"၊ "တွင်အော်တာ" လေယာဉ်တွေစီးကာ ကျော်ဖြတ်ဖူးသလို ခြေကျင်ကုန်းကြောင်းဖြင့် တစ်နည်း၊ မော်တော်ကားကြီးငယ်တွေစီးကာ တစ်သွယ်၊ အကြိမ်ကြိမ်အခါခါ ကျော်ဖြတ်ကာသွားခဲ့ဖူးသည်။ "အောင်မာယ" စစ်ဆင်ရေးတုန်းက အဖြစ်အပျက်တွေကို ကြုံခဲ့ရသူ ပုဂ္ဂိုလ်ကြီးတွေ၊ နာမည်ကျော် "ဆင်စွယ် လူသတ်ပွဲ" တွင် အသက်မသေပဲ ကျန်ရစ်ခဲ့သူ ပုဂ္ဂိုလ်ကြီးနှစ်ဦးတို့နှင့်ပင် တွေ့ဆုံခဲ့၊ ကောင်းကောင်းကြီး ကျွမ်းဝင်ရင်းနှီးခဲ့ဖူးပါသည်။ အဆုံးစွန်ပြောရပါလျှင် စာရေးသူဘွဲ့ယူမည်ဆိုတော့ 'ယောဒေသ၊ ဂန့်ဂေါသစ်တောခရိုင်၏ သစ်ထုတ်လုပ်မှုအပေါ် စီးပွားရေးအမြင်ဖြင့် တင်ပြချက်

စာတမ်း' ကိုတင်ကာ ဘွဲ့ယူခဲ့သူလည်းဖြစ်သည်။ထိုထိုသော အကြောင်းအရာများကို နှံ့နှံ့စပ်စပ် သိမြင်ခဲ့သော ကျွန်တော်သည် ပုံတောင်ပုံညာရပ်ဝန်းနှင့် ဝေးနေခဲ့သည်မှာ နှစ်ပေါင်း (၃၀)ခန့်ပင် ရှိခဲ့ပြီ။ နိုင်ငံရပ်ခြားတွင် နှစ်အတန်ကြာနေခဲ့ပြီး၍ အမိမြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့တော့ မွေး၍ နေသို့ အလည်တစ်ခေါက် အလွမ်းပြေရောက်ခဲ့ဖြစ်သည်။ လွန်ခဲ့သည့် ၂၀၁၁ ခုနှစ်၊ မတ်လကုန်ရက်များတွင်ဖြစ်သည်။

အလွမ်းပြေခရီးက အလွမ်းတွေမပြေခဲ့။ ပုံတောင်ပုံညာတောင်တန်းကြီးတွေကို မြင်လိုက်ရတော့ ကျွန်တော်သည် ပြောပြမတတ်အောင် စိတ်ထဲ၊ ရင်ထဲမှာ တစ်မျိုးကြီးခံစားလိုက်ရသည်။ ပုံတောင်ပုံညာ တောင်တန်းညိုနောင်အပြင်၊ ညိုနောင်ဖွား တောင်စဉ်အသွယ်သွယ် အထပ်ထပ်တို့က ယခင်ကလို သစ်တောသစ်ပင် ကြီးကြီးမားမားတွေနှင့် အုပ်အုပ်ဆိုင်းဆိုင်းမရှိလှတော့။ မြင်တွေ့ရသည်မှာ စိတ်မကောင်းစရာ၊ စိတ်မသက်မသာဖြစ်ရသည်။

ပတ်ဝန်းကျင်တစ်ခွင်နှင့် မျက်စိတစ်ဆုံးကြည့်လိုက်တိုင်းမှာ တောင်တန်းကြီးတွေ၏ ကျောရိုးတို့ကို အတိုင်းသား မြင်နေရသည်။ အရိုးပြိုင်းပြိုင်းနှင့် လူမမာလို ဖြစ်နေသည်။ ပြောင်တလင်းခါမတတ် မီးရှို့မီးလောင်ထားသော တောင်ယာမြေကွက်ကြီးများတို့က အထင်းသား၊ မမြင်ချင်အဆုံး။ မောင်းနှင်ဆဲ မော်တော်ယာဉ်ပေါ်မှနေ၍ ဓာတ်ပုံတွေ ရိုက်ယူဖြစ်သည်။ ကြည့်လိုက်တိုင်းမှာပင်လျှင် စိတ်မကောင်း၊ အလိုလိုမောပန်းလာသည်၊ နွမ်းနယ်သလို ခံစားလာရသည်။ ရင်ထဲမှာ လှိုက်မောလာခြင်းက မပြောပြနိုင်လောက်အောင် ဖြစ်ရဘိသည်။ ပုံတောင်ပုံညာရပ်ဝန်း တောင်တန်းကြီးတွေ နာမကျန်းဖြစ်နေခဲ့ပြီ။ ထိုဒီမြင်ကွင်းတို့ကား မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် စတင် ကျင့်သုံးလာခဲ့သည်။ ဤသို့ ဖြစ်လာရခြင်းတွင် ပထမသစ် တောတွေအတွင်းမှ တန် ၅၀ အကွက်တွေအဖြစ် သစ်ထုတ်ယူခွင့် လုပ်ငန်းချပေးသည်ဟုဆိုသည်။ ထို့နောက် ဗီအိုင်ပီ(VIP) သစ်ကွက်ကြီးတွေဟုဆိုကာ သစ်ထုတ်ယူခွင့်တွေ ဖြစ်လာခဲ့တော့သည်။ ဗီအိုင်ပီ(VIP) သစ်ထုတ်လုပ်ခွင့် လုပ်ကွက်တွေက ပုံတောင်ပုံညာ နယ်မြေအနှံ့ဖြစ်ခဲ့ရပြီ။

ထိုသို့နှင့် သစ်တောကြီးတွေသည် သစ်ပင်ကြီးကြီးမားမားတွေ မရှိလှတော့။ မကျန်လှတော့။ ကြောက်ခမန်းလိလိ ဆုံးရှုံးခြင်းဖြစ်ခဲ့ရပြီ။ အုပ်အုပ် ဆိုင်းဆိုင်း နက်မှောင်သော တောအုပ်ကြီးတို့ ရုတ်တရက်ဆိုသလို ပျောက်ဆုံးသွားခဲ့ရပြီ။ စိမ့်ကြီးမြိုင်ကြီးဆိုသည်မှာ မမြင်ရတော့လောက်အောင်ဖြစ်ခဲ့ရပြီ။ ယခင်က နွေရာသီတွင် တွေ့မြင်နေကျ စမ်းပေါက်တို့လည်း ခန်းခြောက်နေခဲ့ပြီကို ကျွန်တော်မြင်ရပြီ။

တံလျှပ်တို့. တရှိန်ရှိန်ထကာ အပူရှိန်တို့မြင့်တက်လာခဲ့ရပြီ။ ကမ္ဘာကြီးပူနွေးလာနေသလို ပုံတောင်ပုံညာဒေသမှာ အပူချိန်တွေတိုးလာခဲ့ပြီ။ ရာသီဥတုက ပြောင်းလဲလာခဲ့ပြီ။ မြေပြန့်ဒေသတို့မှာ တပေါင်း၊ တန်ခူးလဆိုလျှင် ပူရှိန်ပြင်းနေပြီဖြစ်သည့်အချိန်တွင် ပုံတောင်ပုံညာ ယောဒေသ၌ ယခင်ကဆိုလျှင် အအေးဓာတ်က လွှမ်းမိုးဆဲ။

ညအချိန်မျိုးတွင် စောင်ပါးပါးတစ်ထည်တော့ လွှမ်းခြုံကာ အိပ်စက်ကြရသည်။ ယခုတော့ ထိုသို့မဟုတ်ခဲ့တော့။ ညသန်းခေါင်ကျော်သည်အထိ အိပ်၍မရ။ ပူလောင်အိုက်စပ်ဖြစ်ရပြီး ယပ်တောင်တစ်ချောင်းနှင့် အိပ်စက်နေရပြီ။ နွေအခါဆိုလျှင်လည်း မြေပြန့်ဒေသမှာကဲ့သို့ပင် ပူလောင်လာပြီ၊ သစ်တောကြီးတွေ ယုတ်လျော့ပြုန်းတီးလာခဲ့ပြီဖြစ်သည်။ တောင်အရပ်ဆီမှ စီးဆင်းကာ မြောက်အရပ် ချင်းတွင်းမြစ်ကြီးသို့ ပေါင်းဆုံစီးဝင်နေသည့် မြစ်သာမြစ်ကြီးသည်ပင်လျှင် အချို့နေရာများတွင် ခြေကျင်းဝတ်သာသာ စီးဆင်းနေလေတော့သည်ကို ကျွန်တော်မြင်ရသည်။ အံ့ဩလွန်းမိရသည်။ အထက်ပါ ပုံတောင်ပုံညာတောင်တန်းကြီးတွေကို အရင်းတည်အကြောင်းခံလျက် ဆိုးကျိုးတရားများ နှင့် နှိပ်စက်ခံရမှုများအား အခါလွန်မိုးနှောင်း မုန်တိုင်းနှင့် ဆက်စပ်ကာပြောရပါဦးမည်။

ဆက်လက်ဖော်ပြပါမည်



# "ဟယ်လို –– အမိန့်ရှိပါ"



အုန်းလွင်လေး

ပွင့်လင်းမြင်သာပြီး ကမ္ဘာ့နိုင်ငံများနှင့် ပေါင်းကူးဆက်နွယ်ရင်း ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်နေတဲ့ မြန်မာပြည်၊ အိုင်တီနည်းပညာတွေ တိုးတက်နေတဲ့ ကမ္ဘာကြီး၊ မြို့ရော တောပါမကျန် ပြောဆိုနေကြတဲ့ လက်ကိုင်ဖုန်းတွေ အင်တာနက်တွေ အသုံးပြုနေချိန်၊ ဒီအခြေအနေ ဒီကမ္ဘာကြီးထဲမှာ လိုက်ပါစီးဆင်းနေရတဲ့ ကျွန်တော်အပါအဝင် သစ်တောဝန်ထမ်းတွေ ဆောင်းရာသီမကုန်မှီမှစ၍ ပွင့်လင်းရာသီရောက်ပြီဆိုမှဖြင့် ရုံးချိန်မှာရော၊ ရုံးချိန်ပြင်ပအချိန်မတော် ညဥ့်နက်သန်းခေါင်တွေမှာပါ မြို့နယ်သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံးရှိ Fax နဲ့တွဲဖက်အသုံးပြုနေရတဲ့ အော်တိုတယ်လီဖုန်းက-------

"ကလင်--ကလင်--ကလင်" "ကလင်---ကလင် ---ကလင်"

"ဟဲလို---အမိန့်ရှိပါ၊--- မြို့နယ်သစ်တောဦးစီးဌာနကပါ"

"အခု ဖုန်းလက်ခံပြောတာဘယ်သူလဲ၊ ဦးစီးအရာရှိနဲ့ပဲပြောချင်တယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ဦးစီးအရာရှိပါ၊ အခုအမိန့်ရှိတာ ဘယ်ကပါလဲ၊ ဘာကိစ္စပါလဲခင်ဗျာ"

" ကျွန်တော်---ရွာကပါ၊ ရွာနားမှာ တရားမဝင်သစ်တွေ စုပုံထားတာ၊ ဦးစီးကိုယ်တိုင် အခုပဲလာဖမ်းပေးပါ၊ ကျွန်တော် တစ်နေရာက စောင့်ကြည့်နေတယ်၊ ဖမ်းဆီးအရေးမယူပေးရင် နေပြည်တော် လှမ်းတိုင်ရပါလိမ့်မယ်"

"ဂျောက်"

"ဟဲလို--ဟဲလို" ပြောချင်တာပြောပြီး အမြန်ချသွားတဲ့ဖုန်း၊

"ကလင်---ကလင်---ကလင်" "ကလင်--ကလင်--ကလင်"

"ဟဲလို--အမိန့်ရှိပါ၊-- မြို့နယ်သစ်တောဦးစီးအရာရှိရုံးကပါ"

"ဒီလိုပါ၊ --- ရပ်ကွက်၊ ကျွန်တော်ဘေးအိမ်က ဒေါ်--- ရဲ့အိမ်မှာ တရားမဝင်သစ်တွေနဲ့ အိမ်ဆောက်နေတယ် ဖမ်းပေးပါ"

" ဟုတ်ကဲ့၊ အခုအမိန့်ရှိတာ ဘယ်သူပါလဲ၊ ဘယ်ကပါလဲ"

"ဂျောက်"

"ဟဲလို--ဟဲလို" တိုင်ပြီး အမြန်ချသွားတဲ့ဖုန်း

"ကလင်--ကလင်--ကလင်" "ကလင်--ကလင်--ကလင်"

"ဟဲလို--အမိန့်ရှိပါ၊--- မြို့နယ်သစ်တောကပါ"

"ဟုတ်ကဲ့- ကျွန်တော်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဦး---ပါ၊ အခုဖုန်းလက်ခံတာ ဘယ်သူပါလဲ"

"ဟုတ်ကဲ့ပါ--ကျွန်တော်မြို့နယ်ဦးစီးအရာရှိပါ"

"ဦးစီးရေ--၊ ကျွန်တော်တို့ဆီမှာ တရားမဝင်သစ်နဲ့ပတ်သက်ပြီး စုဆောင်း၊ ရောင်းဝယ်နေတယ်ဆိုတဲ့သတင်းရထားတယ်၊ ဦးစီးတို့သစ်တောနဲ့ပူးပေါင်းဖမ်းချင်ပါတယ်၊ သတင်းရတဲ့နေရာက--မှာပါ၊ အခုအချိန်က ညနေ(၅)နာရီထိုးပြီးဆိုတော့ သွားပြီးဖမ်းလို့ရမယ်ထင်လို့ပါ"

"ဟုတ်ကဲ့ပါ-ကျွန်တော်ရဲ့ ဝန်ထမ်းတွေနဲ့ လိုအပ်တာလေးစီစဉ်ပြီး ဦး----တို့ရုံးကို ချက်ချင်းပဲလာခဲ့ပါ့မယ်"

"ဟုတ်ကဲ့--ဟုတ်ကဲ့ ကျွန်တော်တို့ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအာဏာပိုင်အဖွဲ့တွေနဲ့ အသင့်စောင့်နေပါ့မယ်၊ လုံခြုံရေးအရ လိုအပ်ရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း အင်အားခေါ်ထားပါ့မယ်"

"ဟုတ်ကဲ့၊ ကောင်းပါတယ်ခင်ဗျား"

သစ်တောဦးစီးဌာနရဲ့ မြို့နယ်တွေမှာ နယ်လုပ်ငန်းတာဝန်ထမ်းဆောင်နေရတဲ့ ဦးစီးအရာရှိ အပါအဝင် သစ်တောဝန်ထမ်းတွေ မိမိရဲ့ပင်မသစ်တောလုပ်ငန်းတွေ ဆောင်ရွက်နေရင်း အခုလိုမျိုး ဖုန်းမြည်သံတွေ လက်ခံနားထောင်နေရမှာမလွဲပါဘူး၊ တချို့ဖုန်းသံတွေက ဒီထက်တောင် တရားမဝင်သစ်ပါရင်ပြီးရော ခေါင်းစဉ်အမျိုးမျိုးနဲ့ အတိုင်အတောပိုများပါသေးတယ်၊ သစ်တောဝန်ထမ်းတွေဟာ မိမိရဲ့သစ်တောများကို ရေရှည်တည်တံ့စေရန်၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသလို တရားမဝင် သစ်ခိုးယူမှုတွေကိုလည်း ကာကွယ်ရပါမယ်၊ တရားမဝင်သစ်နဲ့ပတ်သက်လို့ အခြေခံကျတဲ့ မိမိဘိနယ်အတွင်း ဘိနယ်ဝန်ထမ်းတွေကြီးကြပ်လို့ တရားမဝင်သစ်ခုတ်လှဲသယ်ယူမှုတွေကို ကာကွယ်ခြင်း၊ ဖမ်းဆီးအရေးယူခြင်း ဆောင်ရွက်ရာမှာ ခိုင်မာတဲ့သတင်းစုဆောင်းခြင်း၊ ရရှိတဲ့သတင်းအပေါ် အတည်ပြုရခြင်း၊ လိုအပ်တဲ့ဝန်ထမ်းအင်အား၊ မိမိရဲ့လုံခြုံရေး၊ ဖမ်းဆီးသစ်သယ်ယူရေးတွေကို စီစဉ်ဆောင်ရွက်ခြင်း၊ တရားခံနှင့်အတူ တွေ့ရှိပါက တရားခံများ ထွက်မပြေးရေး၊ တရားဥပဒေအတိုင်း အရေးယူနိုင်ရေးများကို လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရပါတယ်၊ ဘိနယ်အဆင့်၊ နယ်မြေအဆင့်၊ မြို့နယ်အဆင့်စတဲ့ အဆင့်အလိုက် ဆောင်ရွက်ရန် အခက်အခဲရှိရင် အထက်အဆင့်ဆင့်တင်ပြ၊ အထက်အဆင့်တွေရဲ့ ကြီးကြပ်လမ်းညွှန်မှုခံယူပြီး တခြားတရားမဝင် သစ်ဖမ်းဆီးရေးဆက်စပ်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဖမ်းဆီးခဲ့ရတာတွေလည်းရှိတယ်၊ အဓိက ကတော့ တရားမဝင်သစ်ဖမ်းဆီးရမိရေး၊ ဖမ်းဆီးရမိပြီး တရားမဝင်သစ်များကို လုံခြုံရာသို့ရောက်ရှိရေး၊ တရားခံများဖမ်းဆီးရမိပါက တည်ဆဲဥပဒေများအတိုင်း အရေးယူနိုင်ရေးနှင့် ဖမ်းဆီးသစ်များ ပြည်သူ့ဘဏ္ဍာသိမ်းဆည်း၍ မြန်မာ့သစ်လုပ်ငန်းသို့ လွှဲအပ်နိုင်ရေး၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမဖြစ်ရေး ပင်မဟုတ်ပါလား၊

လက်ခံပြောဆိုရတဲ့ ဖုန်းမြည်သံတွေထဲက "နေပြည်တော်လှမ်းတိုင်ရပါလိမ့်မယ်"ဆိုတဲ့ သတင်းပေး တိုင်ကြားတာကို ပြည့်စုံခိုင်မာတဲ့သတင်း ဟုတ်/မဟုတ်၊ သတင်းစုဆောင်း၊ မြေပြင်ကွင်းဆင်းစစ်ကြည့်တော့ တိုင်ကြားတဲ့အတိုင်းမဟုတ်ဘဲ သစ်တောဝန်ထမ်းတွေကို ဒုက္ခပေးခြင်းသာဖြစ်ပါတယ်၊ အဲဒီမှာတစ်ချို့ဖုန်းသံတွေဆို သတင်းကလည်း မမှန်၊ သတင်းပေးတဲ့နေရာကလည်း ဝန်ထမ်းများရဲ့ လုံခြုံမှုမရှိ၊ သွားလာရေးခက်ခဲတဲ့နေရာ၊ အချိန်က ညဉ့်နက်သန်းခေါင်အချိန်မတော်ကြီး၊ သစ်တောဝန်ထမ်းတွေ ဖမ်းဆီးမပေး ပါဘူးဆိုပြီး ဌာနအထက်အဆင့်ဆင့်မှ အရေးယူနိုင်ရေးဖိအားပေးခြိမ်းခြောက်တဲ့ လေသံနဲ့ဆိုတော့ သစ်တောဝန်ထမ်းများ အလုပ်ရှုပ်ပြီး စိတ်ကသိကအောက်ဖြစ်အောင် တိုင်ကြားခြင်းသာ ဖြစ်တယ်လို့ယူဆရပါတော့တယ်၊ သစ်တောဝန်ထမ်းဆိုတာ ခါးချိတ်ဓားလောက်သာပါပေမဲ့ တရားမဝင်သစ်ဖမ်းဆီးတယ်ဆိုရင် ဘယ်လောက်ဘဲ ပင်ပန်းပါစေ ဖမ်းပြီဆိုမိပါမှ ပင်ပန်းပေမဲ့ အမောပြေပါသေးတယ်၊

"ကျွန်တော်ဘေးအိမ်က"ဆိုတဲ့ သတင်းပေးတိုင်ကြားဖုန်းမြည်သံကတော့ ကျွန်တော်ရဲ့ သက်ဆိုင်ရာဘိနယ်ဝန်ထမ်းကို ထပ်မံဆက်သွယ်၊ တိုင်တဲ့နေရာ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးခေါ်ပြီး ကွင်းဆင်းစစ်ဆေးစေခဲ့ပါတယ်၊ တိုင်တဲ့သတင်းမှန်ပါတယ်၊ အိမ်ကလည်းသေးသေးလေးပါ၊ ယိုင်နဲ့နေတာကို ပြန်တည့်မတ်၊ ဖြုတ်ထားတဲ့ ထုပ်၊ ယောက်၊ ဒိုင်းမြှား အတိုအစအဟောင်းတွေကို အိမ်ဝင်းထဲစုပုံပြီး ပြန်ဆောက်နေတဲ့ အိမ်ဟောင်းပြင်ဆင်နေတာပါ၊ တိုင်တဲ့သူက အတိုင်ခံရသူ အိမ်ပြင်တဲ့ ဒေါ်-----အဖွားကြီးဆီမှာ ပိုက်ဆံချေးထားတာ၊ ပြန်တောင်းတော့ မဆပ်ချင်တာကြောင့် အိမ်ပြင်တဲ့ အဖွားကြီး ဒုက္ခရောက်အောင် တိုင်တယ်ဆိုတာ စုံစမ်းသိရတယ်၊ အတိုင်ခံရသူ ဒုက္ခမရောက်ပေမဲ့ အိမ်ဆောက်၊ အိမ်ပြင်မင်္ဂလာယူနေတဲ့အချိန် သစ်တောဝန်ထမ်းတွေနဲ့ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးစစ်ဆေးတာခံရတော့ အိမ်ရှင်အဖွားကြီး စိတ်အနှောင့်အယှက်ဖြစ်မှာတော့ မလွှဲဘူး၊ သွားလာစစ်ဆေးနေရတဲ့ သစ်တောဝန်ထမ်းတွေအနေနဲ့ "တိုင်လို့စစ်ဆေးရပါတယ်၊ တာဝန်နဲ့ဝတ္တရားအရ စစ်ဆေးရပါတယ်"ဆိုပြီး အိမ်ရှင်ကျေနပ်အောင်တောင်းပန်ပြီးပြန်ခဲ့ရပေမဲ့ အိမ်ပြင်၊ အိမ်ဆောက်နေတာကို ကိုယ့်ရဲ့အလုပ်တွေကြားက သွားလာစစ်ဆေးနေရတော့ ပင်ပန်းတယ်၊ အချိန်ကုန်တယ်။ အဲဒီလိုမျိုး အိမ်နီးချင်း ဇနီးမယားချင်း ရန်ဖြစ်တာကနေပြီး ယောကျ်ားတွေပါပါလာပြီး အိမ်မှာစားဘို့ အချဉ်တည်ထားတဲ့ မျှစ်ချဉ်အိုးကို "မျှစ်တွေ တရားမဝင် စုဆောင်းထားပါတယ်၊ တောထဲက ဝါးတွေမျိုးတုံးနေပါပြီး သဘာဝပတ်ဝန်းကျင်ကြီး ပျက်စီးပါတော့မယ်"တို့၊ တောရွာဓလေ့ တစ်မိုးစာအတွက် နွေမှာ စုဆောင်းထားတဲ့ ထင်းပုံကို "တရားမဝင် ထင်းတွေစုဆောင်းရောင်းချနေပါတယ်" တို့နဲ့တိုင်တာတွေလည်းခံရတယ်၊

မြို့နယ်သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိဟာ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများရဲ့ ပုံမှန်အပတ်စဉ်လဝက်၊ လကုန်အစည်းအဝေးတက်ရောက်တဲ့အခါ ဌာနဆိုင်ရာများမှတစ်ဆင့်၊ သက်ဆိုင်ရာ သစ်တောနယ်မြေများနဲ့ကျေးရွာတွေကို တာဝန်အရ သွားလာနေရတဲ့ ဘိနယ်ဝန်ထမ်းများမှတစ်ဆင့် သစ်တောဝန်ထမ်းများနှင့်အတူ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို တရားမဝင် သစ်ဖမ်းဆီးရေးမှာ ပူးပေါင်းပါဝင်ရန်၊ သတင်းများစုံစမ်းပေးရန်၊ တရားမဝင်သစ်ဖမ်းဆီးရေးမှာ ပြည်သူများပူးပေါင်းပါဝင်မှသာ တရားမဝင် သစ်ခုတ်လှဲထုတ်လုပ်မှုများလျော့နည်းမည်ဖြစ်ကြောင်း ထပ်တလဲလဲ အသိပေးထားတာတွေ၊ ရပ်ကွက်ကျေးရွာပြည်သူတွေကို ဟောပြောပွဲလုပ်ထားတာတွေရှိတာကြောင့် တရားမဝင် သစ်ဖမ်းဆီးရေး ကူညီသည့် တာဝန်သိပြည်သူများ၊ ဌာနဆိုင်ရာများဟာဆိုရင် "သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအာဏာပိုင်အဖွဲ့တွေနဲ့အသင့်စောင့်နေပါ့မယ်"ဆိုတဲ့ ခိုင်လုံတိကျပြီး အစီအစဉ်ကောင်းနှင့် ထိရောက်တဲ့တိုင်ကြားချက်ဟာ ကျွန်တော်များသစ်တောဝန်ထမ်းတွေအတွက် တရားမဝင်သစ်ဖမ်းဆီးရတာ အဆင်ပြေလွန်းလှပါတယ်။ ကျေးဇူးလည်းတင်ရပါတယ်၊

ကျွန်တော်တို့နှစ်မှာ သစ်တောတက္ကသိုလ်ကျောင်းဆင်းပြီး သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းဆိုပြီး တောအုပ်ကြီး၊ သစ်အုပ်ကြီး၊ ရာထူးအဆင့်တွေနဲ့ လုပ်ငန်းခွင်ဝင်စမှာ ကျွန်းပင်တစ်ပင်ကိုတွေ့ရင် တောအုပ်ကြီးက ဘယ်လိုပြုစုမယ်၊ ဘယ်လိုထိန်းသိမ်းမယ်ဆိုတဲ့ ထိန်းသိမ်းရေးအမြင်၊ သစ်အုပ်ကြီးက သစ်/တိုင်/မျောအဆင့် ဘယ်လိုသတ်မှတ်မယ်၊ ရရှိမယ့်တန်ဖိုး၊ ထုတ်လုပ်မှုကုန်ကျစရိတ်စတဲ့ စီးပွားရေးအမြင်တွေရှိကြောင်း သူငယ်ချင်းတွေ စကြနောက်ကြတယ်၊ တရားမဝင် သစ်ခုတ်လှဲမှုတွေနဲ့ပတ်သက်လို့ ကျွန်တော့်ဘကြီးက ကျွန်တော့်ဆီအလည်လာစဉ် သူ့အမြင်ပြောသွားတာလည်း ကျွန်တော့်မှာ ခံရပါသေးတယ်၊

"ငါ့တူကြီး မင်းနေရာမှာ သစ်တွေအတော်များများဖမ်းဆီးနေတာပဲကွ မင်းတို့လည်း တော်တော်အလုပ်ရှုပ်မှာပဲနော်"

"ဟုတ်ကဲ့ ဘကြီး တရားမဝင်သစ်ခုတ်တာတွေက မိမိသုံးအတွက်သာမက စီးပွားရေးအနေနဲ့ ခုတ်လှဲတယ်၊ တစ်ဖက်နိုင်ငံက တရားမဝင် စီးပွားရေးသမားတွေနဲ့လည်း ချိတ်ဆက်ရောင်းဝယ်ကြတော့ ကျွန်တော်တို့လည်း မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်သာမက ဦးစီးရုံးချုပ်အစီအစဉ်အနေနဲ့ ဖမ်းဆီးနေရတယ်၊ မြန်မာတစ်ပြည်လုံးမှာလည်း တရားမဝင် သစ်ခုတ်တဲ့နေရာမှန်သမျှ ကျွန်တော်တို့ ဝန်ထမ်းတွေဖမ်းဆီးနေရတာပဲလေ"

"အင်း---ဟိုအရင် ရာဇဝင်နဲ့ချီပြောရရင် ပုဂံခေတ်မောင်ရင်မောင်၊ မရွှေဥ ဇာတ်လမ်းမှာ မောင်ရင်မောင်ဟာ တရားမဝင်သစ်ခုတ်လို့ နတ်ဖြစ်ရတယ်ထင်တယ်၊ သီပေါမင်း

လက်ထက်ခွင့်ပြုတာထက် စည်းမဲ့ကမ်းမဲ့တရားမဝင်သစ်ခုတ်၊ လိုင်စင်၊ ပါမစ်စည်းကမ်းတွေဖောက်တာကြောင့် ရှင်းရ၊ လျော့ရ၊ နောက်တော့ တို့တိုင်းပြည်လည်း နယ်ချဲ့ကျွန်ဖြစ်ရရော-အခုလည်း ခေတ်အဆက်ဆက် ခိုးခုတ်လာကြတဲ့သစ်ဘယ်တော့များမှ သစ်ခိုးမှုအဖြစ်ပြတ်ပါ့မလဲ။ သစ်ပင်မရှိရင်တော့ သစ်ခိုးခုတ်မှုမရှိတော့ဘူးထင်ပါရဲ့ကွာ၊ ဖမ်းကြ-ဖမ်းကြမောင်ရင်တို့လည်း ကိုယ့်လုံခြုံရေးတော့ဂရုစိုက်"

ဘကြီးပြောတဲ့ သစ်ပင်မရှိရင် သစ်ခိုးမှု မရှိတော့ဘူးပေါ့ဆိုတာကြားရပြီး ဟုတ်တော့လည်း ဟုတ်သလိုလိုဘာကြောင့် သစ်တွေခိုးခုတ်နေကြလဲ၊ အခြေခံကျတဲ့ပြည်သူတွေမှာ လူဦးရေတိုးပွားလာကြလို့ စားဝတ်နေရေးအတွက် သစ်တောမြေတွေကျူးကျော်ခံရ၊ သစ်၊ ဝါးလိုအပ်ချက်တွေများပြားလို့ တောတောင်တွေက ထုတ်ပေးနိုင်တာထက် ပိုမိုခုတ်လှဲခံရ၊ ဆင်းရဲနွမ်းပါးနေတော့ လွယ်ကူတဲ့ တောတောင်တွေထဲက သစ်တောသယံဇာတတွေကိုပဲ စားဝတ်နေရေးအတွက် မိမိသုံးအတွက်သာမက စီးပွားဖြစ်ပါ ခုတ်လှဲထုတ်လုပ်နေကြရင် ကျွန်တော်တို့ သစ်တောဝန်ထမ်းတွေလည်း အခုရော-နောင်ရော-ဖမ်းဆီးရေးကတော့ လုပ်နေရဦးမှာပါပဲလေ-အဲဒီမှာ ပြည်သူတွေ ပူးပေါင်းပါဝင်ဆောင်ရွက်လာရင်၊ အသိအမြင်တွေကြွယ်ဝလာရင်၊ အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်နိုင်ရင်၊ သစ်တောသစ်ပင်တွေရှိလျှင် ကမ္ဘာကြီးပူနွေးမှု၊ ရာသီဥတုပြောင်းလဲမှုတွေ လျော့နည်းမယ်ဆိုတဲ့ အသိတွေရှိပြီး အစိမ်းရောင်ကမ္ဘာကြီးတည်ဆောက်နိုင်ရင် အကောင်းဆုံးမဟုတ်ပါလား၊ တောတောင်ရေမြေ၊ သစ်တောသစ်ပင်တွေဟာ သဘာဝသယံဇာတတွေပါ သဘာဝကပေးနိုင်စွမ်းထက် အလွန်အကျွံသုံးစွဲလာကြရင် သဘာဝကြီးက ဒဏ်ခတ်မှာမလွဲပါဘူး၊ ဒဏ်ခတ်ရင် ဘယ်သူတွေခံကြမှာလဲ၊ လူသားတွေပါပဲလေ၊ ကမ္ဘာ့နေရာအတော်များများမှာ သဘာဝဘေးဒဏ်တွေကြောင့် လူသားတွေ ဒုက္ခမျိုးစုံခံစားနေရတာ တီဗွီ၊ ဂျာနယ်စာစောင်စတဲ့ မီဒီယာတွေမှာလည်းမြင်တွေ့နေရပြီ မြန်မာနိုင်ငံမှာရော နာဂစ်ကသင်ခန်းစာပေးသွားပြီ၊

လက်ရှိ ကမ္ဘာ့ခေါင်းဆောင်တွေဟာ လူမျိုးရေး၊ ဘာသာရေး အစွန်းရောက် အကြမ်းဖက်အန္တရာယ်ကြောင့် ကမ္ဘာသူ၊ ကမ္ဘာသားများ ကြုံတွေ့ရမည့် ဒုက္ခထက် ပိုမိုဆိုးရွားသည့် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာမည့် ကမ္ဘာကြီးရဲ့ ဝေဒနာ ကပ်ကြီး(၃)ပါးခံစားရမည်ကို ပိုမိုစိုးရိမ်သည့်အတွက် ကြိုတင်ကာကွယ်ရေး၊ ကုစားနိုင်ရေးတွေ ပြင်ဆင်နေကြချိန် မြန်မာနိုင်ငံမှာလည်း နိုင်ငံ့လူဦးရေရဲ့(၇၀)%ခန့်သာ ကျေးလက်နေပြည်သူတွေအတွက် ဆင်းရဲနွမ်းပါး လျှော့ချရေးဆောင်ရွက်ရင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကိုလည်း စဉ်းစားဆောင်ရွက်နေချိန် ကျွန်တော်တို့ သစ်တောဝန်ထမ်းတွေကတော့ သစ်တောလုပ်ငန်းများလုပ်ပြီး သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရင်း တရားမဝင် သစ်ခုတ်လှဲထုတ်လုပ်မှုများကို ကာကွယ်နေရမယ်၊ ဖမ်းဆီးအရေးယူ နေရမယ်၊ ဒါမှလည်း----------------

"ကလင်-ကလင်-ကလင်" "ကလင်-ကလင်-ကလင်"

"ဟော့--ဟော့ မင်းတို့ရုံးဖုန်းမြည်နေတယ်ကွ၊"

"ဩော်-ဟုတ်ကဲ့ပါ ဘကြီး ကျွန်တော်ကိုင်လိုက်ပါ့မယ်"

ကျွန်တော်လည်း ဘကြီးကို စကားပြောရင်းက စကားပြတ်သွားချိန် အတွေးလွန်နေခိုက် ကျွန်တော်ရဲ့ ရုံးဖုန်းမြည်သံကို ဘကြီးက သတိပေးလိုက်တာကြောင့် ဖုန်းရှိရာသွားကိုင်လိုက်ချိန်မှာတော့-

"ဟဲလို--အမိန့်ရှိပါ----မြို့နယ်သစ်တောဦးစီးဌာနကပါ--"

"ဦးစီးအရာရှိ ရှိလား--တရားမဝင်သစ်တွေ စုပုံထားတာ တိုင်ချင်လို့"

"ဟုတ်ကဲ့၊ ကျွန်တော်ဦးစီးအရာရှိပါ အခုဘယ်ကဆက်တာပါလဲ၊ သိတဲ့အချက်အလက်လေးတွပြောပြပေးပါ ကျွန်တော်မှတ်ထားပါ့မယ်"

ဖုန်းထဲက တိုင်ကြားသူရဲ့ ပြောပြချက်တွေကို မှတ်သားထားပြီးနောက် ကျွန်တော်လည်း သက်ဆိုင်ရာဝန်ထမ်းတွေကို ဆင့်ခေါ်လိုအပ်တာတွေစီစဉ်နေရင်း--

"ကဲ--ဘကြီးရေ ကျွန်တော်တော့ တိုင်တဲ့သူရှိလို့ တရားမဝင်သစ်ဖမ်းထွက်လိုက်ဦးမယ်၊ ကျွန်တော်ဆီရောက်တုန်း အေးအေးဆေးဆေးဘဲ နားနေပါ"

"အေး--အေး ဖမ်းကြပေါ့ကွာ"

ကျွန်တော်မှာလည်း ရုံးဖုန်းကိုင်လိုက်တိုင်း "ဟဲလို-အမိန့်ရှိပါ"နှင့် ပြန်ထူးရင်း တရားမဝင်သစ်နဲ့ပတ်သက်လာရင် တိုင်တဲ့သူရှိလို့ ဖမ်းရသလို ကိုယ်တိုင်လည်း သတင်းစုံစမ်းပြီး အခုရော---နောင်ရော တရားမဝင်သစ်ကတော့ ဖမ်းပြီးရင်း--ဖမ်းပါပဲ---၊ သစ်ပင်ရှိလို့ သစ်ခိုးတာ၊ သစ်ခိုးလို့ ကျွန်တော်တို့သစ်တောဝန်ထမ်းတွေက ဖမ်းတာထက် ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံက သဘာဝသယံဇာတအရင်းအမြစ်တွေကို ကာကွယ်တာ၊ သဘာဝပတ်ဝန်းကျင်ကြီးကို ကာကွယ်တာ၊ နောင်သားစဉ်မြေးဆက်တွေအတွက် အခြေခံကောင်း သဘာဝသယံဇာတအရင်းအမြစ်တွေကို ထိန်းသိမ်းကာကွယ်ပေးခြင်းဖြင့် အမွေကောင်းတွေပေးခဲ့ချင်တာ၊ လက်ရှိပြည်သူတွေအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ချင်တယ် ဆိုတာရှာက ကျွန်တော့်ရဲ့ ဘကြီးနားလည်ရင်ဖြင့်---



# ကဗျာကဏ္ဍ

## ခေတ်သစ်ဆီသို့

အတိတ်ဆိုးကြောင့်
စိတ်သိုးကိုမြင်
အသင်  ပြင်နိုင်ခဲ့ပြီးလား။
ခေတ်သစ်ကိုမြင်
အသွင်ဆန်းဖို့
အမြင်လမ်းကိုလည်း  ပြင်ရမည်။
ခေတ်စနစ်အသွင်သစ်
လှမ်းလင့်လို့ကြို
အို ... ဘာတွေရေးမိပါလိမ့်။
တွေးတောဆင်ခြင်
အရိပ်ဒိုအပ်အပင်နား
ငှက်များစုနဲ့
ဇီဝသွင်ပြင်
အမြင်တင့်စေဖို့
ကုန်ဆုံးကုန်သော
သစ်တောများကို
ပြန်လည်ပြုပြင်မည်
စိုက်မည်  ...စိုက်မည်
စိုက်ခင်းတွေစိုက်ကြမည်။

(သစ်တောသမားများ၏အတွေးကိုဖော်ညွှန်းလျက်  ...)

**တင်သောင်း**
**တောအုပ်(စီမံကိန်းနှင့်စာရင်းအင်းဌာန)**

## ဘိုးဘွားအမွေမပျောက်ဖို့၊ သဘာဝတောတွေထိန်းကြစို့

ကမ္ဘာမြေ၏
ရှိသည့်သစ်ပင်
အစဉ်ပျိုးထွား
စွမ်းဆောင်ဖို့ရာ
လူတို့မှာတာဝန်ရှိ၏။
ကုဋေရှစ်ဆယ်
သူကြွယ်သားသို့
မဖြစ်ဖို့ရန်
သစ်ပင်မှန်က
စောင့်ထိန်းကြလျက်
သက်ရှိတောတောင်
မကုန်အောင်လေ
တို့တွေကြိုးစား
ဆောင်ရွက်သွားစို့။
သူ့ဝန်သူ့တာ
မစွဲပါဘဲ
သင်လည်းပြည်သူ
တူညီပေါင်းဖက်
တွဲလက်နိုင်မှာ
ကမ္ဘာမြေပွား
အို.. လူသားတို့
တို့ဘိုးဘွားမွေ
တောတောင်ရေမြေ
ရေရှည်တည်အောင်ထိန်းကြစို့ - - -။

**မုံရွာချစ်သန်းထွန်း(မြန်အောင်သစ်တော)**



## ကာတွန်းကဏ္ဍ

# သစ်တောမင်းကြီး ဦးအောင်မြင့်၏ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ် အမှတ်တရကာတွန်းများ














ဆက်လက်ဖော်ပြပါမည်

အင်တာနက် သတင်းကဏ္ဍ

## မြေဆီလွှာအတွင်းရှိ ဩဂဲနစ်ပစ္စည်းများသည် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်ခြင်း



ရှေးယခင်ကတည်းကပင် ကာဗွန်များသိုလှောင်ရာနေရာဖြစ်သော မြေဆီလွှာအတွင်းရှိ ဩဂဲနစ်ပစ္စည်းများသည် ယခင်တွေးထင်ထားသည်ထက်ပင် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်ကြောင်းကို မတ်လ(၃၁)ရက်နေ့ အင်တာနက်သတင်း အရသိရှိရပါသည်။ သိပ္ပံပညာရှင်များ၏ တွေ့ရှိချက်အရ သစ်ပင်အမြစ်များမှ စစ်ထုတ်သော oxalic acid သည် သမားရိုးကျမဟုတ်သည့် ဖြစ်စဉ်ဖြင့် မြေဆီလွှာမှကာဗွန်ဆုံးရှုံးမှုကို တိုးမြင့်စေပြီး ဩဂဲနစ် ဓာတ်ပေါင်းများအား ပြိုကွဲစေကြောင်း သိရှိရပါသည်။

အပင်များသည် အလင်းမှီအစာချက်ခြင်း နည်းလမ်းဖြင့် စုပ်ယူထားသော ကာဗွန်များ၏ ၄၀ % မှ ၆၀% အား ၎င်းတို့၏ အမြစ်များအတွင်း သိုလှောင်ထားပြီး အဆိုပါ ကာဗွန်များထဲမှ အမြောက်အမြားကို စစ်ထုတ်ပြီးနောက် မြေဆီလွှာအတွင်းရှိ အဏုဇီဝပိုးမွှားများမှ ပြန်လည်စုပ်ယူထားပါသည်။ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏ မြင့်တက်လာခြင်းသည် သစ်ပင်အမြစ်များမှ ကာဗွန်စစ်ထုတ်မှုပမာဏနှင့် ပုံစံကိုပြောင်းလဲစေကြောင်းသိရပါသည်။ သစ်ပင်အမြစ်များမှ ပုံမှန်မဟုတ်သော oxalic acid စစ်ထုတ်မှုသည် မြေဆီလွှာအတွင်းမှ ကာဗွန်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေပြီး မြေဆီလွှာအတွင်း အသစ်ထပ်မံရောက်ရှိလာသော ကာဗွန်များကြောင့် အဏုဇီဝပိုးမွှားများ၏ ဖြိုခွဲမှုဖြစ်စဉ်ကို ရေတိုကာလတွင် တိုးမြင့်လာစေကြောင်းသိရှိရပါသည်။

ယခင်လေ့လာချက်များအရ ရာသီဥတုပြောင်းလဲမှုသည် အပင်အမြစ်များမှ မြေဆီလွှာအတွင်းသို့ ဩဂဲနစ် ဓာတ်ပေါင်းများစစ်ထုတ်မှုကို တိုးမြင့်စေကြောင်း သိရှိရ ပါသည်။ သို့သော် မကြာသေးမီ လေ့လာချက်များအရ မြေဆီလွှာမှ ဩဂဲနစ်ဓာတ်ပေါင်းများ စစ်ထုတ်မှု တိုးမြင့်လာခြင်းသည် မြေဆီလွှာ၏ အသားတင် ကာဗွန်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေကြောင်း သိရှိရပါသည်။ အဆိုပါ အဏုဇီဝပိုးမွှားများ၏ ကာဗွန်ဖြိုခွဲမှုဖြစ်စဉ် လှုံ့ဆော်မှုများကို -cometabolism-(အပင်အမြစ်များမှ ဩဂဲနစ်ဓာတ်ပေါင်းများ စစ်ထုတ်မှုသည် မြေဆီလွှာအတွင်းရှိ ကာဗွန်များ ဖြိုခွဲခြင်းအတွက် လိုအပ်သောစွမ်းအင်ကို အဆင်သင့် ထောက်ပံ့ပေးမှုဖြစ်စဉ်)ဖြင့် ရှင်းလင်းနိုင်ကြောင်းသိရပါသည်။ အဆိုပါဖြစ်စဉ်သည် မြေဆီလွှာအတွင်းမှ ကာဗွန်ဆုံးရှုံးမှုကို တူညီသောပမာဏ (သို့မဟုတ်) ထိုထက်ပို၍ ပမာဏများပြားစွာ ဆုံးရှုံးစေကြောင်း Lawrence Livermore National Laboratory မှ သိပ္ပံပညာရှင် Jennifer Pett-Ridge မှပြောကြားခဲ့ပါသည်။

အပင်အမြစ်များမှ စစ်ထုတ်မှုနှုန်းသည် ယခင်တွေးထင်ထားသကဲ့သို့ ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်မည်ဆိုပါက ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏ မြင့်တက်လာမှုသည် အပင်အမြစ်များမှ ဩဂဲနစ်ပစ္စည်းများ စစ်ထုတ်မှုကို လှုံ့ဆော်ပေးရုံသာမက မြေဆီလွှာအတွင်းသို့ ထုတ်လွှတ်သော ဩဂဲနစ်ဓာတ်ပေါင်းများ၏ ပါဝင်ဖွဲ့စည်းမှုကိုပါ ပြောင်းလဲစေပြီး အပင်အမြစ်ဇုန်အတွင်းရှိ သတ္တုနှင့် ဩဂဲနစ်ဓာတ်ပေါင်းများ ရွေ့လျားမှုကိုပါ မြင့်တက်လာစေမည်ဖြစ်ကြောင်း သိရှိရပါသည်။

---

## ပူနွေးလာသောရာသီဥတုတွင် အဘယ်ကြောင့် ပန်းများ စောစွာ ပွင့်ကြသနည်း

John Innes Centre မှ သိပ္ပံပညာရှင်များသည် ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ ပန်းပွင့်များ အဘယ်ကြောင့်စောစွာ ပွင့်လာကြသည်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်းကို မတ်လ(၃၁)ရက်နေ့ အင်တာနက်သတင်းအရ သိရှိရပါသည်။

John Innes Centre မှ သုတေသီ Dr. Steven Penfield ၏ တွေ့ရှိချက်အရ အပင်များသည် နှစ်တစ်နှစ်၏ ပုံမှန်အချိန်ကာလတစ်ခုတွင် ပန်းပွင့်နိုင်ရန်အတွက် စံအပူချိန်ရှိကြောင်း သိရှိရပါသည်။ ၎င်း၏လေ့လာတွေ့ရှိချက်အရ Arabidposis thaliana မျိုးစိတ်၏ အစေ့အညှောက်ပေါက်ရန် လိုအပ်သောအပူချိန်မှာ ၁၄ မှ ၁၅ ဒီဂရီဆယ်(လ်)စီးယပ်ဖြစ်ကြောင်း သိရှိရပါသည်။ ၁၄ ဒီဂရီဆယ်(လ)စီးယပ်အောက် လျော့နည်းသော အပူချိန်

တွင် စတင်ဖွံ့ဖြိုးသော သစ်စေ့များသည် အများအားဖြင့် မြုံနေတတ်ပြီး အပင်မပေါက်နိုင်ကြောင်း သိရှိရပါသည်။ အဆိုပါဖြစ်စဉ်ကြောင့် မိခင်အပင်သည် အမျိုးမျိုးသော ကြီးထွားမှုနှုန်းရှိသည့် သစ်စေ့များကို ထုတ်လုပ်စေ မည်ဖြစ်ပြီး အချို့သော ၎င်း၏သစ်စေ့များသည်သာ နောက်ထပ် အပင်သစ်အဖြစ် ပေါက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ရာသီဥတုပြောင်းလဲမှုသည် နှစ်တစ်နှစ် အတွင်း သစ်စေ့များ၏ စောစီးစွာအပင် ပေါက်နိုင်မှု အခြေအနေသို့ ပြောင်းလဲစေသောကြောင့် ပထမဆုံး ပန်းပွင့်နိုင်မှု အခြေအနေသည်လည်း စောစီးစွာ လိုက်ပါပြောင်းလဲလာကြောင်းသိရှိရပါသည်။

သုတေသီများသည် Arabidposis thaliana မျိုးစိတ်၏ ကြီးထွားမှုပုံစံအား ကွန်ပျူတာ models များ အသုံးပြု၍ တွက်ချက်ခဲ့ကြပြီး အဆိုပါမျိုးစိတ်၏ အပူချိန်အပေါ် လိုက်၍ ပန်းပွင့်ချိန် ပြောင်းလဲမှုပုံစံလေ့လာချက်ကို အခြားပန်းပွင့်သည့် အပင်မျိုးစိတ်များတွင်လည်း အနီးစပ်ဆုံး အသုံးပြုနိုင်ကြောင်း သိရှိရပါသည်။ အပင်အမျိုးမျိုးတွင် မျိုးစိတ်အလျောက် ကွဲပြားခြားနားသော ပန်းပွင့်ချိန်များရှိသော်လည်း အပူချိန်အရလိုက်ပါပြောင်းလဲမှုတွင် အတူတူနီးပါးပင်ဖြစ်ကြောင်း သိရှိရပါသည်။

လိုအပ်သော အပူချိန်အတိုင်းအတာအတွင်း သစ်စေ့များဖွံ့ဖြိုးမှုသည် သာမန်မူလအတိုင်း အပင်ပေါက်စေရန်အတွက် အရေးကြီးကြောင်း Dr. Steven Penfield မှ ဆက်လက်ပြောကြားခဲ့ပါသည်။ အပင်များသည် နှစ်တစ်နှစ်၏ သတ်မှတ်အချိန်ကာလ တစ်ခုတွင်သာ ပန်းပွင့်ခြင်းမဟုတ်ဘဲ လိုအပ်သော အပူချိန်ရရှိသောအခါတွင် ပန်းပွင့်ခြင်းဖြစ်ပုံရကြောင်း ၎င်းမှ ဆက်လက်ပြောကြားခဲ့ပါသည်။ ရာသီဥတုပြောင်းလဲမှုကို သစ်ပင်များ အနေဖြင့် ကောင်းစွာ သိရှိခံစားနိုင်ပြီး ၎င်းတို့၏ပန်းပွင့်ချိန်ကိုပါ အလားတူချိန်ညှိခြင်း ဖြစ်ကြောင်း သိရှိရပါသည်။



---

## ရာသီဥတုလွှန်ကဲပြင်းထန်မှုသည် ဂေဟစနစ်များအတွက် ခြိမ်းခြောက်မှုဖြစ်ခြင်း



ကမ္ဘာကြီးပူနွေးလာသည်နှင့် အမျှ ဟာရီကိန်း မုန်တိုင်းများ တိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းစသည့် ရာသီဥတုလွန်ကဲ ပြင်းထန်မှု အခြေအနေများသည် အကြိမ်ရေ ပိုမိုများပြားလာမည် ဖြစ်ပြီး အကျိုးဆက် အနေဖြင့် သန္တာကျောက်တန်းများ ပျက်စီးခြင်း၊ အပူပိုင်းမုတ်သုံသစ်တောများစသည့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသော ဂေဟစနစ်များတွင် မျိုးစိတ်များ မျိုးသုဉ်းမှု အန္တရာယ် မြင့်တက်လာစေကြောင်းကို မတ်လ(၂၃) ရက်နေ့ အင်တာနက် သတင်းအရ သိရှိရပါ သည်။

လူသားတို့ လုပ်ဆောင်မှုများကြောင့် ဆိုးကျိုးသက်ရောက်မှုဆိုသည်မှာ အပင်နှင့် သတ္တဝါမျိုးစိတ်များ မျိုးသုဉ်းမှုသည် ပုံမှန်နှုန်းထက် အဆ ၁၀၀ မှ ၁၀၀၀ အ ထိ မြင့်တက်လာခြင်းကို ဆိုလိုပါသည်။ ရာသီဥတု ပြောင်းလဲမှုသည် အပင်နှင့် သတ္တဝါမျိုးစိတ်များ ပျောက်ကွယ်ရခြင်း၏ အဓိကအကြောင်းအရင်းများအနက် တစ်ခုအဖြစ် ထည့်သွင်း သတ်မှတ်ထားကြောင်း သိရှိရပါသည်။

Linkoping တက္ကသိုလ်မှ သုတေသီအဖွဲ့သည် သိသာထင်ရှားသော ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုများမှ ဂေဟစနစ်အမျိုးမျိုး၏ လှုပ်ရှားပြောင်းလဲမှုအပေါ် မည်သို့ အကျိုးသက်ရောက်သည်ကို သိရှိနိုင်ရန် သင်္ချာ model ပုံစံများအသုံးပြု၍ လေ့လာတွက်ချက်ခဲ့ကြောင်း

သိရှိရပါသည်။ အစာကွင်းဆက်တည်ဆောက်ပုံများအား ယခင်လေ့လာချက်များအရ မျိုးစိတ်ကွဲပြားသော ဂေဟစနစ်များသည် မျိုးစိတ်နည်းပါးသော ဂေဟစနစ်များထက် အစာကွင်းဆက်တည်ဆောက်ပုံ ပိုမိုခိုင်မာကြောင်း သိရှိရပါသည်။ သို့သော် ရာသီဥတုလွန်ကဲ ပြင်းထန်ကဲ့သို့သော ပတ်ဝန်းကျင်မတည်ငြိမ်မှု အခြေအနေများ ပိုမိုဖြစ်ပွားလာပါက မျိုးစိတ်အလွန်ကွဲပြားသော ဂေဟစနစ်များသည် အထိခိုက်အလွယ်ဆုံးဖြစ်ပြီး မျိုးစိတ်များ မျိုးသုဉ်းမှုအန္တရာယ် ပိုမိုမြင့်တက်လာနိုင်ကြောင်း သိရပါသည်။

မုတ်သုံတော(သို့) သန္တာကျောက်တန်းများတွင် အစိမ်းရောင်အပင်များနှင့် ရေညှိပင်ကဲ့သို့သော အစာကွင်းဆက်၏ မူလထုတ်လုပ်သူမျိုးစိတ် အမြောက်အမြားရှိပြီး ၎င်းမျိုးစိတ်များသည် ယှဉ်ပြိုင်ရှင်သန်သူများ ဖြစ်သောကြောင့် မျိုးစိတ်တစ်ခုတွင် အရေအတွက် အနည်းငယ်သာရှိပါသည်။ ထို့ကြောင့် ပြင်ပအခြေအနေများ ပြောင်းလဲလာပါက မျိုးသုဉ်းမည့်အန္တရာယ် ပိုမိုမြင့်မားကြောင်းသိရှိရပါသည်။ထို့ကြောင့် အပင်စားသတ္တဝါ မျိုးစိတ်များအတွက် အစာအရင်းအမြစ်များ ပျောက်ဆုံးကာ အစာကွင်းဆက်ထိပ်ဆုံးပိုင်းရှိ အသားစား သတ္တဝါမျိုးစိတ်များကိုပါ ထိခိုက်စေမည်ဖြစ်ကြောင်း သိရှိရပါသည်။ ဇီဝဗေဒပညာရှင်များသည် အဆိုပါ အသွင်ကူးပြောင်းမှုအား လျင်မြန်၍ ပမာဏများပြားစွာ မျိုးသုဉ်းပျောက်ကွယ်ခြင်း(Cascading Extinction) ဟုခေါ်ဆိုကြောင်း သိရှိရပါသည်။

ဆန့်ကျင်ဘက်အနေဖြင့် မျိုးစိတ်အနည်းငယ်သာရှိပြီး အရေအတွက်များသော ဂေဟစနစ်များတွင်မူ သတ္တဝါမျိုးစိတ်များသည် အလိုက်သင့်နေထိုင်နိုင်ကြောင်း သိရှိရပါသည်။ သုတေသီများသည် မည်သည့်သတ္တဝါမှ မည်သည့်အစာကိုစားသည်၊ မျိုးစိတ်များ၏ ဘဝစက်ဝန်း တည်ဆောက်ပုံနှင့် မျိုးစိတ်တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်ပုံ စသည်တို့မည်သို့ရှိပုံကို ၎င်းတို့အတွေ့အကြုံနှင့်ပေါင်းစပ်၍ ဂေဟစနစ်အစစ်များကို အခြေခံကာ အစာကွန်ယက်ပုံစံများ ဖန်တီးလေ့လာခဲ့ကြောင်းသိရှိရပါသည်။ အဆိုပါ လေ့လာမှုတွင် ပြင်ပအခြေအနေများဆိုသည်မှာ ကြိုတင်မခန့်မှန်းနိုင်သည့် ပြောင်းလဲမှု အခြေအနေများကို ဆိုလိုခြင်းဖြစ်ပါသည်။ ယခုလေ့လာမှုတွင် အသုံးပြုခဲ့သည့် အစာကွန်ရက်ပုံစံများသည် စံပုံစံတစ်ခုဖြစ်ပြီး နောက်တစ်ဆင့်အနေဖြင့် အမှန်တကယ်ဖြစ်ပြီး အသေးစိတ်ရာသီဥတုဆိုင်ရာ အချက်အလက်များကို ထည့်သွင်းသွားမည်ဖြစ်ကြောင်း သီအိုရီဇီဝဗေဒ ပါမောက္ခ Bo Ebenman မှ ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

## ဝမ်းနည်းကြေကွဲခြင်း



**ဦးခင်လိုင်၊ ညွှန်ကြားရေးမှူး(ငြိမ်း)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်းအပြည့်အဝအသုံးပြု၍ အဖက်ဖက်မှကြိုးပမ်းဆောင်ရွက်ပေးခဲ့သော၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဂျာနယ်၏ စာတည်းမှူးချုပ်ဟောင်း ဆရာဦးခင်လိုင် သည် (၁၂-၃-၂၀၁၅)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဂျာနယ်

# REDD-Plus INFORMATION -19-

# Economic Drivers of Deforestation in Myanmar

## By

U Sein Thet

Project Coordinator, ITTO REDD- Plus Project

1. The Republic of the Union of Myanmar is situated between latitudes 9° 55″ and 28° 15″ north and between longitudes 92° 10″ and 101° 10″ east, with a total land area of 676,577 km². Myanmar constitutes 14 States and Regions. According to 2010 estimation, there are about 59.13 million people in which a total of 135 ethnic groups are living in the country. Most of the populations are Buddhist and there is also a rich mix of religions such as Christian, Hindu, Muslim, and Animist.

2. Myanmar is the largest country in mainland Southeast Asia and it shares borders with the People's Republic of China (PRC) to the north and northeast, Lao People's Democratic Republic (Lao PDR) and Thailand to the east and southeast, and Bangladesh and India to the west and northwest. With a 2,800-kilometer coastline that provides access to sea routes and deep-sea ports, Myanmar has the potential to serve as a gateway between East Asia, South Asia, and Southeast Asia. Myanmar has rich natural resources, including arable land, forests, minerals, natural gas, and freshwater and marine resources.

3. Myanmar has tropical monsoon weather with three distinct seasons; hot, rainy and cool seasons. Rainfall is influenced by monsoons and also by the locality. Annual rainfall of the coastal regions has about 5000 mm while the central dry zone areas have less than 750 mm. Myanmar has a temperature from 10°C to 32°C with an average mean value 21°C in the northern low lands, sometimes dropping to -1°C or 0°C in the high lands and 32°C in the coastal area. During the hot seasons, temperature sometimes reach 40°C and over in central dry zone areas. Myanmar land surface slopes gradually with undulating mountain ranges, hills and valleys from north to south. Khakabo-razi, the highest mountain in South East Asia, with its peak of 5881 m is found in Northern Part of Myanmar. Running parallel from north to south, are 4 mountain ranges; the Chill hills, the Rakhine Yoma, the Bago Yoma and the Shan Plateau. There are 5 rivers called Chindwin, Ayeyarwady, Thanlwin, Sittaung, and Mekong Rivers. Wetlands, water springs, tube wells, deep tube wells, ponds and irrigated water systems contributed to water supply in many areas.

4. The composition and distribution of Myanmar's land resources in 2010 were described as reserved forests (24.9%) and other forests (24.1%), follow land (0.4%), cultivated areas (17.6%), cultivable wasteland (8.3%) and others (24.7%).(FAO,FRA 2010). Myanmar also possesses ample mineral resources, such as rubies, sapphire, jades and gold. The environmental condition of Myanmar sea waters are still in pristine condition together

with abundant aquatic resources. For Forestry, Myanmar has been managing its natural forests under the Myanmar Selection System (MSS) since 1856. It is a Sustainable Forest Management System. Moreover, Community Forestry and Agroforestry are also being encouraged. These activities will increase the sink and will compensate the emissions from other sectors as well as from other forestry activities. Moreover, afforestation programs have been intensified and forest and wildlife protection laws and regulations are being increasingly enforced. The 2000 Greenhouse Gas (GHG) inventory has very well testified that Myanmar is still a big net carbon sink country.

5. The current process of national development and planning in Myanmar does not provide a systematic means for the integration of environmental dimensions (Myanmar Agenda 21). Climate change is one of the hottest environmental issues today and Ministry of Environmental Conservation and Forestry (MOECAF) is well placed to undertake the task of coordinating line ministries and ensuring the integration of climate change concerns into the national and sectoral development plans and programs. Myanmar, with an estimated population 59.1 million is ranked 149 out of 168 countries on the Human Development index. Economic growth rates and average per capita incomes are both low and poverty rates high, with 26% of the population being estimated as living in poverty. Poverty is higher in rural and remote border areas than urban areas.

6. Myanmar has been taking initiatives to transform the socialist economy into a market economy. The mandate of the new government of President U Thein Sein, elected in 2010, is to chart a new direction for the country. Emerging from decades of isolation, Myanmar is undergoing a major economic, social, and political transformation. With abundant natural resources, a strategic location in Southeast Asia, and a large and young population, Myanmar has a unique opportunity to lay the foundation for a brighter, more prosperous future for its people.

7. In pursuit for a continued people based reforms, President U Thein Sein, on 11 May, 2012 called for the development of policies and reform strategies that can achieve people-centered development, civic participation and human resource development, effective and transparent use of public financial resources, sustainable regional development, decentralization and greater autonomy for local government, and poverty reduction.

8. In Myanmar with people-centered systems are exploring more and more workable means in providing greater care for the people. With regard to processes of reforms for development of the State, President of the Republic of the Union of Myanmar U Thein Sein delivered an address in meeting with Union level organization members, Region/State Chief Ministers, Chairman of Self-Administered Division Zone, deputy ministers and department heads at the meeting hall of the President office, Nay Pyi Taw, on 5 June, 2012. As the first step of its reform strategy the government had prioritized political system shift and national reconciliation process, which achieved prominent results winning,

the trust of the international community followed by increased proposal for assistance to the country.

9. National Economy and Social Advisory Council is to bridge and make coordinate between International Assistance Management Working Committee and respective ministries on assistances to be provided by Civil Society and INGOs. In picking out prioritized sectors and areas to get foreign aids depending on development plan and reform strategy included priorities among 14 sectors of short-term five-year project from the point of view of Gross Domestic Product and services are ***forestry***, agriculture and energy.

10. From 1988 onwards Myanmar has moved to a more liberalized economic policy based on Market oriented system, promoted the role of private sector and open up to foreign investments. To stabilized the economic development and also providing the safety nets for the vulnerable groups during the transition, the following laws: Foreign Investment Law, new Central Bank of Myanmar Laws, Financial Institution of Myanmar Law and Myanmar Tourism Laws have been enacted. And the Chambers of Commerce has been transformed and reactivated as Union on Myanmar Chambers of Commerce and Industry.

11. The GDP, the measurement of positive economic growth has been recorded in certain sectors of the economy. However, neither the rate of social decline and inequity nor the deterioration of natural resources and environmental degradation associated with economic growth have been satisfactory studied or surveyed and reported. For the continued economic growth, the country will (should) have to face the impending challenges including the macro-economic instability, volatility of foreign exchange earning and unstable exchange rates, low level of savings, large deficits distortion in the price and insertions system, indiscriminate land uses and ecosystem instability. (Myanmar Agenda 21)

12. Myanmar is on its initial stage of development. Thus it has to rely on primary sectors such as resource extraction and export. The country is at the transitional period of market-oriented economic system and industrialization without successful transformation to industrial development raw materials such as round log can never become value-added products such as high quality wood-made home decoration items. Up to recent days the structure of Myanmar economy is not significantly changed with high domination of primary sectors comprising agriculture, Livestock and Fishery, Forestry, Energy and Mining. Secondary sector includes processing and manufacturing, Electric power and Construction. Tertiary sector consists of Transportation, Communication, Finance, Social and Administration, Rentals and other services plus Trade.

13. The proportion of industrial sector in Myanmar slightly increased from 15% in 1985/86 to 16 percent in 2005/06. The share of agriculture and other primary sectors declined from 61% to 49%, and that of service sector increased from 23 to 35% for the same period. Higher contribution of service sector was due to rapid expansion of international trade with initiation of the market economy.

14. For hundreds of years, forest resources have been exploited because the short-term financial rewards are considered more attractive than the long-term benefits of SFM. Unsustainable forest management practices and the conversion of forestland for profitable uses have reduced forest cover in many ASEAN countries. (RECOFTC Assessment 2010). Commercial timber extraction, palm oil production, large scale agriculture, hydropower generation, and mining are important economic activities in many ASEAN countries including Myanmar. They are also major drivers of deforestation. For example, in Myanmar many a forestland are turned into other crops such as Palm oil plantation, Rubber plantations, horticultural plantations, etc.

15. Forestry is one of the important sectors that contribute climate change mitigation and adaptation because it is a sink as well as a source of carbon dioxide. Emissions from deforestation and forest degradation in developing countries amount to about 20% of the total global emissions of greenhouse gases. In this connection, Low Carbon, Green Economy and Green Growth approach is becoming very popular in Climate Change Agenda. New policy and legislations as well as innovation and investment are evolving with momentum in the world.

16. With the recognizing the important role of forest in climate change mitigation, Clean Development Mechanism (CDM) has been initiated at Kyoto Protocol in 1997 as well as Reducing Emissions from Deforestation and Forest Degradation (REDD+) in developing countries has been accepted at the UNFCCC COP 15 in 2009 in Copenhagen, Denmark. Rio+20 which was held in June 2012 in Rio De Janeiro, Brazil also highlighted the important role of forests and potentiality of REDD+ in enhancing social, economical and ecological benefits for the people as well as sustainable development of the countries.

17. REDD+ is based on core idea of performance based payment as well as rewarding mechanism for those who could reduce greenhouse gas emissions from forests. Within this context, the ultimate objective of REDD+ should not be limited only for carbon credit, should integrate to achieve co-benefits such as biodiversity, water regulation, soil conservation, reducing poverty and sustainable development. Of course, capacity building, institutional strengthening and improving forest management practices for sustainable management of forests should also be essential part of REDD+. All relevant stakeholders including government body, NGOs, CSOs, private sector and local communities have to work together. In this respect, community forestry, agro-forestry, social forestry, community based forest management practices and forestry related small-scale business will be fundamental framework for the development of public private partnership in forestry sector.

References: -

- Dr. Nyan Htun: Conducting Underlying Causes of Deforestation and Forest Degradation. National Consultant Report, ITTO Project, December 2013.
- U Sein Thet: Policy Review on Forestry Sector. ARDC, March 2013.

# FORESTRY AROUND THE WORLD

## In Myanmar, Foresters Battle Invasive Species

By Wai Wai Than

Myanmar is an ecologically complex and diverse country. In a tropical/subtropical region just north of the equator, the country has four distinct topographical zones: mountains, highlands, grassland plains, and delta, or coastal, ecosystems. Most of the land area is fertile and fed by annual monsoon rains. Myanmar has relatively open borders with Bangladesh, India, China, and Thailand, and has nearly 1,200 miles of coastline along the Bay of Bengal, Gulf of Martaban, and Andaman Sea. With so many open borders, conditions are favorable for the invasion and distribution of exotic and invasive species.

Invasive alien species (IAS) are recognized as a serious problem throughout the country. Policies to mitigate and combat these invasives have been established by the Forest Protection Section of the Myanmar Forest Research Institute, the only government body in the country to work on this issue. The development of management plans around IAS was a response to the serious environmental impacts and other problems that these species cause. Most management plans have, so far, been ineffective in controlling and eradicating problem species.

Some of our most serious invasive species have been introduced intentionally for things like fuel wood. For example, some villagers in Myanmar who do not have access to electricity and gas introduced the species *Prosopis juliflora* from Israel in the 1950s to be utilized as wood fuel in the dry zone. *P. juliflora* is a mesquite wood and regenerates well naturally and through coppicing. The spread of this species has caused serious losses of native agricultural and grazing lands. In addition, it has sharp thorns that injure travelers and livestock and can even puncture vehicle tires.

Another species introduced for fuel wood was *Leucaena leucocephala*, a mimosoid tree. This was introduced from Hawaii in about 1970 and has the same attributes of vigorous natural regeneration that are driving out native species. Both *P. juliflora* and *L. leucocephala* are very difficult to eradicate.

One serious aspect of the spread of IAS in Myanmar is the threat to teak plantations. Commercial teak is a very large industry in the country, and plantations are under threat by several exotic species. *Pennisetum* grass, which was introduced into Myanmar in 1976 from Australia for grazing purposes, has since become a weed in teak and rubber plantations and poses huge fire hazards in the dry season. What was a good intention at the time has caused many problems for the future, including time, labor, and money.



**Wai Wai Than, a senior researcher in the Forest Protection Section at the Forest Research Institute in Yezin, Myanmar. CREDIT: World Forest Institute.**

Other threats to teak plantations are *Mikania micrantham*, a bittervine accidentally introduced from India in 1962; *Chromolaena odorata*, a flowering shrub in the sunflower family that is native to North America; and *Lantana* species, or shrub verbenas, that are now widely distributed in natural forests, plantations, and fallowed lands.

The weed *Mimosa diplotricha*, an aggressive shrub and climber with sharp, hard thorns, can form dense thickets in a short time. It poses a serious threat to plantations of teak, groundnuts, corn, and some natural lands. The fruit of the mimosa is spiny, and seeds have long viability and produce large numbers of new plants. Appropriate solutions have not yet been found for farmers. More research is necessary to do effective control measures.

With Myanmar's diverse range of aquatic environments, including a large section of coast and many inland freshwater lakes and streams, there are numerous serious aquatic IAS. Water hyacinth, *Echhornia crassipes*, is clogging and drying up lakes and ponds and affecting aquatic animals. The Forest Research Institute in Myanmar has collaborated with Eberswalde University for Sustainable Development in Germany on a project to be implemented in 2015, focusing on the development of converting the water hyacinth into biochar, which is then used as an organic fertilizer. This type of utilization is meant to help control its distribution and hopefully produce a win-win situation. A previous attempt at controlling water hyacinth was with an apple snail biocontrol. This species, *Pomaceae canaliculata*, became a serious pest in paddy fields and floating farms on a major lake, Inlay Lake.



The spread of *Prosopis juliflora*, an invasive alien species in Myanmar, has caused serious losses of native agricultural and grazing lands. Its thorns can injure people and livestock and puncture vehicle tires. CREDIT: Forest & Kim Starr, www.starrenvironmental.com.

There are too many other IAS in Myanmar to describe in this short article. The good news is that the policies of the country today have been changed around invasive species management, and we are trying to be innovative in every sector. There are now some quarantine laws and phyto-certification systems, but these are also in need of review, as revisions need to be made to approach international standards and guidelines. There is also a need for the policymakers to consult with scientists to help address potential ecological and economic impacts prior to introducing new species. There is a lot of room for implementing surveillance and early detection systems that we are not yet doing. In the end, one of the biggest problems around IAS in Myanmar is the absence of public cooperation, awareness, and participation. I hope that this changes with the new direction that the country taking in managing these problems. FS

*Wai Wai Than is a senior researcher in the Forest Protection Section at the Forest Research Institute in Yezin, Myanmar. She is a forest pathologist by training and serves as the national coordinator of the Asia-Pacific Forest Invasive Species Network (APFISN-FAO). She is in the midst of a six-month fellowship at the World Forest Institute (wfi.worldforestry.org), sponsored by the International Tropical Timber Organization. She can be reached at waiwaikyaw2007@gmail.com.*

*Chandalin Bennett, World Forest Institute Program Manager, contributed to this article.*

The FORESTRY SOURCE ,

News for forest resource professionals published by the Society of American Foresters | March 2015 • Vol. 20, No. 3

ဂျာနယ်မှ Daw Wai Wai Than, a senior researcher ၏

In Mynamar, Foresters Battle Invasive Species ဆောင်းပါးကို မူရင်းအတိုင်း ပြန်လည်ကူးယူဖော်ပြထားခြင်းဖြစ်ပါသည်။



ရေဆင်း-ကဝေဝင်း

## Din Bar De!

နိုင်ငံခြားသားတစ်ဦးပေးတဲ့ Seminor တစ်ခုမှာ Power Point နဲ့ ရှင်းပြပြီး နောက်ဆုံးမှာ Din Bar De ဆိုတဲ့ Slide ကိုပြပြီး အဆုံးသတ်လိုက်ပါတယ်။ အဲဒီ Din Bar De ဆိုတဲ့ ဝေါဟာရရဲ့အဓိပ္ပါယ်ကို စာရေးသူက အမျိုးမျိုးစဉ်းစားကြည့်တာ စဉ်းစားလို့ကိုမရနိုင်ပါဘူး။ နောက်နှစ်ရက် သုံးရက်ရှိတော့ အဲဒီပေးတဲ့ နိုင်ငံခြားသားက မြန်မာစကားသင်နေပြီ - တစ်လုံးစ နှစ်လုံးစကြိုးစားပြီးပြောနေတာကို သွားသတိထားရမိတော့မှ- Thank You ပြရမယ့်အစား ကျေးဇူးတင်ပါတယ်လို့ပြချင်တာကို ကျေးဇူးကျွန်ခဲ့ပြီး တင်ပါတယ်- Din Bar De ပဲပြမိတာဖြစ်မယ်လို့ သဘောပေါက်သွားပြီး ပြုံးမိပါတယ်။ သူနဲ့အနီးကပ်နေတဲ့ မြန်မာစကားပြန်ကိုလည်း မှန်မှန်ကန်ကန်သင်ပေးဖို့ သတိပေးရင်း စာရေးသူငယ်စဉ် ကဖတ်ဖူးတဲ့ ဝတ္ထုတိုတစ်ပုဒ်ကို ပြန်ပြီးသတိရမိပါတယ်။

အဲဒီဝတ္ထုက ဆရာကြီးရွှေဥဒေါင်းရဲ့ဝတ္ထုပါ။ (ဆရာကြီးရွှေဥဒေါင်းဆိုတာက အင်္ဂလိပ်ဆန့်ကျင်ရေးတွေရေးတဲ့ စာရေးဆရာကြီး) ရှုမဝနဲ့ မြဝတီ မဂ္ဂဇင်းတစ်ခုခုမှာပါခဲ့တာ၊ ဟိုအရင်အင်္ဂလိပ်ခေတ်က အင်္ဂလိပ်အရေးပိုင်တစ်ယောက်က သူတပည့် ထမင်းချက်ဆီမှာ မြန်မာစကားသင်ပါသတဲ့ ။ တစ်ခါမှာ တာဝန်နဲ့နယ်လှည့်ရင်း ရွာတစ်ရွာက ဗိုလ်တဲမှာနား၊ ညစာစား၊ ရွာခံလူကြီးတွေနဲ့ စကားစမြည်ပြော- နည်းနည်းညဉ့်နက်တော့ အဲဒီအရေးပိုင်မင်းက သူတပည့်ကို "မောင်မင်း-အလောင်းစင်ပြင်လိုက်" လို့အမိန့်ပေးလိုက်တဲ့ အခါ-အားလုံး-အံ့အားသင့်သွားကြပြီး-ဘာပြောလိုက်တာလဲလို့ စဉ်းစားမရဖြစ်သွားကြပါသတဲ့ ။ အဲဒီအချိန်မှာ တပည့်ဖြစ်သူက အရေးပိုင်မင်းကြီးအိပ်ဖို့ အိပ်ရာသွားပြီးပြင်ပေးတဲ့ အခါကျမှပဲ- အမြင်ကတ်ကတ်နဲ့ ဆရာလုပ်တဲ့ သူကို မဟုတ်တရုတ်တွေ သင်ပေးထားမှန်းသဘောပေါက်နားလည်သွားကြပါတယ်-တဲ့ ။

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ၂၀၁၅ ခု ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ ကျွန်းသစ်လုံးအတန်းအစားအလိုက် ပျမ်းမျှဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ(တင်ဒါ)

(အမေရိကန်ဒေါ်လာ)

| စဉ် | အတန်းအစား | ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ | | ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ | | |
|---|---|---|---|---|---|---|
| | | တန်ချိန် | ပျမ်းမျှ တစ်တန်နှုန်း | တန်ချိန် | ပျမ်းမျှ တစ်တန်နှုန်း | တိုးတက်မှု ရာခိုင်နှုန်း |
| ၁ | သစ်ပါးလွှာပထမတန်း (First Quality) | - | - | - | - | - |
| ၂ | သစ်ပါးလွှာဒုတိယတန်း (Second Quality) | - | - | - | - | - |
| ၃ | သစ်ပါးလွှာတတိယတန်း (Third Quality) | - | - | - | - | - |
| ၄ | သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality) | - | - | - | - | |
| ၅ | စက်ခွဲအတန်းအစား(၁) (Sawing Grade-1) | - | - | - | - | |
| ၆ | စက်ခွဲအတန်းအစား(၂) (Sawing Grade-2) | - | - | ၇ | ၄၆၆၇ | |
| ၇ | စက်ခွဲအတန်းအစား(၄) (Sawing Grade-4) | ၈ | ၄၂၆၆ | ၇၄ | ၄၀၇၄ | (-) ၄.၅၀ |
| ၈ | စက်ခွဲအတန်းအစား(၅) (Sawing Grade-5) | ၉ | ၂၅၀၃ | ၃၆ | ၂၈၈၈ | (+) ၁၅.၃၈ |
| ၉ | စက်ခွဲအတန်းအစား(၆) (Sawing Grade-6) | ၁၇ | ၁၂၆၀ | ၃၆ | ၁၇၀၉ | (+) ၃၆.၄၃ |
| ၁၀ | စက်ခွဲအတန်းအစား(၇) (Sawing Grade-7) | ၁၀၀ | ၁၀၆၆ | ၈၅ | ၁၄၇၆ | (+) ၃၈.၄၆ |
| | စုစုပေါင်းရောင်းချတန် | ၁၃၄ | | ၂၃၈ | | |
| | စုစုပေါင်း ဝင်ငွေ (အမေရိကန်ဒေါ်လာသန်း) | | ၀.၁၈၆ | | ၀.၆၂၆ | |

## ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျွန်းသစ်လုံးအတန်းအစားအလိုက် ပျမ်းမျှတစ်တန်ဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ(တင်ဒါ)

(အမေရိကန်ဒေါ်လာ)

| စဉ် | အတန်းအစား | ပျမ်းမျှတစ်တန်ဈေးနှုန်း | | | | | | | | | | | | | ၂၀၁၄-၂၀၁၅ တင်ဒါ (၁၀)သ ပျမ်းမျှတစ်တန်နှုန်း | ၂၀၁၄-၂၀၁၅ တင်ဒါ /၁၁ ပျမ်းမျှတစ်တန်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀၀၁-၀၂ | ၂၀၀၂-၀၃ | ၂၀၀၃-၀၄ | ၂၀၀၄-၀၅ | ၂၀၀၅-၀၆ | ၂၀၀၆-၀၇ | ၂၀၀၇-၀၈ | ၂၀၀၈-၀၉ | ၂၀၀၉-၁၀ | ၂၀၁၀-၁၁ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | | |
| ၁ | သစ်ပါးလွှာပထမတန်း (First Quality) | | | | | ၄၇၉၃ | | | - | - | - | - | - | - | - | - |
| ၂ | သစ်ပါးလွှာဒုတိယတန်း (Second Quality) | | | ၄၉၃၂ | ၅၄၀၀ | ၄၉၄၇ | ၅၀၇၈ | ၇၂၄၃ | ၇၀၀၂ | - | - | - | - | - | - | - |
| ၃ | သစ်ပါးလွှာတတိယတန်း (Third Quality) | | | ၄၇၈၅ | ၄၇၇၈ | ၄၄၆၂ | ၅၁၀၉ | ၆၈၈၆ | ၆၀၄၀ | - | - | ၇၃၅၆ | - | - | - | - |
| ၄ | သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality) | ၃၅၁၄ | ၃၈၂၈ | ၄၂၂၉ | ၄၂၄၃ | ၄၈၉၀ | ၄၁၁၁ | ၆၀၉၆ | ၄၉၂၆ | ၅၀၆၆ | ၆၂၄၃ | ၆၄၁၂ | ၆၀၃၆ | ၆၇၂၀ | - | - |
| ၅ | စက်ခွဲအတန်းအစား(၁) (Sawing Grade-1) | ၂၈၆၁ | ၃၀၃၁ | ၂၅၆၂ | ၂၅၆၆ | ၂၄၆၂ | ၃၁၄၄ | ၃၈၆၆ | ၃၆၈၆ | ၃၅၈၁ | ၄၀၆၂ | ၄၄၉၇ | ၄၃၂၈ | ၄၉၉၀ | - | - |
| ၆ | စက်ခွဲအတန်းအစား(၂) (Sawing Grade-2) | ၁၇၅၇ | ၂၃၄၃ | ၂၀၄၈ | ၂၀၀၀ | ၁၉၆၄ | ၂၃၀၉ | ၃၂၀၆ | ၂၉၇၀ | ၂၉၂၀ | ၃၃၃၇ | ၃၉၆၅ | ၃၆၉၀ | ၄၀၆၃ | ၃၉၃၅ | ၄၆၆၇ |
| ၇ | စက်ခွဲအတန်းအစား(၄) (Sawing Grade-4) | ၁၂၈၄ | ၁၃၈၀ | ၁၂၀၉ | ၁၃၃၅ | ၁၃၈၂ | ၁၇၀၄ | ၂၈၅၉ | ၂၆၀၀ | ၂၄၃၀ | ၂၄၇၁ | ၂၈၄၆ | ၃၀၂၄ | ၃၂၂၆ | ၃၅၅၇ | ၄၀၇၄ |
| ၈ | စက်ခွဲအတန်းအစား(၅) (Sawing Grade-5) | | | | | | | | | | | | | | ၂၇၄၆ | ၂၈၈၈ |
| ၉ | စက်ခွဲအတန်းအစား(၆) (Sawing Grade-6) | | | | | | | | | | | | | | ၂၁၈၇ | ၁၇၀၉ |
| ၁၀ | စက်ခွဲအတန်းအစား(၇) (Sawing Grade-7) | | | | | | | | | | | | | | ၁၇၀၅ | ၁၄၇၆ |

မှတ်ချက်- ၂၀၁၄-၂၀၁၅ ခုနှစ်၊ ( ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ) စုစုပေါင်းရောင်းချတန် - ( ၂၃၈.၁၉၀ ) တန်
၂၀၁၄-၂၀၁၅ ခုနှစ်၊ (၂၀၁၅ ခုနှစ်ဖေဖော်ဝါရီလ ) စုစုပေါင်းဝင်ငွေ - ( ၀.၆၂၆ ) ကန်ဒေါ်လာသန်း

## လင်းယုန် Crested-Serpent Eagle *Spilornischeela*





ဓာတ်ပုံ– ဦးသက်ဇော်နိုင် (WCS)

Family - Accipitridae
Species Name Author - Latham,1790
IUCN Red-List Status - LC

နီလာပွင့်(တောအုပ်)
B.Sc(Zoo) Dip in Environmental Planning& Management

**လင်းယုန်** Crested-Serpent Eagle *Spilornischeela* ငှာနေငှက်အမျိုးအစားဖြစ်သည်။ ၂၄၅၀ မီတာအမြင့်ရှိသော ရွက်အုပ်တောများတွင် တွေ့ရတတ်သည်။ အဓိကအားဖြင့် မြွေများကို စားသောက်တတ်သည်။ ဖေဖော်ဝါရီလ မှ ဧပြီလအတွင်း သားပေါက်သည်။ သစ်ပင်မြင့်များတွင် အသိုက်ဆောက်လုပ်တတ်သည်။ ကုပ်ပေါ်တွင် အမောက်ရှိပြီးကြည့်၍ အလွန်လှသည်။ ကုန်းနိမ့်မြင့်မရွေးအတွေ့ရများသည်။ ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီဒေသများတွင် မှတ်တမ်းဓာတ်ပုံများရရှိပါသည်။ တစ်ကမ္ဘာလုံးတွင်ကောင်ရေ ၁၀၀၀၀၀-၁၀၀၀၀၀၀ အထိရှိမည်ဟု ပညာရှင်များမှ ခန့်မှန်းပါသည်။

